www.burmeseclassic.com

# ဟောင်လျှိုး

မြို့လည်ညှိုးသားစေလိုသော အချစ်၏ မျက်နှာ



Design : [illegible] Htar

www.burmeseclassic.com

www.burmeseclassic.com

# မောင်လှမျိုး ၊ချင်းချောင်းခြံ၊

ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ

ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ
ပြန်လည်နိုးထစေလိုသော အချစ်၏မျက်နှာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အရှင့်မျက်နှာတော်ကို ငါ ဖူးမြော်ပါ၏၊
ထိုအခါတွင် ငါ့မျက်လုံး၌
မျက်ရည်တို့ ရစ်ဝဲတုန်၏။ ။

(ရာဘင်ဒြာနသ်တဂိုး)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



(၁)

"မင်း နာမည် မျိုးအောင်လှိုင်နော်"

"ဟုတ် . . . ဟုတ်ကဲ့ ဆရာ"

"မင်းမှာ အပြစ်ရှိတယ်ဆိုတာငြင်းမလား"

မျိုးအောင်လှိုင်ဆိုသော ကျောင်းသားက ခေါင်းကိုမရဲတရဲ ခါရမ်းသည်။ ဆရာကျော်မြင့်ထွန်းက ကျွန်တော့်ကို တစ်ချက်ငဲ့ကြည့်၏။ ပြီးမှ . . မျိုးအောင်လှိုင်ဆိုသော ကျောင်းသားဘက်သို့လှည့်ကာ . . .

"မင်းကို ဒီဘော်ဒါဆောင်ကနေ ထုတ်ပစ်လိုက်ပြီ။ စာဆက်သင်ခွင့်မပြုနိုင်တော့ဘူး"





ကျွန်တော့် ရင်ထဲ ထိတ်ကနဲ ဖြစ်သွားရသည်။ ကာယကံရှင် ကျောင်းသားလေးအဖို့တော့ ကျွန်တော့်ထက်ပင်ပို၍ ထိတ်ထိတ်လန့်လန့် ဖြစ်သွားရမည်ဟု၊ ကျွန်တော် စာနာသိဖြင့်သိသည်။

ဒသမတန်းစာမေးပွဲက . . သိပ်ပြီးနီးနီးကပ်ကပ် မဟုတ်သေးသော်လည်း ကြိုးစားပမ်းစားရည်မှန်းချက်ကြီးကြီးဖြင့် ဖြေဆိုမည့်သူများအတွက်တော့ လွန်စွာအားထုတ်ရမည့်အချိန်ဖြစ်သည်။ ဒီလိုအချိန်အခါမျိုးမှာ ဒသမတန်းစာမေးပွဲကို ဝင်ရောက်ဖြေဆိုမည့် ကျောင်းသားတစ်ယောက် ဘာမဟုတ်သည့်ကိစ္စဖြင့် ပညာရေး အဟာန့်အတားဖြစ်မည်ကို ကျွန်တော် မလိုလား။

ဆရာကျော်မြင့်ထွန်းလည်း လိုလားလိမ့်မည်မဟုတ်ကြောင်း . . ကျွန်တော် သိသည်။ အပြစ်ရှိသော ကျောင်းသားကို အပြစ်ပေးခြင်းဟုသာကျွန်တော် သိသည်။

"အဲဒီတော့ မင်းမိဘကို မင်း အကြောင်းကြားမလား။ ငါတို့ ကြားရမလား"

ကျောင်းသားလေးထံမှ တုန့်ပြန်သံမထွက်။ ခေါင်းငုံ့ထားသည်မှာသနားစရာ။

"ပြောလေကွာ . . . ။ မင်း မိဘတွေကိုမင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



အထုပ်အပိုးတွေသယ်ဖို့ လှမ်းခေါ်လိုက်"

ဆရာကျော်မြင့်ထွန်းက စကားပြောခွက်ကို လှမ်းပေးနေသည်။ ဤနေရာ၊ ဤဌာနသည် ကျွန်တော့်နေရာ၊ ကျွန်တော့်ဌာနဖြစ်သော်လည်း ဆရာကျော်မြင့်ထွန်းကို တချို့သောလုပ်ပိုင်ခွင့်များ ကျွန်တော်ပေးထားသည်။ တခြားဆရာ၊ ဆရာမများက,တော့ စာသင်ပေးရုံသက်သက်။

"ဒီနေ့ ယောက်ျားလေး ဘော်ဒါဆောင်က, ကျောင်းသားတစ်ယောက်ကို အရေးယူစရာရှိတယ်ဆရာ" . . ဟုသာ၊ ဦးကျော်မြင့်ထွန်းက ကျွန်တော့်ကို ပြောထားရသေးသည်။ ဘာကိစ္စလဲ၊ ဘာအပြစ်လဲ၊ ဘာကို အရေးယူမှာလဲဆိုတာတွေကို ကျွန်တော် နှိုက်နှိုက်ချွတ်ချွတ် မမေးဖြစ်။

အခြားတစ်နေရာရှိ ကျွန်တော့်အမည်ဖြင့် ဖွင့်ထားသောကျူရှင်တွင် တစ်နေကုန်နီးပါး ကျွန်တော် စာပြရသည်။ ရန်ကုန်မြို့အပါအဝင် နယ်အသီးသီးမှ သီးသန့်သင်ကြားလိုသော ကျောင်းသားကျောင်းသူများအတွက် ဘော်ဒါဆောင်ထားပြီး ထိုကျောင်းသား ကျောင်းသူများကိုလည်း သင်ကြားရသေးသည်။ မိန်းကလေးဘော်ဒါဆောင်၊ ယောက်ျားလေးဘော်ဒါဆောင် ပုံမှန်ဆက်ရှင်ဟုခေါ်သော ကျူရှင်ခန်းတို့သည် တစ်နေရာစီ ရှိကြ၏။ တစ်ခုနှင့်တစ်ခု သိပ်မနီးမဝေး။

ဘော်ဒါဆောင်ကျောင်းသား၊ ကျောင်းသူများသည် စာသင်ချိန်





ကျောင်း ပြင်ပသို့ထွက်၍ သင်စရာမလို။ အိပ်ခန်းများ၏အပေါ်ထပ်သည် စာသင်ဆောင်ဖြစ်သည်။ ဆရာ၊ ဆရာမများက အလှည့်ကျ ဝင်ရောက်သင်ကြားပေးရုံသာဖြစ်သည်။ စားချိန်၊ အိပ်ချိန်၊ စာကျက်ချိန်၊ စာသင်ချိန်၊ ကျန်းမာရေးကိစ္စ . . အဝဝကို ကျွန်တော်နှင့်ဆရာ ဦးကျော်မြင့်ထွန်းတို့ နှစ်ယောက်တည်းတိုင်ပင်ဆုံးဖြတ်စီမံခဲ့ကြခြင်းဖြစ်သည်။

လိုအပ်သော ဝန်ထမ်းများကိစ္စ၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စနှင့် စာရင်းဇယားကိစ္စများကို ဦးကျော်မြင့်ထွန်းသာ ဒိုင်ခံဖြေရှင်းသည်။ လိုအပ်သည့်အချိန်ကာလရောက်မှသာ ကျွန်တော့်ထံသို့ အစီရင်ခံသည်။ သူလုပ်သမျှကို ကျွန်တော် ကန့်ကွက်ခြင်းမရှိ။ ကျွန်တော်ဖြစ်လိုသမျှကိုလည်း သူ ငြင်းဆန်ခြင်းမရှိ။

BURMESE CLASSIC .com

"ယူလေကွာ . . မင်းအိမ်ကို ဖုန်းဆက် ရော့"

"ကျွန်တော့်အိမ်က ဘယ်သူမှလာနိုင်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့ မလာနိုင်ရမှာလဲ။ မင်း . . ကလိန်ကကျစ်မလုပ်နဲ့နော်"

"ကျွန်တော့်အန်တီမေက . . နေမကောင်းဘူး ဘွားဘွားက လူနာစောင့်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မိဘတွေကကော"

"ဖေဖေရယ် . . . မေမေရယ် . . . အန်တီမေ့ယောက်ျားရယ် . . ဘိုးဘိုးရယ်က ကားမှောက်ပြီး ဆုံးသွားကြပြီ"

လိမ်ညာနေသော စကားမဟုတ်နိုင်ဟု၊ ကျွန်တော် ခန့်မှန်းမိသည်။

"အန်တီမေ" ဆိုတာ ဘယ်သူလဲဟု၊ ကျွန်တော် ဝင်မေးသည်။ မျိုးအောင်လှိုင်က ကျွန်တော့်ကို အသေအချာကြည့်သည်။

"ကျွန်တော့်မေမေရဲ့ ညီမ"

"သူ့ကိုခေါ်လို့ မရနိုင်ဘူးလား"

ခေါင်းခါရမ်းပြီး . . .

"အန်တီမေက အရမ်းနေမကောင်းဖြစ်နေတာ"

"မင်းကို ဒီမှာလာအပ်တုန်းက ဘယ်သူလာအပ်တာလဲ"

"ဘွားဘွား"

လူကြီးသူမကို တကူးတကခေါ်ယူတိုင်တန်းဖို့ မသင့်လျော်ဟု၊ ကျွန်တော် ယူဆသည်။ ဘာပြဿနာဆိုသည်ကို ရေရေရာရာမသိသေး





သဖြင့်လည်း ကျွန်တော် မည်သည့်ဆုံးဖြတ်ချက်မှ မပေးနိုင်သေးချေ။

"ဆရာ"

ဦးကျော်မြင့်ထွန်းကို ကျွန်တော်ခေါ်သည်။ ပြီးနောက်၊

"ဆရာ . . သူတို့ထမင်းစားချိန်နီးပြီလား"

"ဟုတ်ကဲ့ . . နီးပြီ ဆရာ"ဟု၊ ဦးကျော်မြင့်ထွန်းက ကျွန်တော့်ကို ပြောသည်။ မျိုးအောင်လှိုင် မျက်နှာကို ကျွန်တော် သေသေချာချာ စေ့စေ့စပ်စပ်ကြည့်ရင်း . . .

"မင်း မိဘတွေ မရှိတော့ဘူးဆိုတာရယ်။ မင်းအိမ်က တစ်ယောက်မှလာနိုင်မှာ မဟုတ်ဘူး ဆိုတာရယ် . . အဲဒီစကားတွေဟာ မင်း အမှန်အတိုင်းပြောတာ ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ဆရာ"

"သေချာရဲ့လား"

"သေချာပါတယ် ဆရာ"

"ဒါဆိုရင် . . မင်း အခု ထမင်းသွားစားတော့ ထမင်းစားပြီးရင် အတန်းရှိသေးလား"

"အနားယူချိန်ပါ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . အဲဒါဆို ထမင်းစားပြီးတာနဲ့ မင်း . . ဒီကိုပြန်လာ။ မင်းကို ဘယ်လိုအရေးယူရမလဲဆိုတာ ဒီက ဆရာ ဦးကျော်မြင့်ထွန်းနဲ့ ဆွေးနွေးလိုက်ဦးမယ်"

"ကဲ . . . ထမင်းသွားစား" ဟု၊ ဦးကျော်မြင့်ထွန်း ပြောသည်။ မျိုးအောင်လှိုင်က လေးပင်သောခြေလှမ်းများဖြင့် တရိုတသေ ထွက်ခွာသွား၏။

"ဒီကောင်လေးက ဆိုးသလားဆရာ"

ဦးကျော်မြင့်ထွန်းက စီးကရက်ကို မီးညှိပြီး . . .

"ဆိုးဆိုးရွားရွားတော့ မဟုတ်ပါဘူး ဆရာ။ နောက်နောက်ရွှတ်ရွှတ်နိုင်တယ်။ ဆရာလည်း ကြုံဖူးမှာပေါ့။ စာသင်နေတုန်း ဆရာတွေကို မကြားတကြား ဒိုင်ခံပြီး ပြန်ပြန်ချေပနေတာ သူပေါ့"

ကျွန်တော် အသေအချာ နားစိုက်ထောင်သည်။





"အနားပေးချိန်၊ အိပ်ချိန်တွေမှာ . . သူ မအိပ် မချင်းအနားက ကျောင်းသားတွေမအိပ်ကြဘူး။ သူပဲ ရယ်စရာ ထိုင်ပြောနေတာ . . ။ ဟိုတလောက,လည်း မြန်မာစာဆရာမက တိုင်တယ်"

"ဘာဖြစ်လို့လဲ"

"သီတာခုနစ်တန်ဆိုတာ ဘာလဲလို့ . . မေးတာ သူက ထ,ဖြေတယ်တဲ့။ ဒါပေမဲ့ . . ဗလွတ်ရွတ်တဖြေတာ"

"ဘယ်လိုဖြေတာလဲ"

"သီတာခုနစ်တန် ဆိုတာ . . . မယ်သီတာရဲ့ ကိုယ်အလေးချိန်တဲ့"

ကျွန်တော် မရယ်မိအောင် စိတ်ထိန်းလျက် နားထောင်သည်။

"ဟိုးတစ်ခါတုန်းကလည်း . . သူ့ လက်ထဲမှာ ပက်(ပ)စီပုလင်းတစ်ပုလင်းကိုင်လာလို့ ဒီကစာရေးက တောင်းသောက်တာ, တစ်ခါတည်း သီးလို့မဆုံး ဖြစ်သွားတယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပက်(ပ)စီနဲ့ ငံပြာရည်နဲ့ ရောပြီး . . . သူများ မသောက်ချင်သောက်ချင်အောင် ပုလင်းတကိုင်ကိုင်နဲ့ လုပ်နေတာတဲ့လေ . .။ စာရေးက တောင်းသောက်တော့, စာရေး ခံရတာပေါ့"

ပြုံးချင်မိသော စိတ်ကို ကျွန်တော်ထိန်းလိုက်ရသည်။

"ပျော်ပျော်နေတတ်တယ် ထင်ပါရဲ့။ ဒါနဲ့ အဲဒီ ချာတိတ်က စာရေလိုက်နိုင်ရဲ့လား"

"အင်း . . စာတော့တော်တယ်ဆရာ"

မျိုးအောင်လှိုင်၏မျက်နှာကိုမြင်ယောင်ရင်း ကျွန်တော် စူးစိုက်စွာ စဉ်းစားသည်။ ပြီးမှ . . .

"ဆရာ ဦးကျော်မြင့်ထွန်း ကျွန်တော် . . အခုမှ မေးရအုံးမယ်။ ဒီ မျိုးအောင်လှိုင်ဆိုတဲ့ကောင်လေးက လောလောဆယ် ဘာအမှုကျူးလွန်တာလဲ . .။ မူးယစ်ဆေးဝါးတွေ ဘာတွေနဲ့များ ပတ်သတ်နေသလားဆရာ"

"အဲဒါတော့ . . မဟုတ်ဘူးဆရာ။ ဟိုဘက်လမ်း ပုံမှန်ဆက်ရှင်က ကျောင်းသူတစ်ယောက် . . ကျောင်း အဆင်းမှာ မျက်နှာတည့်တည့်ကနေ ဓာတ်ပုံသွားရိုက်





တယ်"

"အဲဒီ မျိုးအောင်လှိုင်က ရိုက်တာ"

ကျွန်တော် . . တအံ့တသြ မေးသည်။ ဆရာ ဦးကျော်မြင့်ထွန်းက . . .

"ဟုတ်တယ် အဲဒီ မျိုးအောင်လှိုင်က ရိုက်တာ။ ရိုက်တာမှ မျက်နှာနဲ့အနီးကပ်ကို ရိုက်တာ။ ဖလင်တစ်လိပ်လုံးနီးပါးပဲ။

ကာယကံရှင်ကျောင်းသူက . . . ကျွန်တော့်ကို လာတိုင်မှ ကျွန်တော်သိရတာ။ အဲဒါကြောင့် . . သူ့ကို ခေါ်မေးတော့ . . သူက ဝန်ခံတယ်။ ကင်မရာနဲ့ ဖလင်လိပ်ကို ကျွန်တော် သိမ်းထားတယ်"

"ဘာကြောင့် အခုလိုလုပ်ရတာလဲဆိုတာ မေး မကြည့်ဘူးလား"

"မေးတယ် ဆရာ။ ဒါပေမဲ့ . . သူ မှားပါတယ် ဆိုတာရယ်၊ လိုက်နှောင့်ယှက်တာ မဟုတ်ဘူး ဆိုတာရယ်ပဲ ပြောတယ်။ မင်းကို ကျောင်းထုတ်ပစ်မယ် ပြောတော့ ထုတ်ချင်လည်း ထုတ်ပါတဲ့။ ဒါပေမဲ့ . . ဖလင်



www.burmeseclassic.com

www.burmeseclassic.com



လိပ်တော့ ပြန်ပေးပါတဲ့"

"အကြောင်းတော့ ရှိလိမ့်မယ်ထင်တယ်"

"မပြောတတ်ဘူး ဆရာ။ ကျွန်တော်က,တော့ သူ့ကို ကျောင်းထုတ်လိုက်ချင်တယ်။ ဒီလိုကျောင်းသား ကြောင့် တခြားနီးစပ်ရာကျောင်းသားတွေပါ အနှောင့် အယှက်ဖြစ်နိုင်တယ်။ ဆရာ ကိုဝေယံလင်းဆီက ခွင့် ပြုချက်မရသေးလို့ ကျွန်တော် မဆုံးဖြတ်သေးတာပါ"

"ကျွန်တော်က မထုတ်ပါနဲ့ ပြောရင် ဆရာ့အနေနဲ့ ကျွန်တော့် ကို ကျေနပ်ပါ့မလား" ဟု ကျွန်တော် မေးသည်။

"မကျေနပ်စရာတော့ မဟုတ်ဘူးပေါ့ဆရာရယ်။ ဒါပေမဲ့ . . ဒီကောင်လေး ရောင့်တက်သွားနိုင်တယ်"

ကျွန်တော်က . . .

"သိပ်အဆိုးအရွားကြီး မဟုတ်နိုင်ဘူးလို့ . . . ကျွန်တော် ထင်တယ်ဆရာ။ အခြေအနေကို ကျွန်တော် ဝင်ထိန်းချင်တယ်။ စာမေးပွဲကလည်း သိပ်မဝေးတော့ ဘူးဆိုတော့ မနစ်နာစေချင်ဘူး။ ဆရာ့ လုပ်ပိုင်ခွင့်ကို ဝင်စွက်ဖက်တာမျိုးတော့ မဟုတ်ဘူးနော် ဆရာ"





"ဒါတွေပြောနေဖို့ မလိုပါဘူး ဆရာ။ ဆရာ့ ဆုံးဖြတ်ချက်ဟာ ကျွန်တော့် ဆုံးဖြတ်ချက်ပဲပေါ့"

"ဒါဆိုရင် ကျွန်တော် မျိုးအောင်လှိုင်နဲ့ စကား ပြောမယ်"

ဆရာ ဦးကျော်မြင့်ထွန်း ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ဆရာဦးကျော်မြင့်ထွန်းက ခပ်လှမ်းလှမ်းတွင် စီးကရက်ဖွာနေသည်။ မျိုးအောင်လှိုင်က ကျွန်တော့် ရှေ့တည့်တည့်တွင်, တရိုတသေနေ၏။

"မင်းနဲ့ ဆရာနဲ့ စကားပြောမယ်။ ဆရာမေးဘာကို၊ မင်း ပွင့်ပွင့်လင်းလင်းဖြေရမယ်။ ဖြေမယ် မဟုတ်လား မောင်မျိုးအောင်လှိုင်"

"ဟုတ်ကဲ့ ဖြေပါ့မယ်ဆရာ"

"မင်း ရှုတ်နောက်နောက်နေတတ်တယ်ဆို . . အဲဒါ ဟုတ်သလား"

"ဟုတ်ပါတယ် ဆရာ"





"မင်း ဒီကို စာသင်ဖို့လာတာမဟုတ်လား . . ။ ဘာဖြစ်လို့ အဲဒီလိုနေရတာလဲ"

ကျွန်တော့်ကို မျက်နှာငယ်လေးနှင့် ကြည့်နေသည်။

"ကျွန်တော် စိတ်မညစ်ချင်လို့ပါ ဆရာ"

ရင်တွင်းမှလာသော စကားသံဟု သိသည်။

"ဘာဖြစ်လို့ စိတ်မညစ်ချင်တာလဲ။ ပြော ဆရာ့ကို မင်းရင်ထဲမှာ ရှိတဲ့အတိုင်းပြော"

"ကျွန်တော် တောင်ကြီးမှာနေတာပါ ဆရာ။ တောင်ကြီးမှာ ဖေဖေရယ်၊ မေမေရယ်၊ ကျွန်တော်ရယ် သုံးယောက်ထဲ နေတာပါ။

လွန်ခဲ့တဲ့ နှစ်နှစ်လောက်က . . တောင်ကြီးကို မေမေ့ရဲ့ ညီမ အန်တီမေရယ် . . သူ့ယောကျ်ားရယ် ဘိုးဘိုးရယ် အလည်လာကြတယ်။ အပြန်ကျတော့ . . ကျွန်တော်တို့ မိသားစုပါ ရန်ကုန်ကိုလိုက်ခဲ့ကြတယ်။ ရွှေညောင်နဲ့ ဟဲဟိုးကြားမှာ ကားမှောက်တယ်။

ကျွန်တော်နဲ့အန်တီမေက,လွဲပြီး ကျန်တဲ့လူတွေ အကုန်သေကုန်တယ် ဆရာ။ အဲဒီအဖြစ်အပျက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ကျွန်တော် အခုထိမေ့လို့မရဘူး။ အဲဒီ့တုန်းက . . ကျွန်တော် ရှစ်တန်းအောင်ပြီးကာစ၊ ကိုးတန်းတက်တဲ့ တစ်နှစ်လုံး ကျွန်တော်နဲ့အတူ တောင်ကြီးမှာ အန်တီမေ လာနေပေးတယ်။ အခု့ဒီနှစ် အန်တီမေ အသည်းကင်ဆာဖြစ်တယ်၊ ရန်ကုန်မှာ ဆေးလာကုရင်း ဆယ်တန်းစာမေးပွဲကို ကျွန်တော် ရန်ကုန်မှာပဲဖြေရမှာ . .၊ အမှန်အတိုင်းပြောရရင် အန်တီမေလည်း သေတော့မှာပါ ဆရာ။ အိမ်မှာနေရင် ကျွန်တော့် စာကျက်ပျက်မှာ စိုးလို့ ဒီမှာ ဘော်ဒါဆောင်လာထားတာပါ။ အန်တီမေ လာနေခိုင်းလို့ ဘွားဘွားက လာအပ်ပေးရတာပါ။

ဘဝကိုပြန်တွေးမိတိုင်း ကျွန်တော် ငိုချင်တယ် ဆရာ။ ငိုမိမှာစိုးလို့ ကျွန်တော် စိတ်ကို အမြဲတမ်း ရွှင်ရွှင်ပျပျ ထားနိုင်အောင်နေတာပါ"

သူ့နားလည်သလောက်၊ ပြောတတ်သလောက် ပြောပြရှာသော လူငယ်တစ်ယောက်၏ ဝေဒနာကို ကျွန်တော်သိမြင်လိုက်ရ၏။

"ကျောင်းသူတစ်ယောက်ရဲ့ ရှေ့တည့်တည့်ကနေ သူ့မျက်နှာကို ဓာတ်ပုံသွားရိုက်တာတော့ . . ရယ်စရာ





မကောင်းဘူး။ ပျော်စရာ မကောင်းဘူးထင်တယ် . . မောင်မျိုးအောင်လှိုင်"

"ကျွန်တော် မှားပါတယ်ဆရာ။ ဒါပေမဲ့ အဲဒါ အပျော်အပျက်လုပ်တာ မဟုတ်ပါဘူး"

"အပျော်အပျက်လုပ်တာမဟုတ်ဘူးဆိုတော့ . . အတည်လုပ်တာပေါ့ ဟုတ်လား"

"မဋ္ဌဖြပါရစေနဲ့ ဆရာ။ အဲဒီ့ ကောင်မလေးရဲ့ ဓာတ်ပုံပါတဲ့ဖလင်လိပ်ကိုပဲ ဖြစ်နိုင်ရင် . . ကျွန်တော် လိုချင်ပါတယ်"

ကျွန်တော် နှုတ်ခမ်းတွန့်ရုံပြုံးဖြစ်သည်။

"မင်းကို . . ဆရာဦးကျော်မြင့်ထွန်းက ကျောင်းထုတ်မှာတဲ့။ မင်း ဘယ်လိုအယူခံဝင်မလဲ"

"အန်တီမေ့မသေခင် . . ကျွန်တော် ဆယ်တန်းအောင်အောင် ဖြေချင်တယ် ဆရာ။ ဒီကနေ ကျောင်းထုတ်လိုက်ရင်လည်း ကျွန်တော် အောင်အောင် ဖြေရမှာပါပဲ"

"ဆယ်တန်းစာမေးပွဲကို ဂုဏ်ထူးတွေအများကြီး



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အောင်,အောင်ဖြေနိုင်ပါ့မယ်လို့ မင်း ဆရာ့ကိုကတိ ပေးရဲလား"

"ကျွန်တော်ကိုယ် ကျွန်တော်လည်း ကတိပေးပြီး သားပါ ဆရာ။ ဆရာ့ကိုလည်း ကတိပေးပါတယ်"

"ဒီလိုဆိုရင် . . မင်းနဲ့ဆရာနဲ့ အပေးအယူလုပ်မယ်။ စာမေးပွဲကို ဘာသာစုံထူးထူးချွန်ချွန်ဖြေနိုင်ခဲ့ရင် မင်းလိုချင်တဲ့ ဖလင်လိပ်ကို ဆရာပေးမယ်။ ဒီအတော အတွင်းမှာတော့ မင်း ဘယ်အပြစ်မျိုးကိုမှ မကျူးလွန်ရဘူး။ ဘယ့်နှယ့်လဲ"

"ကျွန်တော် လက်ခံပါတယ်ဆရာ"

"ဒါဆိုရင် . . ဒီညနေစာသင်ချိန်ပြီးတာနဲ့ မင်း အိမ်ကို ဆရာ့ကားနဲ့သွား။ မင်း ဘွားဘွားကို ခေါ်လာခဲ့၊ ဆရာကိုယ်တိုင် လိုက်ဖို့လိုလား"

"ကျွန်တော် အတတ်နိုင်ဆုံး ခေါ်လာခဲ့ပါ့မယ် ဆရာ။ ဆရာ့ ကျွန်တော့်ကို မယုံရင်လဲ လိုက်ခဲ့ပါ"

"ယုံပါတယ်ကွာ . . မင်းက ယောကျ်ားပဲ။ ကျူး လွန်ရဲရင် ရင်ဆိုင်ရဲရမှာပေါ့။ ကဲ . . မင်းသွားတော့၊





အဲ . . နေဦး၊ နောက်နောင် ဒီလိုအပြစ်မျိုး မကျူးလွန်မိအောင် နေပါ့မယ်လို့ . . ဆရာဦးကျော်မြင့်ထွန်းကိုလည်း၊ မင်း . . ကတိပေးပြီး တောင်းပန်လိုက်ဦး။

သူက မင်းကိုကျောင်းထုတ်မှာ၊ ဆရာက မင်းအတွက် ကြားထဲက တာဝန်ယူပြီး တောင်းပန်ထားရတာ"

"ဟုတ်ကဲ့ပါ ဆရာ"

ဆရာ ဦးကျော်မြင့်ထွန်း၏ ရှေ့တွင် မျိုးအောင်လှိုင် သွားရပ်သည်၊

"ကျွန်တော် တောင်းပန်ပါတယ်ဆရာ . . ၊ နောက်ထပ် ကျွန်တော် ဘာအပြစ်မှ မကျူးလွန်တော့ပါဘူး။ ကျွန်တော် ကတိပေးပါတယ်ဆရာ။ ကျွန်တော့်ကို စိတ်မဆိုးဖို့လည်း ကျွန်တော် ရှိခိုးပြီး တောင်းပန်ပါတယ် ဆရာ"

ဆရာဦးကျော်မြင့်ထွန်းကို ကန်တော့သည်။ ကန်တော့ပြီးသော အခါ ဆရာဦးကျော်မြင့်ထွန်းက . . .

"ရပါတယ်ကွာ။ ဆရာ စိတ်ဆိုးလို့ အရေးယူ



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ပါဘူး။ တာဝန်ဝတ္တရားအရ အပြစ်ပေးတာပါ။ ကဲ . . ကဲ . . သွားတော့ သွားတော့ စာသင်ချိန်နောက်ကျနေမယ်"

ကျွန်တော်တို့ ရှေ့မှ . . မျိုးအောင်လှိုင် **ထွက်ခွာသွားသည်။** ကျွန်တော့် ရင်ထဲတစ်ခုခုကို ခံစားထွေးပွေ့ထားရသကဲ့**သို့ရှိ၏။**

ညနေစောင်းသောအခါ မျိုးအောင်လှိုင်, **လာသည်။** ဒရိုင်ဘာလက်ထဲသို့ ကားသော့ထည့်ရင်း ကျွန်တော်က . . .

"ဝင်ဒါမီယာထဲကို သူ့ကို လိုက်ပို့လိုက်"

ကားဒရိုင်ဘာနှင့် မျိုးအောင်လှိုင်တို့ ထွက်ခွာသွားသောအခါ ဆရာဦးကျော်မြင့်ထွန်းက . . .

"ဆရာ ကိုဝေယံလင်း"

"ပြောလေ ဆရာ။ ဘာပြောမလို့လဲ"





"ပြောမလို့ မဟုတ်ဘူးဗျ။ မေးမလို့"

"မေးပါ ဆရာ"

"ပုံမှန်တန်းခွဲတွေမှာရော၊ ဒီဘော်ဒါတန်းခွဲတွေမှာရော၊ ကျောင်းသားကျောင်းသူတွေ အများကြီးရှိတဲ့အထဲက . . အပြစ်ကျူးလွန်ထားပါတယ်ဆိုတဲ့ ကျောင်းသားကိုမှ ဆရာ ဘာကြောင့် ခွင့်လွှတ်လိုက်ရတာလဲ။ ဒီမေးခွန်းက စိတ်ဆိုးလို့ မကျေနပ်ဖြစ်လို့ မေးတာမျိုး မဟုတ်ဘူးနော် ဆရာ။ ဆရာ့ကို ကျွန်တော် နားလည်ရခက်သွားလို့ . . "

ကျွန်တော် ကြည်လင်စွာပြုံးသည်။ ပြီးမှ . . .

"ဆရာ့မေးခွန်းကို ကျွန်တော်မဖြေခင် . . ဆရာ့ကို ကျွန်တော် တစ်ခုလောက် ပြန်မေးပါရစေ"

ဆရာဦးကျော်မြင့်ထွန်းက ကျွန်တော့်ကို အသေအချာ ကြည့်သည်။

"ဆရာ ကျွန်တော့်ကို ဘယ်လိုမြင်သလဲ"

"ဘာကို ဆိုလိုတာလဲ ဆရာ" . . ဟု၊ ဦးကျော်မြင့်ထွန်းက ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ကျွန်တော့် အနေအထိုင်၊ အပြော အဆို၊ အမူအကျင့်၊ စိတ်နေသဘောထား, နောက်ပြီး လက်ရှိရောက်နေတဲ့ အဆင့်အတန်း၊ အကုန်ပေါ့ဗျာ။ မြင်သလောက် ပြော"

ဦးကျော်မြင့်ထွန်းက မျက်လုံးကိုမှေးလျက် စီးကရက်ဖွာရင်း,

"ဆရာ ဝေယံလင်းက လူတော်တစ်ယောက်ပါပဲ။ အရွယ်နဲ့မမျှအောင် တော်တယ်။ စီးပွားရေးအရ ပြောရရင်လည်း အရွယ်နဲ့မလိုက်အောင် ချမ်းသာနေပြီ။ ဂုဏ်သတင်းအရလည်း မြင့်မားနေပြီ။

'ဝေယံလင်းရိပ်' ဆိုတဲ့ ပညာရေးဝန်ဆောင်မှုလုပ်ငန်းဆိုတာကို မသိတဲ့သူမရှိလောက်အောင် ထွန်းတောက်နေပြီလေ . . ။

အနေအထိုင် တည်ကြည်တယ်။ အမူအကျင့် တည်ငြိမ်တယ်။ စိတ်နေသဘောထား မွန်မြတ်တယ်။ ပေါ့ပေါ့နေ ပေါ့ပေါ့စား ဆိုတာမျိုး၊ လုပ်လည်း မလုပ် မလုပ်ဘူး၊ ပြောလည်း မပြောဖူးဘူး။ ကျွန်တော် အဲဒီလို မြင်တယ်"





"ခင်ဗျား မြင်တာမှန်ပါတယ် . . ကိုကျော်မြင့်ထွန်း။ ဒါပေမဲ့ . . ခင်ဗျားမြင်တဲ့ ဝေယံလင်းဟာ အခု ဝေယံလင်းကို မြင်တာပါ။ ဟိုးတုန်းက . . ကျွန်တော် ဝေယံလင်းကို ခင်ဗျား မမြင်ဖူးခဲ့ဘူး။ ဟိုးတုန်းက . . ကျွန်တော် ဝေယံလင်းဟာ စောစောက မျိုးအောင်လှိုင်ထက် ဆိုးခဲ့တယ်"

"မျိုးအောင်လှိုင်ထက် ဆိုးတယ် . . ဟုတ်လား"

"ဟုတ်တယ် ဆရာ။ မျိုးအောင်လှိုင်တို့ အရွယ်လောက်တုန်းက လောကကြီးကို ရယ်စရာလို့ပဲ သတ်မှတ်ခဲ့ဖူးတယ်"

"ဟုတ်ရဲ့လား ဆရာရယ် . . ။ ကျွန်တော် ယူဆထားတာက,တော့ ငယ်ငယ်တုန်းက ပေါ့ပျက်ပျက်နေတဲ့သူဟာ အရွယ်ရောက်လာရင်လည်း ပေါ့ပျက်ပျက်ဖြစ်လိမ့်မယ်လို့ ယူဆထားတာ"

"ဆရာ့ယူဆချက်က မှန်သင့်သလောက်တော့ မှန်မှာပါ။ ကျွန်တော့်ယူဆချက်က,တော့ အရာရာဟာ အကြောင်းကြောင်းကြောင့် ဒါမှမဟုတ် တစ်စုံတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ပြောင်းလဲနိုင်တယ်ဆိုတာပဲ။ အဲဒီ ယူဆချက်ကြောင့်လည်း မျိုးအောင်လှိုင်ကို ကျွန်တော် နားလည်ပေးလိုက်တာပေါ့"

"ဆရာပြောတဲ့အတိုင်းဆိုရင် ဆရာဖြတ်သန်းလာရတဲ့ ခရီးလမ်းလေးက . . စိတ်ဝင်စားစရာကောင်းကောင်းနေပြီ။ ပြောပြလို့ဖြစ်ရင် ပြောပြပါလားဆရာ၊ တိတိကျကျ မသိရသေးခင်တောင် . . ကျွန်တော့်မှာ မျက်စိလည်ချင်နေပြီ"

ဆရာ ဦးကျော်မြင့်ထွန်းက ပြုံးလျက်ပြောသည်။

"မျက်စိလည်စရာတော့ မဟုတ်ပါဘူးဗျာ . . ။ ဒါပေမဲ့ . . ခံစားတတ်မယ်ဆိုရင်တော့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လောက်တော့ ဖြစ်မှာပေါ့"

"ဝတ္ထုဆန်ရင်တော့ ပိုပြီး စိတ်ဝင်စား ခံစားနားထောင်ရတာပေါ့" ဟု၊ ဆရာကျော်မြင့်ထွန်း ပြောသည်။

"ဝတ္ထုဆန်ဆန်ပြောမယ်ဆိုရင် အဲဒီဝတ္ထုထဲမှာ ကောင်မလေးတစ်ယောက်အကြောင်းပါ ထည့်ပြောရလိမ့်မယ်"





"ကောင်မလေးတစ်ယောက်ပါတယ် . . ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်လိုက်သည်။ စီးကရက်တစ်လိပ်ကို ထုတ်ယူ မီးညှိပြီး . . .

"ဟုတ်တယ် . . ။ အဲဒီ ကောင်မလေး နာမည်က ခိုင်တဲ့၊ နာမည် အပြည့်အစုံကတော့ ခင်ကေခိုင်ပေါ့ဗျာ"

ရင်မှာ လှုပ်ခနဲဖြစ်သွားရသည်။

အရာရာသည် အိပ်မက်မဟုတ်ခဲ့မှန်း အခုမှပို၍ သိလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို ကြိုက်သလောက်မုန်း . . ကမ္ဘာတည်သရွေ့မုန်း။ ငါက,တော့ နင် ချစ်လာအောင် အမြဲတမ်း ကြိုးစားနေမယ်။ အဲဒါပါပဲ ခင်ကေခိုင်"



(၃)

အသေအချာ စဉ်းစားကြည့်မည်ဆိုလျှင် . . ခိုင်နှင့်ကျွန်တော်သည် အလယ်တန်းကျောင်းသားဘဝကတည်းက တစ်တန်းတည်း တစ်ကျောင်းတည်း ဖြစ်နေလိမ့်မည်ထင်၏။

ဒါပေမဲ့ ထိုစဉ်က ခင်ကေခိုင်ဟုခေါ်သော ခိုင့်ကို ကျွန်တော်သတိမပြုမိခဲ့ချေ။ ခိုင့်ကို မြင်တွေ့သိကျွမ်းလိုက်ရသည်က,တော့ ဒသမတန်း နှစ်ဦးပိုင်းတွင်ဖြစ်သည်။

ယခင်နှစ် နဝမတန်းတွင် ဂုဏ်ထူးနှစ်ဘာသာဖြင့် အောင်မြင်သောကြောင့် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဆုပေးပွဲတွင် ကျွန်တော် ဆငွေမဆုရမည်ဟု သိထားသည်။ ပထမဆုံးကို . .



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲက ကောင်မလေးတစ်ယောက်ရသည်ဟုလောက်သာ ကျွန်တော် သတိထားဖြစ်သည်။ ထိုကောင်မလေးမှာ . . ခင်ကေခိုင်ဟု၊ ကျွန်တော် မသိခဲ့၊ သိပ်လှသော ခိုင်ဟုလည်း သတိမမူဖြစ်ခဲ့သေး။

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ဆုပေး အခမ်းအနားတွင် ကျောင်းတွင်း ဘင်ခရာတပ်ဖွဲ့၊ ကျောင်းတွင်း အနုပညာ အသင်းတို့မှ ယိမ်းအက၊ တစ်ပင်တိုင်အက၊ သူငယ်တော်အက စသည် ဖြင့် ဖျော်ဖြေကြလေ့ရှိသည်။

ပထမဆုရသော . . တစ်ကျောင်းလုံးမှာ အလှဆုံးဖြစ်သော . . ကျွန်တော်တို့ အတန်းထဲက ကောင်မလေးခင်ကေခိုင်နှင့် ဆဋ္ဌမဆုရသော တစ်ကျောင်းလုံးမှာ အနောက်အပြောင်သန်သော . . ဆရာ၊ဆရာမများ မမုန်းသော်လည်း မျက်စိစပါးမွေးစူးတတ်စေသည့် . . ကျွန်တော် (မော ဝေယံလင်း)တို့ နှစ်ယောက်ကို အတန်းပိုင်ဆရာမမှတဆင့် အနုပညာ (အိမ်တွင်းမှု)ဆရာမဒေါ်ခင်ခင်အုန်းက အိမ်တွင်းမှုအခန်းသို့ ခေါ်သော သွားလေသည်။





"ဆုပေးပွဲမှာ သမီးနဲ့ ဒီက ဝေယံလင်းတို့ နှစ်ယောက် ကစေချင်တယ်။ သမီးတို့နှစ်ယောက်နဲ့လိုက်ဖက်မယ့်သီချင်းကိုလည်း တီချယ်တို့ ရွေးပြီးသွားပြီ"

"ကျွန်မ က,ရမှာမဟုတ်ဘူး တီချယ်"

"ဘာဖြစ်လို့လဲ သမီးရဲ့။ တီချယ်တို့ ရှိတာပဲ။ ပြီးတော့ ဒီက မောင်ဝေယံလင်းလည်း အနားမှာရှိတာပဲဟာ . ."

ခိုင်က ကျွန်တော့်ကို တစ်ချက်မျှဝေ့ကြည့်သည်။

"တီချယ်တို့က ရုပ်ရည်ကိုကြည့်ပြီး စီစဉ်တာ။ သမီးက ရုပ်ကလည်းလှ ဆုကလည်းရဆိုတော့ ဆုရတဲ့ မောင်ဝေယံကိုပါ အတွဲညီအောင်ရွေးလိုက်တာ။ သီချင်းလည်းရွေးပြီးပြီ သမီးရဲ့။ ဘာအပန်းမှမကြီးဘူး။ လက်ဟန်ခြေဟန်လုပ်ပြရုံပဲ"

"ဘာသီချင်းနဲ့ က,ရမှာလဲ တီချယ်" ဟု၊ ကျွန်တော် မေးသည်။

"မောင်ရွှေရိုးနဲ့မစံပယ်"

"ဟာ . . အရမ်းရယ်ရအောင် ကျွန်တော် က, နိုင်လိမ့်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ သမီးရယ်။ တစ်ကျောင်းလုံးမှာ သမီးရဲ့ ရုပ်ရည်လေးက ထူးထူးခြားခြား လှနေတာလေးမို့ မိဘ ဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးမှာ တီချယ် တို့က ကြွားချင်လို့ပါနော် သမီး"

ခင်ကေခိုင် ခေါင်းညိတ်လိုက်သည်အထိ ကျွန်တော့်မှာ ထိုကိစ္စနှင့်ပတ်သက်ပြီး အထူးအထွေ ကျေနပ်ပျော်ရွှင်တာမျိုး မဖြစ်ခဲ့ကြောင်း ဝန်ခံပါသည်။

ဆရာမ ဒေါ်ခင်ခင်အုန်း ပြောသော "ထူးထူးခြားခြား လှနေတာလေး" . . . ဆိုသည့် စကားဝေါဟာရကြောင့် ခင်ကေခိုင်မျက်နှာကို ကျွန်တော် တကူးတက ငေးကြည့်ဖြစ်သည်။

သိပ်လှသောကောင်မလေးပါလားဟု ကျွန်တော် ခံစားသိမြင်လိုက်ရ၏။ ခင်ကေခိုင်၏ အထူးခြားဆုံးအလှက,တော့ သူ့မျက်နှာပေါ်က မှဲ့သုံးလုံးပဲဖြစ်သည်။

နှုတ်ခမ်းနှစ်လွှာ၏ တစ်ဖက်တစ်ချက် အောက်ဖက်အစွန်းတွင် စို့ရွှန်းသော မှဲ့နက်ကလေး တစ်လုံးစီရှိ၏။ အပေါ်နှုတ်ခမ်းလေး နှုတ်ခမ်းချိုင့်လေးထဲတွင်လည်း အရွယ်အစားတူ မှဲ့နက်လေးတစ်လုံး ထင်ထင်သာသာမြင်တွေ့ရ၏။ ထိုမှဲ့နက်လေးသုံးလုံးကို မျဉ်းသားဆက်သွယ်





ကြည့်မည်ဆိုပါက ညီညာသော တြိဂံတစ်ခုကိုလှပစွာ မြင်ရလိမ့်မည်ဟု အသေအချာငေးကြည့်ပြီး ကျွန်တော်တွေးသည်။

"သီချင်းက တစ်ရက်လောက်တိုက်တာနဲ့ လုံလောက်ပါတယ်" ဟု ဒေါ်ခင်ခင်အုန်း ပြော၏။ ဒေါ်ခင်ခင်အုန်း အသံကြောင့် ခိုင့်ထံမှ ကျွန်တော် အကြည့်လွှဲလိုက်သည်။ ယခုအချိန်အထိ ခိုင် ကျွန်တော့်ကို မမြင်မိသေး။

အမှန်က,တော့ ခင်ကေခိုင်ဆိုသော ကျောင်းသူကောင်မလေးသည် အနုပညာဗီဇကြီးမားလွန်း၍ ကခုန်ဖျော်ဖြေခြင်းမျိုး မဟုတ်ကြောင်း ကျွန်တော် ခန့်မှန်းနိုင်သည်။ ဘာဖြစ်လို့လည်းဆိုတော့ ဆိုင်းသံကြားတိုင်း ကချင်စိတ်ဖြစ်နေတတ်သော အနုပညာဗီဇမျိုး နည်းနည်းလေးမျှ သူ့မှာမရှိ။

ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲတွေမှာ ခင်ကေခိုင်က ဗန်းစည်းကိုင်သူ ရှိသူများထဲတွင် အပေါ်လွင်ဆုံး။ ပြည်ထောင်စုနေ့တို့ လွတ်လပ်ရေးနေ့တို့ . . တခြား ဟိုနေ့ဒီနေ့တွေမှာလည်း သူက မြန်မာဝတ်စုံ ဒါမှမဟုတ် တိုင်းရင်းသားဝတ်စုံတစ်ခုခုကို ဝတ်စားဆင်ယဉ် ပေါ်လွင်လှပနေမြဲဟု ကျွန်တော် ကြားသိရသည်။

ကျွန်တော်က,တော့ ကောင်းသတင်းများဖြင့် ပေါ်လွင်သူတော့ မဟုတ်။ စာမေးပွဲကို အဆင့်တစ်ရအောင် ဘယ်တုန်းကမှ မရည်ရွယ်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ . . အဆင့်တစ်ဆယ်မကျော်အောင်တော့ ကိုယ့်စံချိန်ကို ကိုယ် ဘာသာ သတ်မှတ်ထားနိုင်သည်။

ကျောင်းပေါင်းစုံ ဘောလုံးပြိုင်ပွဲလိုနေရာမျိုးမှာ ကောင်မလေး တွေပန်းစည်းအဆက်ခံရမည့် အပေါ်လွှင်ဆုံးလက်ရွေးစင်ဘောလုံးသမား အဖြစ် ကိုယ့်ကိုကိုယ် ဘယ်တုန်းကမှ စိတ်ကူးမယဉ်ခဲ့။ ဒါပေမဲ့ ဘောလုံး ပွဲလိုနေရာမျိုးမှာ . . ကျွန်တော် အပျော်ဆုံးဖြစ်သည်။ လက်ထဲမှာ ကြေး မောင်းတစ်လုံး၊ ဝီစီတစ်ခု၊ လင်ကွင်းတစ်ခု၊ ဒါမှမဟုတ် ဝါးလက်ခုပ်တစ် လက် . . စသည်ဖြင့် အားပေးဖော်ပစ္စည်းတစ်ခုတစ်လေတော့ ယူဆောင် လာလေ့ရှိသည်။ ကျွန်တော့်သူငယ်ချင်း တင်ထွန်းနဲ့ထင်ပေါ် ပါလာရင် တော့ ပစ္စည်းစုံ၊ လူစုံ တပျော်တပါးပဲပေါ့။

ပြည်ထောင်စုနေ့လို နေ့မျိုးမှာတော့ ခင်ကေခိုင်တို့လို ပေါ်ပေါ် လွှင်လွှင် လှုလှုပပနေရာမျိုးမှာ ကျွန်တော်မရှိတတ်။ လူထုအစည်းအဝေး ပွဲကြီး ကျင်းပရာ ကျိုက္ကစ်ကွင်းအတွင်းသို့ ချီတက်ကြွေးကြော်သူများထဲ တွင် ကျွန်တော်ပါသည်။ လူကြီးသူမတွေ တိုင်းရေးပြည်ရာစိတ်ဝင်တစား ရှိသူတွေက,တော့ ပြည်ထောင်စုနေ့၏ ဦးတည်ချက်များကို စိတ်ပါလက် ပါ ကြွေးကြော်သွားလေ့ရှိသည်။

ကျွန်တော်တို့ အုပ်စုက,တော့ . . .





“. . . . . . . . . . . . . . . . .”

“ပေါက်ကရတော့ မအော်နဲ့။ ဒါ နောက်စရာ ပြောင်စရာ မဟုတ်ဘူး”

ဆူသလိုလို ငေါက်သလိုလိုဖြင့်၊ နောက်ဆုံးတော့ ကျွန်တော်တို့ သီချင်တာလေးရလိုက်သည် ဆိုပါတော့။

တစ်ခါကလည်း ရပ်ကွက်ထဲက သမဝါယမအသင်း နှစ်ပတ် သည် အစည်းအဝေးတစ်ခုကို ကျွန်တော်တက်ရောက်ဖူးသည်။ ကျွန်တော် နှင့်အတူ တင်ထွန်းနှင့် ထင်ပေါ် တို့လည်းပါသည်။ မင်းမင်းက,တော့ . . လိုက်ရဲဘူးဆိုပြီး အိမ်ပြန်သွားသည်။ (မင်းမင်းဆိုသူမှာ မိန်းမလျာ)

ဘယ်စာရင်းက ဘယ်လို၊ ဘယ်နှစ်ခုနှစ်က ဘာတွေလုပ်တယ် ဆိုတာတွေ ကျွန်တော်တို့ မသိပါ။ ဒါပေမဲ့ . . သမဝါယမနှစ်ပတ်လည် အစည်းအဝေးကို တစ်အိမ် တစ်ယောက်, တက်ရောက်ရမည်ဆိုတော့ အိမ်မှာ အားလပ်တဲ့သူတိုင်း တက်ရောက်လာကြရသည်ပေါ့။ ကျွန်တော် သတိထားမိသလောက်တော့ အစည်းအဝေး၏ သုံးပုံနှစ်ပုံမှာ ကျွန်တော် တို့နှင့်ရွယ်တူတွေဖြစ်သည်။

ကျွန်တော်တို့ အစည်းအဝေးခန်းမထဲရောက်တော့ . . အစည်း အဝေးက စနေပြီ။ လူတိုင်းလက်ထဲမှာ ကိတ်မုန့်ထုတ်လေးတွေ ရောက်



www.burmeseclassic.com

www.burmeseclassic.com



နေကြလေပြီ။ ကျွန်တော့်ရပ်ကွက်ထဲက သူငယ်ချင်းများရှိရာ နောက်ဆုံး တန်းထဲတွင် တင်ထွန်း၊ ထင်ပေါ်တို့ကိုခေါ်ပြီး ကျွန်တော်ထိုင်သည်။ ရပ်ကွက်ထဲကကောင်တွေနှင့် တင်ထွန်းတို့ ဘော်ဒါဖြစ်သွားကြသည်။

အစည်းအဝေးဆို၍ သိပ်ပြီး ကြီးကြီးမားမား ထည်ထည်ဝါဝါ တော့မဟုတ်။ တက်ရောက်လာကြသော ရပ်ကွက်သူ ရပ်ကွက်သားများ က, ဝါးကြောဖျာပေါ်တွင် ထိုင်။ သဘာပတိကြီးနှင့်တကွ အလုပ်အမှု ဆောင်တွေ၊ ဘာတွေညာတွေက,တော့ ကုလားထိုင်ခုံတွေပေါ်မှာ ထိုင်ပြီး ရပ်ကွက်သူ ရပ်ကွက်သားများဘက်သို့ မျက်နှာမူထားသည်။

ဘယ်နေရာအတွက် ဦးဘယ်သူ မောင်ဘယ်သူကို ရွေးချယ်ပါ တယ်ဆိုပြီး တစ်စုံတစ်ယောက်က အဆိုတင်သွင်းသည်။ အစည်းအဝေး တက်ရောက်ကြသူများကြားထဲက တစ်ယောက်က, ထပြီး "ကျွန်တော် ထောက်ခံပါတယ်" ဟု၊ ပြောသည်။

အခမ်းအနားမှူးက ကိုဘယ်သူက ဘယ်သူ့ကို ထောက်ခံသော ကြောင့် အတည်ပြုချက်ယူရမှာဖြစ်ပါတယ် . . . စသည်ဖြင့် စကားအစ ပျိုးနေစဉ် ကျွန်တော်က ထောက်ခံသည်ဆိုသော အစ်ကိုကြီး၏ကျောကို လှမ်းပုတ်ပြီး . . .

"အစ်ကိုကြီး"





"ဘာလဲကွ"

"ခုနက အစ်ကိုကြီး ဘယ်သူ့ကိုထောက်ခံတာ လဲ"

"ဦးဝက်ကြီးကို ထောက်ခံတာလေ"

"ခင်ဗျား သိလို့လား"

"သိတာပေါ့။ အဲဒီလူက လူရိုးကြီး"

"မသိဘဲနဲ့ ရမ်းပြီး မထောက်ခံချင်ပါဘူး။ နော် ဟေ့ကောင်တွေ"

အပေါင်းအသင်းတွေကို အဖော်ညှိလိုက်သည်။

"ဟုတ်တယ် ကျွန်တော်တို့လည်း မသိဘူး"

ထိုစဉ် . . . အခမ်းအနားမှူးက . . .

"ဦးဝက်ကြီးကို ထောက်ခံပါသလားခင်ဗျား"

တက်ရောက်လာကြသူများက . . .

"ထောက်ခံပါတယ်"

ကျွန်တော်တို့ အုပ်စုက . . .

"မထောက်ခံပါဘူး"

အခမ်းအနားမှူးက မျက်လုံးကစားပြီး အနောက်ဖက်သို့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သေးသည်၊ ပြီးမှ . . .

". . . . . . ဦးဝက်ကြီးကို ထောက်ခံပါသလား

ခင်ဗျား . . ."

"ထောက်ခံပါတယ်"

". . . .  . . . .  . . . ."

သဘာပတိနှင့်တကွ တချို့သောသူများက . . ကျွန်တော်တို့ အနောက်ဘက်သို့ အာရုံစိုက်လာကြသည်။

"ထောက်ခံပါသလား ခင်ဗျား"

"ထောက်ခံပါတယ်"

ကျွန်တော်တို့က . . .

". . .  . . .  . . . ."

ထိုစဉ်အပိုင်လူကြီးတစ်ယောက် ကျွန်တော်တို့ အနောက်ဖက်သို့ ရောက်လာသည်။ အခမ်းအနားမှူးကတော့ မထောက်ခံတဲ့သူတွေ ရှိနေပါလျက်နှင့် "အတည်ပြုပါသည် ခင်ဗျား" ဟု၊ အော်နေ၏။

ဒါ ကြုံလို့ပြောပြတဲ့ ကိစ္စသေးသေးလေးတွေ . . . ကျွန်တော့် အကြောင်းလေးတွေဖြစ်ပါသည်။ ကျွန်တော်ဆိုလိုသည်က ကျွန်တော့်လို ကောင်မျိုး စင်ပေါ်တက်ပြီး ကခုန်ဖို့ နောက်ပြောင်ဖို့ဆိုတာ . . .





အနုပညာဗီဇမရှိလည်း ရှက်ကြောက ပြတ်ပြီးသား၊ ကြောက်ကြောက ပျောက်ပြီးသားမို့ ဘာအခက်အခဲမျှရှိလိမ့်မည်မဟုတ်ပေ။

ဒါပေမဲ့ ခင်ကေခိုင်လို လှတာတစ်ခု၊ စာတော်တာတစ်ခုတည်းနဲ့ စင်မြင့်မှာ ချစ်စံပယ်သီချင်းကို ကဖို့ဆိုတာတော့ မလွယ်ဘူး . . ဟု၊ ကျွန်တော် မြင်ပါသည်။

ဆရာ-ဆရာမတွေက စာတော်တဲ့ ကောင်မလေး . . စာလည်းတော်တယ်၊ လှလည်းလှတယ်၊ ကလည်း ကတတ်တယ် . . ဟု၊ ထုတ်ပြချင်တာကြောင့် အခုလိုစီစဉ်တာဖြစ်ပေမည်။

ကျွန်တော်သာ ကျောင်းအုပ်ဆရာကြီးဆိုပါက ခင်ကေခိုင်ကို ကျောင်းဝတ်စုံလေးနှင့် ပဝါပါးပါးလေးကို လွှမ်းခြုံလျက် . . ပထမဆုကို သူ့ပဝင့်စားစွာ တက်ယူစေရုံမျှအပ . . မအပ်မရာကိစ္စကို ခိုင်းမိလိမ့်မည် မဟုတ်ပါ။ ဘာဖြစ်လို့လဲဆိုတော့ အနုပညာဆိုတာ လှတာတစ်ခုနဲ့ ဖန်တီးလို့ရတာမျိုးမှ မဟုတ်တာ။

ကျွန်တော်ကတော့ ရှင်းပါသည်။ ဘယ်နေရာကိုရောက်ရောက် အပေါ်လွင်ဆုံးမဖြစ်ချင်၊ မနေချင်ပါ။ အဲ အပေါ်လွင်ဆုံးလုပ်နေတဲ့သူတွေ၊ မဟုတ်မဟတ် ကြောင်တောင်တောင် နှံချာချာလုပ်နေတာမျိုးတွေ တွေ့လို့က,တော့ ကျွန်တော် ဟားတိုက်မိမှာသေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း တစ်ကျောင်းလုံးမှာ အလှဆုံးလည်းဖြစ်၊ အတော်ဆုံးလည်းဖြစ်တဲ့ ခင်ကေခိုင်နှင့်တွဲဖက်ကပြရမှာမို့ . . တချို့ကတော့ ရွှေသဘောတော်ကျနေကြပေမယ့် အားကျနေကြပေမယ့် . . ကျွန်တော်တော့ မက်ဒေါနားနဲ့ပဲ တွဲရ တွဲရ၊ ဘရွတ်ရှီးလ်နဲ့ပဲ က,ရ . . က,ရ အားရပါးရ စိတ်ပါလက်ပါ လမိုင်းကပ်ကပ်ပဲ ကချင်သည်။

ခိုင် . . မက,တတ်မှာ ကျွန်တော် စိုးရိမ်သည်။





(၄)

"ခင်ကေခိုင်က မင်းနဲ့တွဲမကချင်ဘူးတဲ့" . . ဟု၊ တင်ထွန်းက ကျွန်တော့်ကို သတင်းပေးသည်။ "မင်းကို ပြောလို့လား" . . ကျွန်တော် မေးသည်။ ကျောင်းထဲသို့ မဝင်သေးဘဲ ကျောင်းရှေ့မြောင်းအုတ်ခုံပေါ်တွင် ဝင်ထိုင်ကြသည်။

တင်ထွန်းက မင်းမင်းနှင့်ထင်ပေါ် နံဘေးတွင်ဝင်ထိုင်ပြီး . .

"ကျူရှင်မှာ ခင်မာလာနဲ့ အေးအေးဝင်းက ပြောတာ"

"ဘယ်လိုပြောတာလဲ"

မတ်တပ်ရပ်လျက် ကျွန်တော် မေးသည်။

"ခင်ကေခိုင်က သူကိုယ်တိုင်လည်း မကချင်ဘူးတဲ့။ ဆရာမတွေ ခိုင်းလို့သာ ကရမှာတဲ့။ အထူးသဖြင့် ဝေယံလင်းနဲ့ တွဲမကချင်ဘူးတဲ့။

ဘာဖြစ်လို့လဲလို့ ငါက,မေးတော့ . . . မင်းက မျက်နှာပြောင်လို့တဲ့။ မင်းကို ကြည့်မရဘူး . . တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တစ်သက်လုံးမှာ ငါ သူ့ကို တစ်ခါမှ မနောက်ဖူးဘူး" ကျ
ကျွန်တော် ပြောသည်။

"နောက်ဖို့ ပြောင်ဖို့ နေနေသာသာ အတန်းထ
မှာ သူရှိနေတယ်ဆိုတာတောင် ငါ သတိမထားမိဘူး
ဒီနှစ်မှ သိတာ။ ဒါတောင် ငါနဲ့ တွဲကရမယ့်သူမို့ သိ
တာ"

"အဲဒါကြောင့် . . နင့်ကို ငါပြောတာပေါ့ . .
ယောက်ျားဖြစ်ပြီး အခွက်မပြောင်ပါနဲ့လို့"

မင်းမင်း၏ ကန့်ကလန့် စကားသံကြောင့် . . ကျွန်တော် ပိုပြီး
ဒေါကန်သည်။

"မင်းမင်း . . မင်းစကားပြောရင် ငါ့ကို နင်လို့
မပြောနဲ့။ ယောက်ျားလို ပြော"

မင်းမင်း မျက်စောင်းထိုးသည်။

"ငါ ပြောတတ်သလို ပြောတာပဲဟဲ့"

"အေး မင်း အဲဒီလို ပြောတတ်သလိုပြောတာ
က, အရေးမကြီးဘူး။ ငါတို့အုပ်စုထဲမှာ မိန်းမလျာတစ်
ယောက် ရှိနေတာ ငါတို့ သိက္ခာကျတယ်"





ထင်ပေါ်က . . .

"ဟုတ်တယ် မင်းမင်း။ အခုဆိုရင် အမေရိကန်
မှာ အေအိုင်ဒီအက်စ်တွေ ဖြစ်နေကြပြီတဲ့။ အဲဒါ မင်း
ပါ, ရောသောပေါ်သောနဲ့ မြန်မာပြည်ရဲ့ ဌာနေကိုယ်
စားလှယ် မဖြစ်စေနဲ့"

မင်းမင်းက ထင်ပေါ်ကို လွယ်အိတ်ဖြင့် လွဲရိုက်သည်။ ထင်
ပေါ်က ရှောင်ရင်းတိမ်းရင်းဖြင့် . . .

"ငါသာ နိုင်ငံတော်သမ္မတဖြစ်လို့ကတော့ မင်း
တို့လို အခြောက်တွေကို စစ်တပ်ထဲပို့ပစ်တယ်"

"ဖြောင်း"

မင်းမင်း၏ဦးခေါင်းကို လက်ထဲရှိ ဗလာစာအုပ်ဖြင့် "ဖြောင်း"
ခနဲနေအောင် ကျွန်တော်ရိုက်ပစ်လိုက်သည်။ ရယ်နေသော တင်ထွန်းကို
ကြည့်လျက် ကျွန်တော်က . . .

"ခင်ကေခိုင်နဲ့တွဲမကတော့ဘူးလို့, ငါ ဆရာမ
ကို ပြောလိုက်မယ်"

"ဘယ်ကောင်းမလဲ။ အကပဲတိုက်ပြီးနေပြီ။ ဆု
ပေးပွဲကလည်း သုံးရက်လားလိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခင်ကေခိုင့်ကို စိတ်ဆိုးလို့ပြောတာမဟုတ်ဘူး။ ကရမယ့်သီချင်းက ပျော်စရာရွှင်စရာ ရယ်ရယ်မောမောနဲ့ ကရမှာ။ ကမယ့်သူက နှစ်ယောက်မှာ တစ်ယောက်ကတစ်ယောက်ကို မျက်မှန်းကျိုးနေမယ်ဆိုရင် ဘယ်လိုမှ ကြည့်ကောင်းမှာမဟုတ်ဘူး။ အဲဒါကြောင့်"

"ပြီးပြီးရော တလိုက်ပေါ့ကွာ။ တော်ကြာ . . ဆရာမတွေက ဘာဖြစ်လို့လဲ၊ ဘာကြောင့်လဲ မေးခွန်းတွေမေးနေမှ ဖြေစရာစကားမရှိ ဖြစ်နေမယ်"

ထင်ပေါ်က . . .

"မျက်နှာထားတင်းထားပေါ့ . . ။ ဆရာမက ပြုံးလိုက်ဆို ပြုံးတယ်။ ရယ်ဆို ရယ်တယ်။ စင်ပေါ်မှာ က,ရင် ပြုံးပြုံးလေးနေနော်လို့ပဲ ဆရာမက မှာတယ်။ ငါတော့ထင်တယ် . . မောင်ရွှေရိုးနဲ့မတူပဲ စင်ပေါ်မှာ ကျောက်ရုပ်ကို မော်တာနဲ့ကလိထိုးရမလိုဖြစ်မှာပဲ"

"မီးစင်ကြည့်ကပေါ့ကွာ" ဟု၊ ထင်ပေါ် ပြောသည်။

"ငါ့ နှင့်ကို၊ အဲ . . မင်းကို မိတ်ကပ်လိမ်းပေးမယ်။ သိလား ဝေယံလင်း"





မင်းမင်းက မဝံ့မရဲပြောသည်။

"ငါ့မျက်နှာကို မိန်းကလေးစစ်စစ်တစ်ယောက်ရဲ့ လက်ချောင်းသွယ်လေးတွေကလွဲရင် ဟိုမရောက် ဒီမရောက် လက်ချောင်းမျိုးတွေ . . ငါ အထိမခံဘူး မင်းမင်း"

"သောက်ကြီးကျယ်တယ်"ဟု၊ မင်းမင်း ကျွန်တော့်ကိုပြော၏။

ထင်ပေါ်က . . .

"ခင်ကေခိုင် လိမ်းပေးမယ်ဆိုရင်ကော"

"ငါ့ပါးနဲ့ သူ့လက်ချောင်းတွေနဲ့ ဒီတစ်သက်မှာ ထိခွင့်ရမှာ မဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ငါ . . မောင်ရွှေရိုးလေ . ."

ထိုအချိန်အထိ ခင်ကေခိုင်ကို "ခိုင်"ဟု၊ ကျွန်တော်မခေါ်ဖြစ်သေး။ မခေါ်ချင်သေး။ ခေါ်ရလိမ့်မည်ဟုလည်း မတွေးမိသေး။ ခေါ်ချင်သော စိတ်ဆန္ဒသည်လည်း ရင်ထဲသို့ ရောက်မလာခဲ့သေး။



www.burmeseclassic.com

www.burmeseclassic.com



(၅)

ကျွန်တော့်ကို ကြည့်လို့မရဘူးဟူသော . . ခင်ကေခိုင်၏ ဆန္ဒစကားကို သတင်းစကားအဖြစ်ကြားသိလိုက်ရစဉ်တွင် ကျွန်တော် သိပ်ပြီး ထူးထူးထွေထွေ မခံစားဖြစ်။

ဘာကြောင့်လဲဆိုတော့ ကျွန်တော် နောက်ပြောင်ကျီစယ်မှုများကြောင့် စိတ်ဆိုးသူတွေ ရှိနေနိုင်တာပဲ . . ဟု၊ တွေးမိသောကြောင့်ဖြစ်သည်။ ဒါပေမဲ့ သေသေချာချာစဉ်းစားကြည့်သောအခါမှာတော့ ခင်ကေခိုင် ကျွန်တော့်ကို တမင်မျက်မုန်းကျိုးနေခြင်းပဲဟု၊ တွေးဖြစ်သည်။

ငါလည်း သူ့ကို မနောက်ဖူးဘဲနဲ့ ကြည့်လို့မရဘူးဆိုတာ ဒါ သိပ်တစ်ဘက်သတ်ကျလွန်းတယ် . . . ဟူသော တွေးတောခံစားမှုမျိုး မဟုတ်ပါ။ ကျွန်တော် မသိသော . . ကျွန်တော် သတိမထားမိသော . . မိန်းကလေးတစ်ယောက်က ကျွန်တော့်ကို ဘာကြောင့်မလိုလားဖြစ်နေတာလဲ။ "မျက်နှာပြောင်လို့ပေါ့" ဟူသော ယေဘုယျအဖြေတစ်ခုတော့ ရှိ၏။





ဒါပေမဲ့ . . .

ကျွန်တော် . . သူ့ကို ကိုယ်ထိလက်ရောက် သိသိမှတ်မှတ်ဖြင့် နောက်ပြောင်ဖူးပါဘဲလျက် သူ လူတစ်ယောက်ကို မလိုမုန်းတီးစိတ်ထားသင့်ဘူးဟု ကျွန်တော်ထင်သည်။

ဘာပဲဖြစ်ဖြစ် ခင်ကေခိုင် စိတ်ထဲမှာ ကျွန်တော့်ကို မကြည်သောင် ဖြစ်နေတယ်ဆိုတာကို သိကြားလိုက်ရသည့် အချိန်မှစပြီး . . ကျွန်တော့် စိတ်ထဲမှာလည်း မကျေနပ်စိတ် တစ်ခုခုဖြစ်တည်ခံစားရသည်ကတော့ အမှန်ပဲဖြစ်သည်။ သေချာတာက,တော့ ကိုယ့်ကိုယ်ကို မကျေနပ်တာမျိုးလည်း ဖြစ်နိုင်သည်။ ပတ်ဝန်းကျင်ဆိုတာကြီးကိုလည်း မကျေနပ်တာလည်း ဖြစ်နိုင်သည်။

ခင်ကေခိုင်ကို ကျွန်တော် မသိခဲ့ပါ။

ကျွန်တော့်ကိုတော့ သူသိနေနိုင်သည်။ ကျွန်တော့်လို တစ်တန်းတည်း တစ်တန်းထွက် ကျောင်းတစ်ကျောင်းလုံး နောက်ပြောင်ကျီစယ်တတ်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ခင်ဆောင်အပါအဝင် ကျောင်းသားကျောင်းသူ တော်တော်များများ သိနေပေလိမ့်မည်။

ကျွန်တော် သိထားသလောက်က,တော့ ကျွန်တော့်အပေါ် စိုး … တီးနေသူ တစ်ဦးတစ်ယောက်မျှ ရှိနေလိမ့်မည်မဟုတ်ဟု ယုံကြည်ထား … သည်။ ကျွန်တော် နောက်ပြောင်ကျီစယ်မှုကြောင့် စိတ်ဆိုးသူတွေ ရှိ … ကြသည်။ ဒါပေမဲ့ . . သူတို့ ကျွန်တော့်ကို မမုန်းကြ။ သူတို့ ကျေနပ်ခွင့် … လွှတ်သည်အထိ ကျွန်တော်ကလည်း တောင်းပန်စမြဲဖြစ်သည်။

ကျောင်းပေါင်းစုံ ဘောလုံးပွဲလိုနေရာမျိုးမှာ . . ကျွန်တော့် ဝီ … မှုတ်သံကြောင့် ပြိုင်ပွဲအနှောင့်အယှက် ဖြစ်ဖူးသည်။ ကျွန်တော်တို့ . . ကျောင်းဖက်သို့ ပြိုင်ဘက်အသင်းမှ ဘောလုံးသမားတစ်ဦးတည်း ဘော … လုံးဆွဲလာသောအခါ ကျွန်တော်တို့ တစ်ကျောင်းလုံး ဘာလုပ်ရမှန်းမသိ … ကျွန်တော်တို့ တစ်အုပ်စုလုံး ဘာလုပ်ရမှန်းမသိ။

ဂိုးသမားတက် . . ဂိုးသမားတက် . . ဟု အော်သူတွေ ဘာ … တန်းတွေဆင်း မြန်မြန်ဆင်း . . အော်သူတွေကြားမှနေ၍ ကျွန်တော် … ကြည့်စင်အောက်ကို ပြေးဆင်းသည်။ ဘောလုံးကွင်းစပ်သို့ အရော … တွင် ဘောလုံးဆွဲလာသူ၏ အနီးဆုံးမှနေပြီး ဝီစီကို အပြင်းထန်ဆုံးမှု … ပစ်လိုက်၏။ ဂိုးသွင်းတော့မည် လုပ်ပြီးမှ ကျွန်တော့်ဝီစီသံကြောင့် ဘော …





…ရပ်သွားစဉ်တွင် ကျွန်တော်တို့အသင်းမှ နောက်တန်းလူက ဘောလုံး … ကို ဖောက်ထုတ်လိုက်နိုင်သည်။

ထိုကိစ္စနှင့်ပတ်သတ်၍ ကျွန်တော် သက်ဆိုင်ရာ၏ အရေးယူ … ခံရတော့မည်ကဲ့သို့ဖြစ်သည်။ အတန်းပိုင်ဆရာမက ဝင်ရောက်ပြီး . . … တာဝန်ယူသည်။ လူရှေ့သူရှေ့မှာ ကျွန်တော့်ကို ကြိမ်လုံးနှင့်ရိုက်သည်။ ကျွန်တော့် ဝီစီကို သိမ်းသည်။ ထိုနေ့ပြိုင်ပွဲတွင် ကျွန်တော်တို့ ကျောင်း … တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲကြည့်စင်ပေါ်ရှိ ကျွန်တော်တို့ကျောင်းမှ . . ကျောင်းသား … ကျောင်းသူများစွာအနက် . . ကျွန်တော့်ကို ဘယ်လောက်များများ သတိ … ထားမိကြမည်မသိ။ ထိုကျောင်းသားကျောင်းသူများစွာထဲတွင် ခင်ဆေ … လည်း ရှိနေနိုင်သည်။ ဒါကိုများ သူမြင်တွေ့ဖူးခဲ့လေသလား။ ထိုစဉ် … ကျွန်တော် နဝမတန်းကျောင်းသားဖြစ်ပါသည်။

"အဲဒီ ကောင်လေး ဝီစီမှုတ်လိုက်လို့ပေါ့ . . ။

နို့မဟုတ်ရင် ငါတို့ကျောင်းရှုံးနိုင်တယ်။ ရဲမဖမ်းအောင် ဆရာမက သူ့ကို ကြိမ်လုံးနဲ့လွှဲလွှဲရိုက်နေတာ သူမနာ တဲ့အတိုင်းပဲ။ ဆရာမကလည်း ရိုက်မယ့်သာရိုက်နေရ တာ ကိုယ့်ကျောင်းပဲ နိုင်စေချင်မှာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဝေယံလင်းသာ ဝိစိ မမှုတ်လိုက်လို့က,တော
အဲဒီအလုံးက ဂိုးပဲ။ ဝိစိမှုတ်လိုက်တော့ ဟိုကောင်
သူလူကျွံပြီထင်ပြီး ရပ်လိုက်တာ။ ဘက်တန်းကောင်
ပြေးကန်ပစ်လိုက်တာ။ ဝေယံလင်းသာ ဝိစိယူမလာ
တော့ ဒုက္ခပဲ"

ကျွန်တော်သိရသလောက်တော့ ဘောလုံးပွဲမှာ ကျွန်တော်
လုပ်လိုက်မိသော ကိစ္စကြောင့် ကျွန်တော့်ကို ကဲ့ရဲ့ရှုံ့ချသောစကား
ကျွန်တော်တို့ တစ်ကျောင်းလုံးတွင်မကြားရ။ "အဲဒီကောင် သောက်
ယုတ်တယ်" ဟု မည်သူမျှ အပြစ်မဖို့။

တစ်ဖက်အသင်း၏ ကျောင်းသားကျောင်းသူများက,တော့
ကျွန်တော့်ကို ဆဲနည်းပေါင်းများစွာဖြင့် သတိရနေမှာသေချာ၏။ အဲ
ခင်ကေခိုင်ကရော . . ဘယ်လိုများ သတ်မှတ်နေမလဲ။

ယခုမှ ကျွန်တော်သိချင်သည်။





(၆)

သည်နှစ် ဒသမတန်း တက်ခါစတုန်းက . . . , ကျွန်တော့်
[illegible]တ်ပြောင်မှုကို ကျွန်တော် မှတ်မိနေသည်။ ဒါကလည်း တမင်စီစဉ်
[illegible]ခြင်းမျိုးမဟုတ်။ တင်ထွန်းတို့ ထင်ပေါ်တို့ မင်းမင်းတို့နှင့် အငြင်းအခုံ
[illegible] လောင်းကစားခြင်းမျိုးသာဖြစ်သည်။

ကျွန်တော်တို့ ကျောင်းသို့ အသစ်ရောက်ရှိလာသော ကျောင်း
[illegible]ဆရာကြီးက နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူ
[illegible]ကို ကျောင်း၏ခန်းမကြီးထဲတွင် ခေါ်ယူတွေ့ဆုံပြီး ဩဝါဒပေးသည်။

ထိုဩဝါဒပေးပွဲကို မနေ့က ကျင်းပသည်။ ထိုခန်းမထဲတွင်
[illegible]တော် အနည်းငယ်ပြဿနာတက်သည်။

"ဆရာကြီးအနေနဲ့ . . မင်းတို့ကို နံပါတ်တစ် အချက်အနေနဲ့
[illegible]ပြချင်တာက,တော့ . . . " ဟု အစချီပြီး ပုံတိုပတ်စတွေ ရာဇဝင်
[illegible]ဝင်အဖြစ်အပျက်တွေ အခြေခံပြီး ပြောဆိုဆုံးမဩဝါဒခြွေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းရဲနုံချာတဲ့ သားသမီးကလည်း ကြိုးစား
တယ်။ ပထမရတယ်။ ချမ်းသားကြွယ်ဝတဲ့သူရဲ့ သား
သမီးကလည်း ကြိုးစားတယ်။ ပထမရတယ်။ အဲဒီရဲ့
ပထမချင်း အောင်မြင်မှုချင်းတူပေမဲ့ အောင်မြင်မှုချင်း
အတူတူ ဘယ်သူမြတ်သလဲဆိုတာ မင်းတို့ စဉ်းစား
စဉ်းစားပြီးတာနဲ့ မင်းတို့အားလုံးလည်း ကိုယ့်
အားကိုယ်ကိုးတဲ့ မြင့်မြတ်တဲ့ အောင်မြင်မှုမျိုးရအောင်
အမြဲတမ်းကြိုးပမ်းနေကြပါလို့ မှာကြားရင်း ဆရာကြီး
နိဂုံးချုပ်ပါတယ်"

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . ဖြောင်း"

နိဂုံးချုပ်လိုက်သည်ကို ဝမ်းသာကြသွားသလား မပြောတတ်
လက်ခုပ်သံများ ခန်းမတစ်ခုလုံး လျှံတက်သွားလေသည်။ သို့သော် . .
ထိုလက်ခုပ်သံများထဲတွင် ကျွန်တော့် လက်ခုပ်သံ ပါမသွားခဲ့။

ကျွန်တော်ထိုင်ရာမှ ထ,ရပ်လိုက်သည်။ တင်ထွန်းနှင့် ထင်
ပေါ်က . . .

"ဟော့ကောင် ဘာလုပ်မလို့လဲ"

ခပ်လှမ်းလှမ်းတွင် ရှိနေသော ဆရာ-ဆရာမများနှင့်တကွ . .





ကျွန်တော့်အတန်းပိုင်ဆရာမပါ အထိတ်တလန့်ဖြစ်သွားကြမည်မှာ သေ
ချာပါသည်။

"ကျွန်တော့်ကို . . တစ်ခုလောက် ပြောခွင့်ပြုပါ
ဆရာကြီး"

"အေး . . ပြော . . ဘာပြောချင်လို့လဲ"

"ဆရာကြီးရဲ့မိန့်ခွန်းက နိဂုံးမချုပ်သင့်သေးပါ
ဘူး" .

ဆရာကြီးရဲ့မျက်နှာ ကွက်ခနဲ ပျက်သွားသည်ကို ကျွန်တော်
သတိပြုမိသည်။ ခန်းမတစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်သွား၏။

"ဘာဖြစ်လို့ နိဂုံးမချုပ်ရမှာလဲကွ။ မင်းက ဆက်
ပြီး နားထောင်ချင်သေးလို့လား"

တစ်ခန်းလုံး တိတ်ဆိတ်သွားသောအခါကျမှ ကျွန်တော် လန့်
ချင်သလိုဖြစ်သွားသည်။ ဒါပေမဲ့ ကျွန်တော် ဝေယံလင်းဖြစ်သည်။ ပြော
ချင်တာကို ပြောဖြစ်အောင်တော့ ပြောလိုက်ရမှနေသာသည်။

"ဆရာကြီးက နံပါတ်တစ်အချက်အနေနဲ့ ပြော
ချင်တာက,တော့လို့ဆိုပြီး နိဂုံးချုပ်သွားတယ်။ နံပါတ်
နှစ်အချက် မပြောရသေးဘူး ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံများဝေါကနဲ ထွက်လာသည်။ ကျောင်းအုပ်ဆရာကြီး ရယ်လေသည်။ ရယ်ရင်း . . .

"ဆရာကြီး အဲဒီလို ပြောလိုက်မိလို့လား"

"ဟုတ်ကဲ့"

"ကဲ . . မောင်ကျောင်းသား မယ်ကျောင်းသူတို့ သူပြောတာ ဟုတ်သလား"

"ဟုတ်ပါတယ်"

"တဲ . . ဟုတ်တယ်ဆိုရင် နံပါတ်နှစ်အချက် ပြောမယ်။ ကျောင်းသားပေါင်းများစွာ ရှိနေတဲ့အထဲမှာ ဒီကျောင်းသားတစ်ယောက်တည်း ဘာကြောင့်ထပြော ရဲတာလဲ"

"သတ္တိရှိလို့ပါ"

"တော်လို့ပါ"

"အရှက်မရှိလို့ပါ"

အသံမျိုးစုံ ကျွန်တော့်ကို အားပေးကြသည်။ "အရှက်မရှိလို့ပါ" ဟု၊ ပြောသူကို တင်ထွန်းက လက်သီးဖြင့် ငယ်ထိပ်ကို လှမ်းခေါက်၏။

"မင်းနာမည် ဘယ်သူလဲကွ"





"ဝေယံလင်းပါ ဆရာကြီး"

"ဘယ်အတန်းကလဲ"

"ဆယ်တန်း ဘီကပါ"

ဆရာကြီးက ကျောင်းသူကျောင်းသားများဘက်သို့ လှည့်ကာ,

"နားထောင်တယ် နာယူတယ်ဆိုတာ စိတ်ဝင်တစားရှိမှ ကောင်းတယ်။ ပြောတဲ့သူက ပြောချင်တာတွေ ပြောတိုင်း မှန်မှန်းမသိ၊ မှားမှန်းမသိ ငြိမ်နေတယ်ဆိုတာ လူငယ်တွေရဲ့ အကျင့်စရိုက် မဟုတ်ဘူး။ အဲဒီတော့ မင်းတို့အားလုံး မောင်ဝေယံလင်းလို နားထောင်တတ်အောင် ကြိုးစားကြ။ မောင်ဝေယံလင်း"

ကျွန်တော် ဆရာကြီးကို လှမ်းကြည့်၏။

"ဆရာကြီး သတိမေ့သွားတယ်ကွာ။ မင်းကို . . ဆရာကြီး ဝန်ခံပါတယ်"

ကျွန်တော် ဘာပြန်ပြောရမှန်းမသိ။

"ရပါတယ် ဆရာကြီး။ ကျွန်တော် ခွင့်လွှတ်ပါတယ်၊ အဲ . . မဟုတ်ဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး။ ကျွန်တော် ပြောသင့်မပြောသင့် မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



မိလို့ပါ"

"ဒါတောင်းပန်ရမယ့် ကိစ္စမဟုတ်ဘူး၊ တင်ပြရမယ့် ကိစ္စပါ၊ လူငယ်ဆိုတာ တင်ပြရဲရတယ်ကွ၊ ကဲ ကဲ . . ထိုင်ထိုင်။ အခုလို ရဲရင့်မှုမျိုး၊ ပြတ်သားမှုမျိုး မင်းမှာ ရှိနေသရွေ့ မင်းထိပ်ဆုံးကို ရောက်လိမ့်မယ် မောင်ဝေယံလင်း"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော် ကြိုးစားပါ့မယ်"

ကျွန်တော် ဆရာကြီးကို အရိုအသေပြုပြီး ထိုင်ချလိုက်သည်။

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . "

ကျွန်တော် ထိုင်ချလိုက်သည့်အခါကျမှ လက်ခုပ်တွေ တီးကုန်ကြသည်။ (အခုမှ မြှောက်ပေးရမှန်းသိတဲ့ လက်ခုပ်သံတွေလေ)

အဲဒီတုန်းက ခင်ကေခိုင် လက်ခုပ်တီးသလား၊ မတီးသလဲ ဆိုတာကို ကျွန်တော်မသိ။ အဲဒီတုန်းက ခင်ကေခိုင် ရှိနေသည် မရှိနေသည် ဆိုတာကိုပင် ကျွန်တော် မသိခဲ့။





ထိုကိစ္စနှင့်ပတ်သတ်ပြီး နောက်တစ်နေ့မှာ ကျွန်တော်တို့အုပ်စုထဲ၌ အငြင်းအခုံ အလောင်းအစားလုပ်စရာ ကိစ္စပေါ်လာခဲ့ရသည်။ ခင်မင်းက . . .

"ငါက နင့်ကို ကျောင်းထုတ်ပြီ ထင်လိုက်တာ"

"ဝေါက်"

မင်းမင်း၏ ငယ်ထိပ်သို့ ကျွန်တော်ခေါက်လိုက်ခြင်းဖြစ်သည်။

"ဟဲ့ . . ငါတကယ်ပြောတာ"

"ဝေါက်"

မင်းမင်းက နဖူးကိုလက်ဖြင့်ပွတ်ရင်း ကျွန်တော့်ကို နားမလည်စွာကြည့်သည်။

"ပြန်ပြော၊ နင်လို့ မပြောဘဲ မင်းလို့ ပြန်ပြော"

ထိုအခါကျမှ တင်ထွန်းနှင့် ထင်ပေါ်တို့က ရယ်ကြသည်။

မင်းမင်းက . . .

"ငါက . . မင်းကို ကျောင်းထုတ်ခံရပြီလို့ ထင်လိုက်တာ"

"အေး . . အဲဒီလိုပြောမှပေါ့ကွ"

"ဖြောင်း"



www.burmeseclassic.com

www.burmeseclassic.com



ဖယောင်းစာအုပ်ဖြင့် ဦးခေါင်းကို ရိုက်လိုက်လေသည်။

"ဟာ . . ဘာဖြစ်လို့ရိုက်တာလဲ"

"ဟဲ . . ဟဲ . . သဘောကျလို့ ချီးမြှင့်တာ"

အသံမထွက်အောင် မင်းမင်း ဆဲသည်။

တင်ထွန်းက . . .

"အသေအချာ စဉ်းစားကြည့်ရင် မင်း မပြောသင့်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ . . အရှက်ခွဲသလိုဖြစ်သွားနိုင်တယ်။ ပြီးတော့ . . လူတွင်ကျယ် လုပ်တယ်လို့ ထင်သွားနိုင်တယ်"

ကျွန်တော်က . . .

"ငါလည်း ဘယ်စဉ်းစားမိပါ့မလဲ။ နှစ်အချက် မပြောသေးဘူးဆိုတာ စိတ်ထဲမှာ တထင့်ထင့်ဖြစ်နေတာနဲ့ ထ,ပြောလိုက်မိတာ"

"မင်းက နေရာတကာသိပ်ပါတာပဲ" ဟု၊ ထင်ပေါ်က မျက်နှာ ရှုံ့မဲ့မဲ့ဖြင့် ပြောသည်။ ကျောင်းဝရံတာထောင့်တွင် တင်နေသော ပြောင်းဖူးရိုးတစ်ခုကို အမှိုက်ပုံးထဲပစ်ထည့်ရင်း ကျွန်တော်က . . .

"နေရာတကာ ပါတာလား၊ မပါတာလားတော့





ငါမသိဘူး။ ဒါပေမဲ့ . . . နေရာတကာမှာ အဲဒီလိုမျိုး ရောရောယောင်ယောင်နဲ့ တစ်ခုကျန် နှစ်ခုကျန်ကိစ္စမျိုးတွေ့လို့ကတော့ ငါ ငြိမ်နေမှာမဟုတ်ဘူး"

"အေးပေါ့ . . မင်းလိုကောင်မျိုးတွေပဲ ဒီနေ့ခေတ်မှာ ဒုက္ခရောက်တာ"

"အဲဒါ ဘယ်သူပြောတာလဲ"

"ငါ ပြောတာ"

"အေး . . များများပြော။ မင်းတို့ တစ်ဆွေလုံး တစ်မျိုးလုံး အလိမ်တွေမိမယ်။ အညာတွေမိမယ်။ ဖာတွေ . . အဲ ဖားတွေဖြစ်ကုန်လိမ့်မယ်။ သတိထား . . မောင်ထင်ပေါ်"

မင်းမင်းနှင့် တင်ထွန်းက ထင်ပေါ်ကိုကြည့်လျက် ရယ်ကြ၏။ ထင်ပေါ် ကျွန်တော့်ကိုဆဲသည်။ ပြီးမှ . . .

"လူကြီးသူမက စင်ပေါ်မှာ စကားပြောနေတာ မင်း ဘာမှ အောက်ကနေ ဟိုဟာလိုတယ်။ ဒီဟာလိုတယ် ပြောစရာမလိုဘူး၊ မင်းရော အဲဒီလို လူရှေ့သူရှေ့မှာ ပြောရဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရဲတယ်"

"တကယ်လား"

"မယုံရင် စိမ်လိုက်လေ"

ထင်ပေါ် စဉ်းစားသည်။ ထို့နောက် . . .

"မင်း ဆယ်တန်းအခန်းတွေအကုန်လုံးကို တစ်တန်းဝင် တစ်တန်းထွက် စကားဝင်ပြောရဲလား"

"ဘာစကားပြောရမှာလဲ"

"မင်း ပြောချင်တာပြော"

"ငါက ခပေါက်ကရတွေ ပြောမှာ"

"ပြော . . ကြိုက်တာပြော . .။ ဂျီတန်းကနေစပြော။ အေတန်းအထိ အတန်းစေ့တာနဲ့ မင်း စားချင်တာဝယ်ကျွေးမယ်"

"အိုကေ။ ဒါပေမဲ့ ငါ အခန်းတွေထဲဝင်ရင် ငါပြောလို့မပြီးမချင်း မင်းတို့ ငါ့အနားမှာ ရပ်ပေးနေရမယ်"

"အန် . . ဘာဖြစ်လို့ရပ်ပေးရမှာလဲ"

"မရပ်ပေးရင် မလောင်းဘူး"





"အေး . . ရပ်ပေးမယ် ရပ်ပေးမယ်"

"မင်းမင်းက အခန်းအပြင်ဘက်မှာစောင့်"

မင်းမင်း ခေါင်းညိတ်သည်။

"ဘယ်တော့ပြောရမှာလဲ"

ကျွန်တော် မေးသည်။

"အခုပြော"

တင်ထွန်းက လက်မှ နာရီကိုကြည့်ကာ . . .

"ပထမအချိန် တစ်ချိန်လုံး ဆရာမတွေ မဝင်နိုင်သေးဘူး။ အစည်းအဝေးရှိတယ် . . တဲ့"

"ဒါဆို ဂျီတန်းက စဝင်မယ်" ဟု၊ ကျွန်တော် ပြောလိုက်၏။ ကြောက်စရာ ရှက်စရာ ရွံ့စရာဟု မထင်တော့ဘဲ၊ ပျော်စရာ ရယ်စရာ နောက်ပြောင်စရာကိစ္စဟုပင် ထင်မြင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



(၇)

ဒဿမတန်း (ဂျီ)၊ ဒဿမတန်း (အက်ဖ်)၊ ဒဿမတန်း (အီး ဒဿမတန်း (ဒီ)၊ ဒဿမတန်း (စီ)တို့တွင် ကျွန်တော် အာပေါင်အာ သန်သန်ဖြင့် စကားတွေ ဝင်ပြောခဲ့သည်။ ကျွန်တော့် နံဘေးဝဲယာ တင်ထွန်းနှင့် ထင်ပေါ်တို့ကလည်း မျက်နှာတည်ဖြင့် နေပေးသည် ကျွန်တော် ပြောချင်တာတွေ ပြောပြီးသောအခါ အဆိုပါ အတန်း ကျောင်းသား ကျောင်းသူများ (အထူးသဖြင့် ကျောင်းသူများ)၏ တခဲ အားပေးသံကို ကြားရလေသည်။

"ဟား . . ဟေ့ . . ငပေါ . ."

ကျောင်းသားများကလည်း ပစ်ပစ်နှစ်နှစ် ဩဘာပေးကြသည်

"ဆောက်ရှူး"





ဘာအသံတွေ ဘယ်လိုပဲထွက်ထွက် ကျွန်တော်တို့ သုံးယောက် ...းက တာဝန်အရ လာရောက်ကြေညာပေးရသော ရပ်ကွက်လူကြီး၏ ...သံတော်များကဲ့သို့ ခပ်တည်တည်ဖြင့် ပြန်ထွက်ခဲ့ကြ၏။ အခန်းပြင် ...ထွက်တော့မှ တဟားဟားရယ်ဖြစ်၏။

ယခုအလှည့်ကျသော အတန်းက ကျွန်တော်တို့အတန်း . . ...တန်း (ဘီ)။ တင်ထွန်းက အတန်းထဲသို့ဝင်သည်။ ဆရာ-ဆရာမ ...သင်ကြားရာ စင်မြင့်ပေါ်တက်သည်။ အထပ်သား သင်ပုန်းနက်ပေါ် ... မြေဖြူခဲဖြင့် စာတစ်ကြောင်းရေး၏။

"ကျေးဇူးပြု၍ နားထောင်ပါ"

အထက်ပါ စာကြောင်းကို ရေးပြီး စင်မြင့်ပေါ်တွင် တည်တည် ...ငြိမ်ရပ်နေသည်။ တင်ထွန်းရပ်နေရာသို့ ထင်ပေါ်တက်သွားသည်။ ...ယောက်နှင့်တစ်ယောက် တစ်လံအကွာလောက်ခွာလျက်ရပ်၏။ သူ ...နှစ်ဦးထံသို့ တစ်တန်းလုံးက အာရုံရောက်သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါကျမှ . . စာအုပ်တစ်အုပ်ကို လက်တွင် ဟန်ပါပါကိုင်ဆောင်ပြီး တင်ထွန်းနှင့်ထင်ပေါ်တို့အကြားတွင် ကျွန်တော် ရပ်သည်။

"အတန်းသူ အတန်းသားများအားလုံး . . စကားသံတွေ ခဏတိတ်ပေးကြပါ" . . ဟု၊ ကျွန်တော် လက်ဝါးကို မြှောက်လျက်ပြောလိုက်သည်။ တစ်တန်းလုံးတိတ်ဆိတ်သွားသောအခါ ကျွန်တော်က . . .

"ဒီအတန်းထဲမှာရှိကြတဲ့ ကျောင်းသူများ ခင်ဗျား . . ။ ကျွန်တော့်နာမည် ဝေယံလင်းဖြစ်ပါတယ်"

"ထမီသူခိုး"

အတန်း၏အနောက်ဘက်မှ အော်သံတစ်ခုကြားရသည်။ ဒါပေမဲ့ ကျွန်တော် ဂရုမစိုက်ပါ။ ခပ်တည်တည်ပဲ ဖြစ်သည်။ စင်ပေါ်မှကြာကြာနေချင်သူတိုင်း စင်အောက်ကအော်သံတွေကို ဂရုစိုက်လေ့မရှိကြောင်း ကျွန်တော်မြင်ဖူးထားသည်။ (ဥပမာ- နားမကြားရသူများ)

အမေရိကန်သမ္မတ ရော်နယ်လ် ရေဂင်၏ မျက်နှာထားမြိုင်တင်ထွန်းဘက်သို့ လက်ညှိုးထိုးပြကာ . . .

"ဒါက,တော့ ကျွန်တော့်သူငယ်ချင်း တင်ထွန်းဖြစ်ပါတယ်"

"မိန်လာကုလား"





"ကြက်သူခိုး"

အနောက်တန်းမှ အော်ဟစ်ဖော်ကြူးနေသူများကို လက်ကာသတ် . . .

"ဒါက,တော့ ကျွန်တော့်သူငယ်ချင်း ထင်ပေါ်ဖြစ်ပါတယ်"

"ဟေး . . ဖင်ပေါ်တဲ့ဟေ့"

"ဖင်ပေါ်"

ကျွန်တော်တို့သုံးယောက် ဒါမှမဟုတ် တစ်ယောက်ယောက်က ဆော်စရာ ဟားစရာကိစ္စ၊ (သို့မဟုတ်) ပေါတောတောကိစ္စ (သို့မဟုတ်) ကြောင်တောင်တောင်ကိစ္စ တစ်ခုခုကို ပြုမူပြောဆိုတော့မည်ဟု တစ်တန်းလုံးက သဘောပေါက်ထားကြပေလိမ့်မည်။

"ကျွန်တော်တို့ သုံးယောက်စလုံး ဆယ်တန်း (ဘီ)မှာ ပညာသင်ကြားလျက်ရှိပါတယ်။ ဒီအတန်းမှာရှိတဲ့ ကျောင်းသူများခင်ဗျား၊ ကျွန်တော်တို့ သုံးယောက်စလုံးကိုပဲ ဖြစ်ဖြစ် . . တစ်ယောက်ယောက်ကိုပဲ ဖြစ်ဖြစ် တစ်ဖက်သတ်စိတ်နဲ့ မေတ္တာသက်ဝင် ချစ်ကြိုက်နေတယ်ဆိုရင် . . နီးစပ်ရာ အတန်းခေါင်းဆောင်များ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ စာရင်းသွင်းထားကြပါ။

မေတ္တာသက်ဝင်နေသူရဲ့ ကိုယ်ရေးရာဇဝင်နဲ့ တကွ . . ဓာတ်ပုံတစ်ပုံ ပူးတွဲတင်ပြရမှာဖြစ်ပါတယ်။ အခုလ သုံးဆယ့်တစ်ရက်နေ့ နောက်ဆုံးထားပြီး . . လျှောက်လွှာတင်ကြပါ။ သတ်မှတ်ရက်ထက် ကျော် လွန်လာတဲ့ လျှောက်လွှာများကို ကျွန်တော်တို့ ထည့် သွင်းစဉ်းစားမှာ မဟုတ်ပါဘူး"

"ဟား . . ဟေး . . ငပေါ"

"ဟုတ်ကဲ့။ ကျွန်တော်တင်ပြချင်တာ ဒီလောက် ပါပဲ။ ကျေးဇူးတင်ပါတယ်"

တစ်တန်းလုံးရှိ ကျောင်းသူကျောင်းသားများ မတ်တပ်ရပ်ကြ သည်။

"မင်္ဂလာပါ ဆရာ"

ထိုသို့ . . . တလေးတစား နှုတ်ဆက်ကြသဖြင့် ကျွန်တော် အံ့သြရသည်။ ကျွန်တော်တို့ သုံးယောက်စလုံး စင်မြင့်ပေါ်မှ ဆင်းမည် အပြု . . .

"ဟာ"





သင်္ချာသင်သော ဆရာဦးမြင့်စိုးကို ကျွန်တော်တို့ အနီးတွင် တွေ့လိုက်ရ၏။ အခန်းဝကို လှမ်းကြည့်မိသည်။ မင်းမင်းကို မတွေ့ရတော့ ချေ။ ဆရာဦးမြင့်စိုးကို မမြင်ဟန်ပြုပြီး စာသင်ခုံရှိရာသို့ သွားဖို့ခြေလှမ်း ပြင်ကြ၏။

"ဟေ့ကောင်တွေ . . "

"ဗျာ"

"မင်းတို့ ဘာလုပ်နေကြတာလဲ"

"ဟို . . ဟို . . ဆရာမလာသေးလို့ ကျွန်တော် အာဇာနည်နေ့ဟောပြောပွဲအတွက် လေ့ကျင့်နေတာ"

ဆရာဦးမြင့်စိုးက အတန်းသူ အတန်းသားများဘက်သို့ လှည့် ကာ . . .

"ကဲ . . အားလုံး မင်္ဂလာပါ။ ထိုင်ထိုင်"

ကျောင်းသားကျောင်းသူများ ထိုင်ပြီးသောအခါ . . .

"မင်းတို့ကို ဘယ်သူလုပ်ခိုင်းလို့လဲ"

"ဘယ်သူမှ မခိုင်းပါဘူး။ အာဇာနည်နေ့ရောက် တော့မှာမို့ အာဇာနည်စိတ်ဓာတ်တွေ ဝင်လာအောင် ကျွန်တော့်အတန်းသားတွေကို ပြောပြနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . အတန်းထဲမှာ ရှိတဲ့သူတွေ . . သူပြော

တာ ဟုတ်သလား"

"မဟုတ်ပါဘူး"

တညီတညာတည်း ထောက်ခံလိုက်ကြသည်။ ဆရာဦးမြင့်စိုး

က စာပွဲပေါ်တွင် စာအုပ်တင်သည်။ လက်ထဲရှိ ကြိမ်လုံးသေးသေးလေး

ကို အဖျားမှ ကိုင်ကာ ကွေးချည်ဆန့်ချည်လုပ်လျက် . . .

"မင်းတို့သုံးယောက်စလုံး စောစောကအတိုင်း

မတ်တပ်ရပ်"

အမိန့်ကို နာခံပြုရသည်။ ဆရာဦးမြင့်စိုးက ကျွန်တော့်ကို ကြိမ်

လုံးဖြင့် ပုတ်လျက် . . .

"မင်းနာမည် ဝေယံလင်းမဟုတ်လား"

"ဆရာ ဘယ်လိုလုပ်သိလဲ"

"အံမယ် . . ငါ့ကိုများ ပြန်မေးနေသေးတယ်"

ပြောပြီး ကြိမ်လုံးဖြင့်ရွယ်သည်။

"ဟုတ်ပါတယ်။ ကျွန်တော် ဝေယံလင်းပါ"

"ပြော . .။ မင်း . . စောစောက ပြောတဲ့စကား

တွေ ပြန်ပြော။ ပြောလေကွာ"





"မ . . မပြောရဲတော့ဘူး ဆရာ"

"အေး မပြောရဲရင် လုံချည်တွေကို ခြေသလုံး

သားတွေပေါ်တဲ့အထိ,မ"

လုံချည်ကို မ,လိုက်ရတော့သည်။ ကျွန်တော့် ခြေသလုံးသား

တွေ ကြက်သီးထသွားသည်ဟု ထင်၏။ လုံချည်ကို မ,ပြီး ကျွန်တော်က,

"ဆရာ"

"ဘာလဲ"

"ဆရာ ဘယ်နှစ်ချက်ရိုက်မှာလဲ"

"မင်း နာမှာကြောက်လို့လား"

"ဟုတ်ကဲ့"

သနားတတ်မည်ဆိုလျှင် ကျွန်တော့် 'ဟုတ်ကဲ့'သည် တကယ့်

ကို သနားစရာလေသံ ၊ ညှာတာစရာမျက်နှာထားလေးဖြင့် ပြောလိုက်

ခြင်းဖြစ်၏။ တင်ထွန်းနှင့် ထင်ပေါ်က,တော့ လုံချည်လေးတွေ မ,လျက်

ခေါင်းငုံ့ထားကြသည်။

"မင်း ဂုဏ်တော်ကိုးပါး ကြိုက်သလား . .။

အနန္တော အနန္တငါးပါး ကြိုက်သလား . . ရတနာသုံးပါး

ကြိုက်သလား။ နှစ်သက်ရာရွေး"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဦးမြင့်စိုးကို ကျွန်တော် မဝံ့မရဲကြည့်မိသည်။ ဆရာ [illegible] [illegible]သော အရေအတွက်သည် ကြိမ်ဒဏ်အရေအတွက်များကို ရည်ညွှ[illegible] ဖြစ်၏။ ဂုဏ်တော်ကိုးပါးဟု ကျွန်တော်ရွေးလိုက်လျှင် ဂုဏ်တော်ကိုး[illegible] ကို အာရုံပြုခိုင်းပြီး . . ကြိမ်ဒဏ်ကိုးချက် ချီးမြှင့်ပေလိမ့်မည်။ အနန္တ[illegible] အနန္တငါးပါးဟု ပြောမိလျှင် ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသ[illegible] များကို အာရုံပြုခိုင်းပြီး ကြိမ်ဒဏ်ငါးချက် ကျွေးမွေးပေလိမ့်မည်။ ရတ[illegible] သုံးပါးဆိုလျှင်တော့ ဘုရား၊ တရား၊ သံဃာတို့ကို အာရုံပြုခိုင်းပြီး ကြ[illegible] ဒဏ်သုံးချက် စွန့်ကြဲပေလိမ့်မည်။

ထို့ကြောင့် ကျွန်တော်က . . .

"ဆရာ"

"ပြော . . မင်းဘာကို အာရုံပြုချင်သလဲ၊ ဂုဏ်[illegible] တော်ကိုးပါးလား၊ အနန္တ အနန္တငါးပါးလား၊ ရတ[illegible] သုံးပါးလား"

"ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိလို့ ကျွန်တေ[illegible] ယုံကြည်ပါတယ်ဆရာ . . ကျွန်တော် ဂေါတမမြတ်စ[illegible] ဘုရားတစ်ပါးတည်းကိုပဲ အာရုံပြုချင်ပါတယ်"

ဆရာဦးမြင့်စိုး မဲ့ခနဲ ပြုံးသည်။





"ကောင်းပြီ . . ။ မင်းက မြတ်စွာဘုရားတစ်ပါး တည်းကိုပဲ အာရုံပြုချင်တယ်ဆိုတော့ ငါကလည်း . . မင်းကို မြတ်စွာဘုရားအကြောင်း ပြောပြီးမှ ရိုက်မယ်။ မြတ်စွာဘုရားက ဘုရားဖြစ်ဖို့အတွက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းပါရမီဖြည့်ခဲ့ရတယ်တဲ့။ အဲဒီတော့ မင်း ကို သင်္ချာတဲ့အနေနဲ့ လေးဆယ့်တစ်ချက်ပဲ ရိုက် မယ်"

"ဗျာ"

"ကဲ . . မြတ်စွာဘုရားကို အာရုံပြု"

"ရွှမ်း . . ရွှမ်း . . ရွှမ်း . . ရွှမ်း . . . . . . . . . . . . . . . . . . . . . . . . . . . . ."

ထိုစဉ်ကလည်း ကျွန်တော့်အဖြစ်အပျက်ကို ခင်ကေခိုင် သိ သည် မသိသည်၊ မြင်သည် မမြင်သည် ကျွန်တော် အမှတ်မထားခဲ့။



www.burmeseclassic.com

www.burmeseclassic.com



(၈)

သူငယ်ချင်းများနှင့်အတူ ပြောင်တိပြောင်ချော် ပြုမူခဲ့သမျှတွေ ကို ပြန်ပြောရလျှင် ပြော၍ကုန်နိုင်ဖွယ်မရှိ။ နောက်ပြောင်မှုကြောင့် .. ဆရာ၊ ဆရာမများ၏ အပြစ်ပေးခြင်းကို ခံရသည်မှာလည်း ခဏ ခဏ။

ဝက်သားတုတ်ထိုးစားပြီး ထိုတုတ်တံလေးကို လွယ်အိတ်ထဲ ထည့်လိုက်ရုံဖြင့် သတိလစ်သွားသော ကျောင်းသူတစ်ယောက်ကြောင့် ကျောင်းအုပ်ဆရာမကြီး ရုံးခန်းသို့ ရောက်ဖူးသည်။ (ထိုကျောင်းသူမှာ





တ်တာတော်ကြီး၏ သမီး။ မင်းကြီး မင်းလေးဟူသော နတ်နှစ်ပါးနှင့် အဝ်နှံထိမ်းမြားထားသည်ဟု၊ သိကြားရသဖြင့် တမင်နောက်ပြောင်ခဲ့ခြင်း ဖြစ်၏)

အိမ်မြှောင်ကို အရှင်ဖမ်းပြီး စက္ကူဖြင့်ထုပ်လျက် ကျောင်းသူ တစ်ယောက်ကို ပေးဖူးသည်။ ထိုကျောင်းသူမှာ နှာနှပ်ယူရမတတ် ဖြစ် သွားရရှာ၏။

ဂမုန်းနှာနှင့် ခွေးလှေးယားသီးမှုန့်ကို ရော၍ ဇက်ကြောတက် တတ်သော အလိုလိုနေရင်း နှာချေချင်နေသော ကျောင်းသားကျောင်းသူ များကို ဝေငှခဲ့ဖူးသည်။

မည်သူကိုမည်သို့ပင် နောက်နောက် ခင်ကေခိုင်ကို ကျွန်တော် နောက်ပြောင်ကျီစယ်ခဲ့ဖူးခြင်းမရှိသည်မှာ သေချာလှပါသည်။ သို့ဖြစ် သည့်တိုင် ခင်ကေခိုင် ကျွန်တော့်ကို မျက်မုန်းကျိုးနေခြင်းအတွက်တော့ ငြင်းစားစရာမလိုပါ။ အလိုလိုနေရင်း မျက်မုန်းကျိုးပိုင်ခွင့်ရှိသည်။

ကျွန်တော့်ကို ကြည့်လို့မရလောက်အောင် ရွံရှာမုန်းတီးနေသူ တစ်ဦးတစ်ယောက်မျှ မရှိဟု .. ကျွန်တော် သိထားသည်။ ကျွန်တော် နောက်ပြောင်ခြင်းကြောင့် စိတ်ဆိုးသွားကြသူများကို ကျွန်တော် အနောက် သူ့နောက်ကျခံ၍ တောင်းပန်ခဲ့စမြဲဖြစ်သည်။ အလွန်ဆုံး ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးလျှင် လေးငါးဆယ်ရက်သာ ကြာသည်။ သူတို့ ပြုံးပြုံးရယ်ရယ် ဖြစ်သွားသည်အထိ ကျွန်တော် နည်းအမျိုးမျိုးဖြင့် ကြိုးစားတောင်းပန်သည်။ သူတို့ ရယ်ရယ်မောမော ဖြစ်သွားမှ ကျွန်တော် နေသာ၏။

ဝက်သားတုတ်ထိုးဖြင့် အနှောက်ခံရသော လှတင်စိန်ဆိုလျှင် ပထမရက်များ၌ မည်သို့ပင် ကျွန်တော် တောင်းပန်၊ တောင်းပန် 'နင့်ကို တစ်သက်လုံး မကျေဘူး' ဟုသာ ပြောသည်။

ငါးရက်မြောက်သောနေ့မှာတော့ ကျွန်တော် ဇာတ်လမ်းထွင်ရတော့လေသည်။ မုန့်စားဆင်းချိန်တွင် လှတင်စိန်နံဘေးမှာ ကျွန်တော် သွားထိုင်၏။ လှတင်စိန် မျက်နှာလွှဲသည်။

"ငါ နင့်ကို တောင်းပန်ဖို့လာတာ မဟုတ်ဘူး လှတင်စိန်။ မေးစရာရှိလို့ လာတာ"

လှတင်စိန် တစ်ချက်ကြည့်ပြီးတော့ ပြန်လှည့်သွားသည်။ သူ့ အနားသို့ ပိုတိုးကပ်ပြီး . . .





"မင်းကြီး မင်းလေးဆိုတာ တကယ်ရှိလားဟင် လှတင်စိန်"

လှတင်စိန် . . ဆောင့်ကြီးအောင့်ကြီးဖြင့် ကျွန်တော့်ဘက်သို့ လှည့်ပြီး . . .

"မရှိဘဲ လူတွေကိုးကွယ်ပါ့မလားဟဲ့"

"အေး . . ငါလည်းရှိတယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ညက မင်းကြီးမင်းလေး ငါ့ကို အိပ်မက်ပေးတယ်"

"ဟုတ်လား"

လှတင်စိန် စိတ်မဝင်စားဟန်ဖြင့် စိတ်ဝင်စားစွာ မေးသည်။

"ဟုတ်တယ် ထင်တယ်။ မင်းကြီး မင်းလေးက ခေါင်းပေါင်းကြီးတွေ ပေါင်းထားတယ် မဟုတ်လား။ ပြီးတော့ လက်ထဲမှာလည်း မှန်စီရွှေချထားတဲ့ ဓားတွေ ပါတယ်လေ"

"ဟုတ်တယ်"

"ညက . . ငါ့ကိုအိပ်မက်ထဲမှာ လာကြိမ်းသွားတယ် . . ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုကြိမ်းလဲ" ဟု၊ သူ မမေး။

"ငါတို့ရဲ့ နှမတော်လှတင်စိန်လေးကို မင်း .. ဝက်သားတုတ်ထိုးနဲ့ သွားနောက်တယ်မဟုတ်လားတဲ့ ငါကလည်းကြောက်ကြောက်နဲ့ ဟုတ် .. ဟုတ်ပါတယ်လို့လည်း ပြောလိုက်ရော ခွေးမသား သေပေတော့ ဆို ပြီး ငါ့ကို ဝက်နဲ့တိုက်ပါလေရောဟာ .."

"ဝက်မဟုတ်ပါဘူးဟ။ ကျားနဲ့တိုက်တာပါ"

"ကျားမဟုတ်ဘူးဟ။ ဝက် .. ဝက်၊ ဝက်မှ ရိုးရိုးဝက်မဟုတ်ဘူး။ တောဝက် .. အစွယ်ကြီးကို မြ နေတာပဲ .. အ"

"ဘာဖြစ်တာလဲ"

"ညက ငါ့ကို အဲဒီတောဝက်က မြီးညှောင့်ရိုး ကို ပက်တာဟ။ ငါ .. အခု တော်တော်လေးကို နာ တယ်"

လှတင်စိန်က . . .

"အဲဒါ မှတ်ထား။ နတ်ကိုင်တာ"

"နတ်ကိုင်ရင် ယားကျိကျိနဲ့နေမှာပဲနော်" ဟု၊ နောက်မိမည





ဖြစ်သွားသေးသည်။ ဒါပေမဲ့ အဆင်ပြေနေတဲ့အရှိန်လေး ပျက်သွားမှာ စိုးသဖြင့် . . .

"လှတင်စိန်ရယ် .. နင် ငါ့ကို ခွင့်လွှတ်လိုက် စမ်းပါဟာ။ နင်မှ ခွင့်မလွှတ်ရင် ငါ့မြီးညှောင့်ရိုးတော့ ဒီတစ်သက်ပြန်ကောင်းတော့မှာ မဟုတ်ဘူး။ ပြီးတော့ မင်းကြီး မင်းလေးတို့ကိုလည်း တောင်းပန်ပေးပါ .. ။ အမိုက်အမဲလေး မလိမ်မိုး မလိမ္မာလေးမို့ ခွင့်လွှတ်ပါ လို့ နင် တောင်းပန်ပေးမှ ငါ သက်သာမှာဟ"

"အေးလေ .. ငါက,တော့ ခွင့်လွှတ်ပါတယ်။ ကိုယ်တော်ကြီးတို့ ခွင့်လွှတ်တာ မလွှတ်တာတော့ ငါ မသိဘူး။ ဒါပေမဲ့ ငါတောင်းပန်ပေးပါ့မယ်။ နင် နောက် ကို အခုလိုမျိုးမနောက်တော့ပါဘူးလို့ ကတိပေး"

"အေးပါဟာ .. ။ မြန်မြန်လေးသာ တောင်းပန် ပေးပါ"

"နင် ဘာနေ့သားလဲ"

"ဗုဒ္ဓဟူးသား"

လှတင်စိန်က တကယ့်နတ်ခေါင်းစီး အိုက်တင်ဖြင့် မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



ထောင့်ကပ်ကာ စဉ်းစားဟန်ပြုပြီး . . .

"နင် ငါ့ကို ဝက်သားလှူရမယ်"

"ဟာ . . ဟိုနေ့က,တော့ ဝက်သားတုတ်လေး နဲ့ နောက်တာတောင် သတိလစ်သွားပြီး . . အခုတော့ ဝက်သားကို အလှူခံတယ် ဟုတ်လား။ နင် ဝက်သား ပြန်စားတော့မလို့လား"

"ဩော် . . သေခြင်းဆိုး။ အလှူခံတယ်ဆိုတာ နင်မစားတော့ဘူးလို့ ပြောခိုင်းတာ။ ဝက်သားကို စွန့် လွှတ်ခိုင်းတာ"

"အဆီစားရင်ကော ရလား"

"မရဘူး။ အနံ့တောင် မခံနိုင်ဘူး"

"အေးဟာ . . လှူတယ်ဟာ"

လှတင်စိန်ကို ဝက်သား လှူပြီးကတည်းက . . . လှတင်စိန် ကျွန်တော့်ကို စိတ်မဆိုးတော့ချေ . .။ ကျောင်းမှာ ဝက်သားစားချင်လျှင် တော့ သူမသိအောင်ခိုးစားရ၏။





အိမ်မြှောင်ဖြင့် နောက်ပြောင်ခဲ့သောကြောင့် အထိတ်တလန့် [illegible]သွားသော ဝေဝေဦးကိုလည်း သူ စိတ်ဆိုးပြေသည်အထိ ကျွန်တော် [illegible]ဆန်ခဲ့သည်။

"နင့်ကို အိမ်မြှောင်နဲ့နောက်လို့လား မသိဘူး။ ညက . . ငါ့ကို အိပ်မက်ထဲမှာ မိကျောင်းကိုက်တယ်"

ဝေဝေဦးက သူ့မျက်ခုံးမွေး သေးသေးလေးကို တွန့်လျက် . .

"အိမ်မြှောင်နဲ့ နောက်တာနဲ့ မိကျောင်းကိုက်တာ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ဟ။ နင့်ကို စက္ကူနဲ့ထုပ်ပြီး ပေးလိုက်တဲ့အိမ်မြှောင်ကနေ တဖြည်းဖြည်းမိကျောင်းကြီး ဖြစ်လာပြီး ငါ့ကိုကိုက်တာ။ ငါ့အထင်တော့ . . နင့်ကို ငါပေးလိုက်တဲ့ အိမ်မြှောင်က . . နတ်အိမ်မြှောင်လား မသိဘူး"

"ဝေယံလင်းရယ် . . နင်သိပ်ပြီး ပေါက်ကရ ပြောတာပဲ"

ဝေဝေဦးက မျက်စောင်းလေးထိုးသည်။ အဲဒါ ကျွန်တော့်ကို [illegible]တဲ့ ကျွန်တော့်သူငယ်ချင်းမလေးတွေရဲ့ စိတ်မဆိုးတော့ဘူးဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမှုအယာလေးတွေပေါ့။

ဂမုန်းနွာနဲ့နန္ဒင်းရောပြီးရှူရင် ဇက်ကြောတက်ပျောက်တ
ဆိုတာမေ့ပြီး ခွေးလှေးယားသီးနဲ့ ရောမိတာ။ အကုန်ဒုက္ခရောက်
ရော . . ။

အမှန်က ပါးစပ်ထဲရှိတာ ပြောလိုက်ခြင်းဖြစ်သည်။ ဇက်ကြေ
တက် ပျောက်မပျောက် ကျွန်တော်မသိပါ။ သို့သော် . . .

အနောက်အပြောင်ခံလိုက်ရသူများအားလုံး တစ်ရက် နှစ်
နေသောအခါ ကျွန်တော့်ကို စိတ်ဆိုးပြေကြသည်။ တချို့ဆို နှာခေ
ယားယံနေရင်းက . . ရယ်လိုက် ဆဲလိုက်ဖြင့် စိတ်ဆိုးဖို့ပင် မတွေ
အားလုံးက ကျွန်တော့်ကို . . ချစ်ကြသည်။ ခင်ကြသည်။ မည်သူ
ကျွန်တော် ရန်မဖြစ်ဖူးခဲ့။ မည်သူကမျှလည်း ကျွန်တော့်ကို ရန်ဖြစ်
ဟု မသတ်မှတ်ခဲ့ကြချေ။

ကျွန်တော်ကိုယ်တိုင်၏ ကိုယ်ထိလက်ရောက် နောက်ပြော
ခြင်း ခံရသူများကိုယ်နှိုက်က မလိုမုန်းတီးစိတ် မဖြစ်ပါဘဲလျက် ခင်





ခိုင်ဟုခေါ်သော ကျွန်တော်သတိမပြုမိခဲ့ဖူးသည့် မိန်းကလေးတစ်ယောက်
က ဘာကြောင့်များ ကျွန်တော့်ကို "ကြည့်လို့မရဘူး" ဟူသော စကားကို
အသားလွတ် သုံးစွဲရပါသလဲ . . ။

"ကြည့်လို့မရဘူး" . . ဟူသော ထိုစကားကို ကျွန်တော့်အား
ကိုယ်တိုင်ကိုယ်ကျ လာပြောခဲ့လျှင် "နင့်ကို ငါသိတောင် မသိဘူး။ နင့်
ကို ငါ ဘယ်တုန်းက ဘာလုပ်ဖူးလို့လဲ" ဟု ပြောပစ်လိုက်ပေမည်။

ဒါပေမဲ့ . . ခိုင့်ကို ထိုသို့မပြောရက်ခဲ့။

"သင့်မှာ မိတ်ဆွေ ငါးဆယ်ရှိသလား . . နည်းပါသည်။ ရန်သူ
တစ်ယောက်ရှိသလား . . များပါသည်" ဟူသော အနောက်တိုင်းစကား
ပုံတစ်ခု၏ ဆိုလိုရင်းကဲ့သို့ ကျွန်တော့်မှာ ရန်သူတစ်ယောက်မျှ မရှိချင်
ပါ။

ခင်ကေခိုင်အပါအဝင် မည်သူပဲဖြစ်ဖြစ် . . ကျွန်တော့်အပေါ်
ရန်သူလို သဘောထားနေမည်ကို ကျွန်တော် စိုးရိမ်သည်။

လူမှန်းသိစကတည်းက ဘဝဆိုတာကို တွေးကြည့်လိုက်ရုံဖြင့်
စိတ်လန့်တုန်လှုပ်ဖွယ်သော မြင်ကွင်းတွေ မဖွယ်မရာကိစ္စတွေကို မြင်
တွေ့ခဲ့ရသော ကျွန်တော့်အဖို့ . . လောကကြီးထဲတွင် စိတ်ညစ်ညူးမှုများ
နှာ ကြေကွဲနေလို့မဖြစ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



နာကျင်စရာ လောကကြီးကို ကြင်နာစရာဟု သတ်မှတ်ချင်သည်။ "စိတ်ညစ်တယ်" ဟူသော ဝေါဟာရကို ကျွန်တော်နှင့် မည်သို့မျှ မပတ်သတ်သော ဝေါဟာရဟု . . ကျွန်တော် သတ်မှတ်ထားချင်၏။ ထို့ကြောင့် ကျွန်တော် ပျော်ပျော်နေသည်။

အားလုံးကိုလည်း ပျော်စေချင်သည်။

ကျွန်တော့်၏ ဘဝပေးအသိ ရင်တွင်းအခြေအနေအရ . . .

ကျွန်တော် ပျော်ပျော်နေမှ ဖြစ်ပေလိမ့်မည်။ ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော်မည်သူ့ကိုမျှ ဖြေရှင်းရှင်းဖွင့်ချင်စိတ်မရှိချေ။

တစ်စုံတစ်ယောက်က လူပေါ့လူပျက်ဟု ဝေဖန်မည်ဆိုလျှင်လည်း ကျွန်တော် ဘာကြောင့်ပေါ့ပျက်ရတာပါ . . ဟု၊ အကြောင်းမပြဆင်ခြေမပေး။ အားလုံး ထင်ချင်သလို ထင်နိုင်ပါသည်။

ခင်ကေခိုင် . . .

မြင်ချင်သလို မြင်နိုင်ပါသည် . . ။





(၉)

ကျွန်တော်နှင့်ခင်ကေခိုင် အကတိုက်သည်မှာ တစ်ရက်တည်းနှင့် မပြီးပြတ်။ အိမ်တွင်းမှုတာဆရာမ ဒေါ်ခင်ခင်အုန်းက တွံတေးသိန်းတန်နှင့် ချစ်စံပယ်တို့ သီဆိုထားသော 'မောင်ရွှေရိုးနဲ့ချစ်စံပယ်' သီချင်းအခွေ နှစ်ခွေယူလာသည်။ အကမတိုက်ခင် လေးငါးရက်လောက်ကတည်းက ကျွန်တော်နှင့် ခင်ကေခိုင်ကို သီချင်းခွေတွေ ကြိုပေးထားသည်။

အကတိုက်သည့်နေ့တွင် ကျွန်တော်က သီချင်းစာသားတွေကို အလွတ်ရပြီးနေပေပြီ။ ခင်ကေခိုင်က မကျေညက်သေး။

ခေါင်း . . ခါး . . ခြေ . . လက် ကကြိုးကကွက်များအတွက် ခင်ကေခိုင်အနီးတွင် အကသင်သောဆရာမတစ်ယောက်ထားပေးသည်။ မောင်ရွှေရိုးနေရာတွင် ကပြရမည့် ကျွန်တော့်အတွက် ဆရာမရှိ။

"မောင်ဝေယံလင်းက ဒီလောက်တော့ အပျော့ပေါ့။ ဆရာမလို



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး" . . ဟု ဆရာမ ဒေါ်ခင်ခင်အုန်း ပြော၏။ အမှန်တကယ်လည်း ကျွန်တော် အခက်အခဲမရှိ။

အခက်အခဲဖြစ်နေသည်က,တော့ . . ခင်ကေခိုင်ပဲ ဖြစ်သည်။ ကကြိုးကကွက်တွေ ကျေညက်ပြီး သီချင်းစာသားတွေလိုက်ဆိုနိုင်ပြီဖြစ်သော်လည်း သူ့မျက်နှာထားက အငြိမ့်ကနေသည်နှင့်မတူ။ မျက်တောင်မခပ်၊ နှုတ်ခမ်းမလှုပ်သော အရုပ်တစ်ရုပ်နှင့် တူနေသည်။

ဒါကို ဆရာမတွေလည်း သတိပြုမိသည်။

"သမီး ပြုံးရမယ့်နေရာပြုံး။ မျက်စောင်းထိုးမယ့် နေရာထိုး။ မျက်နှာကို အမြဲတမ်းတည်မထားနဲ့"

"ဟုတ်ကဲ့ တီချယ်"

"ဟုတ်ကဲ့" . . ဟုသာ ပြောသည်။

မျက်နှာကြောက တစ်မျှင်မျှမလျော့။

ခင်ကေခိုင်နေရာမှာ တခြားမင်းသမီးတစ်ယောက်ဆိုရင် သိပ်ကောင်းမှာပဲ . . ဟု ကျွန်တော် တွေးမိသည်။ သူ တည်နေလွန်းသဖြင့် ကျွန်တော်ပါ ပြောင်ဖို့ ပျက်ဖို့ခက်ရသည်။





"ခင်ကေခိုင်ကို . . သူတစ်ယောက်တည်း တစ်ပင်တိုင်အကပဲ ခိုင်းလိုက်ပါလားဟင် တီချယ်" . . ဟု ဆရာမ ဒေါ်ခင်ခင်အုန်းကို ကျွန်တော်ပြောသည်။

"ခင်ကေခိုင်က လှတယ်။ သားက ချောတယ်။ အချောနဲ့အလှကိုတွဲကစေချင်လို့ တီချယ်တို့စီစဉ်တာ။ ပြီးတော့ သားတို့နှစ်ယောက်လုံးက စာတော်တယ်လေ။ အတူတူကပြရတော့ ပိုပျော်စရာကောင်းတာပေါ့"

ကျွန်တော် ခေါင်းကုတ်မိသည်။

"မဟုတ်ဘူး တီချယ်။ ဒီမောင်ရွှေရိုးနဲ့ချစ်စံပယ် သီချင်းက နှစ်ယောက်စလုံး အပေးအယူမျှမှ ကြည့်ကောင်းမှာ။ အခုအတိုင်းဆိုရင် စင်ပေါ်မှာ ကျွန်တော် လူရွှင်တော်မဖြစ်ဘဲ လူပေါကြီးဖြစ်နေလိမ့်မယ်"

"မဖြစ်ပါဘူးကွယ် . .။ သားက အဲဒီလောက် အထိ မညံ့ပါဘူး။ စင်ပေါ်ရောက်ရင် အဆင်ပြေသွားမှာပါ"

ခေါင်းကိုသာ ညိတ်လိုက်ရသည်။

ခင်ကေခိုင် ချစ်စံပယ်မဖြစ်ဘဲ . . မချစ်တဲ့စံပယ် ဖြစ်နေလိမ့်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ည်တို့ ကျွန်တော် ကြုံသိနေ၏။

သူငယ်တော်အက ကမည့်ကျောင်းသူတစ်ဦး အကတိုက်ခ
စဉ်တွင် ဝရံတာရှိ ကုလားထိုင်မှာ ခင်ကေခိုင်ထိုင်နေသည်။ ကျွန်တော်
သူ့အနားသို့သွားလိုက်သည်။

အနားသို့ ကျွန်တော် ရောက်သော်လည်း . . ကျွန်တော့်ကို
တစ်ချက်ကြည့်သည်။ ပြီးမှ ရှေ့တည့်တည့်ရှိ စာသင်ခန်းတွေဘက်
မျက်နှာမူလေသည်။

"နင် က,တာ မျက်နှာထား တင်းနေတယ်"

သူ ကျွန်တော့်ကို မကျေမနပ် မော့ကြည့်သည်။ သူ့နှုတ်ခမ်း
လှလှလေး၏ပတ်ဝန်းကျင်ရှိ မှည့်နက်လေးသုံးလေးကို ငေးကြည့်မိလျ
သား ဖြစ်သွားသေးသည်။

"နင် ဆရာလာ မလုပ်နဲ့"

ထိုစကားကို တတ်နိုင်လျှင် ကျွန်တော်မည်သို့မျှ မခံစားချင်ပါ





"အပြင်မှာ ရင်းနှီးဖို့ ပြောနေတာမဟုတ်ဘူး။
က,တဲ့အချိန်မှာ လိုအပ်လို့ ပြောနေတာ"

"လိုအပ်ရင် ဆရာမတွေ ပြောလိမ့်မယ်။ နင်
ပြောစရာမလိုဘူး"

"ဝေယံလင်းနဲ့တွဲမကချင်ဘူးလို့ တီချယ် ဒေါ်
ခင်ခင်အုန်းကို ပြောလိုက်ပါလား ခင်ကေခိုင်"

လှပရွှန်းလဲ့သော မျက်ဝန်းအစုံသည် ကျွန်တော့်ကို ငဲ့ကြည့်
သောအခါ မီးဟုန်းဟုန်းတောက်နေသကဲ့သို့ရှိ၏။

"ပြောလို့ရမှာ မဟုတ်လို့ ငါမပြောတာ"

"စိတ်မပါဘဲ အားနာလို့လုပ်နေတာထက်စာ
ရင် . . မကချင်ဘူးလို့ . . ပြောပြီး ငြင်းပစ်လိုက်တာ
အကောင်းဆုံးပဲ ခင်ကေခိုင်။ ငါနဲ့တွဲကရမယ်ဆိုတော့
မှ ငါ နင့်ကိုသိတာ။ ဟိုတုန်းက သိလည်း မသိဘူး။ ရှိ
မှန်းမသိဘူး။ အခုမှ သိမြင်တဲ့သူကို ရန်သူလိုသဘော
ထားတာမျိုးတော့ ငါ မနေတတ်တာအမှန်ပဲ။ ဒါပေမဲ့
ကိစ္စမရှိပါဘူး။ ငါ့တာဝန်ကို ငါကျေအောင် လုပ်ပါ့
မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အကတိုက်နေရာအခန်းထဲသို့ ကျွန်တော် ဝင်ခဲ့သည်။ ရင်ထဲမှာ ငိုချင်သလိုလို ဖြစ်ရ၏။

"ငါ့ကို နင်က သောက်မြင်ကပ်နေရအောင် . . ငါက နင့်ကို ဘာလုပ်ဖူးလို့လဲ . . လို့ မေးလိုက်ပါလား။ နင်က, မကချင်သလို ငါလည်း မကချင်ဘူးဆိုပြီး တစ်ခါတည်း တီချယ်ကိုပြောပြီး ထွက်ခဲ့ပြီးရော . ."

ထင်ပေါ်က မကျေမချမ်းပြောသည်။ ကျွန်တော်က . . .

"တီချယ်တို့ အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ ကွ။ ပြီးတော့ . . ငါ ဘယ်သူနဲ့မှ ရန်မဖြစ်ချင်ဘူး"

"ခင်ကေခိုင်တို့ မိဘတွေက ချမ်းသာလို့လား" ဟု၊ တင်ထွန်း မေးသည်။

"ချမ်းသာတာနဲ့ မဆိုင်ပါဘူး။ မတူမတန်လို့ မခေါ်မပြောချင်တာမျိုးမှ မဟုတ်တာ" ဟု၊ ကျွန်တော် ပြောမိသည်။ မင်းမင်းက . .





"ဘာမှမဟုတ်ဘူး။ နင်က အဲ . . မင်းကတခြား သူတွေကိုတော့ နောက်နောက်ပြောင်ပြောင်နေပြီး၊ သူ့ကိုတော့ မနောက်လို့ မကျေမနပ်ဖြစ်နေတာနဲ့တူတယ်"

ထင်ပေါ်က ကျွန်တော့် ပခုံးကို ပုတ်ကာ . . .

"ခင်ကေခိုင် ရယ်မောသွားအောင် မင်းတစ်ခုခု လုပ်လိုက်ပါလား။ သူ့ကို မင်း နောက်နောက် ပြောင်ပြောင်နေလိုက်ရင် သူတရင်းတနှီးဖြစ်လာမယ် ထင်တယ်"

ကျွန်တော် ခေါင်းခါသည်။

"သူ့ကို မြင်လိုက်ကတည်းက, ငါ နောက်ချင်ပြောင်ချင်စိတ်မရှိဘူး။ ငါ့ကို ကြည့်လို့မရဘူးဆိုတာ သိလိုက်ရတော့ ပိုဆိုးတာပေါ့ . .။ သေနတ်နဲ့ချိန်ထားတဲ့ သူရှေ့မှာ နေရသလိုပဲ။ နောက်ဖို့ပြောင်ဖို့ နေနေသာသာ လှုပ်ကို မလှုပ်ချင်တော့ဘူး။ မလှုပ်ရဲတော့ဘူး"

တင်ထွန်းက ခဲတစ်လုံးကို ခြေဖြင့်ခပ်ပြီး . . .

"အလိုလိုနေရင်း ကြောက်သွားပြီပေါ့ . . ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား"

"ငါမပြောတတ်ဘူး တင်ထွန်း၊ တစ်ယောက်က ငါ့ကို မုန်းနေတာမျိုး ငါတစ်ခါမှ မကြုံဖူးဘူး။ ခံစားဖူးဘူး။ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ငါချစ်ချစ်ခင်ခင်နေချင်တယ်။ အားလုံးကလည်း ချစ်ခင်နေတာမျိုးပဲ နေတတ်တယ်။ အခုတော့ မုန်းနေတဲ့သူတစ်ယောက်ရှိနေတာ သေချာသွားပြီလေ"

ထင်ပေါ်က . . .

"စာရင်းထဲ တည့်မနေပါနဲ့ကွာ။ ဒီလိုပါပဲ . . . မချစ်ခင်တော့ မုန်းနေကြရမှာပေါ့"

"မင်းစကားက,လည်း ဘာစကားလဲကွ"

"နမိတ်ပြစကားလေ။ ကိုယ့်ကိုကြည့်လို့မရတာဘဲ။ သူ့မျက်လုံးနဲ့သူ ကြည့်လို့မရတာ ဘာဖြစ်လဲ။ အဲဒါကို မင်းက မခံစားနိုင်တဲ့ပုံဖြစ်နေတယ်။ သူ ကြည့်လို့ရအောင် နေပြတော့မယ့်အတိုင်းပဲ။ အဲဒါကိုက မင်းရဲ့ထူးခြားချက်။ မျက်စိပျက် မျက်နှာပျက်ကို ခံစားနေတာ။ ငါက,တော့ မင်းသူ့ကို ကြိုက်နေပြီလို့ထင်တာပဲ"





"မင်းကလည်း မီးလောင်ရာ ဥသြစွဲနေပြန်ပြီ"

မင်းမင်းက . . .

"ငါအကြံတစ်ခုပေးမယ်"

"ဘာကိုလဲ"

"ခင်ကေခိုင်က မင်းကို ကြည့်မရဘူးဆိုတော့ ကြည့်လို့ရအောင် တစ်ခုခုလုပ်ပေးလိုက်ပါလား"

"ဘာလုပ်ပေးရမှာလဲ"

"ပါဝါမျက်မှန်တစ်လက်လောက် လုပ်ပေးလိုက်ပေါ့"

"သြော် . . . အရေးထဲ" . . ဟု ပြောပြီး မင်းမင်း၏ဇက်ပိုးကို သားစာအုပ်ဖြင့် ကျွန်တော်ရိုက်သည်။ လက်ထဲမှ "မော်ရွှေရိုးနှင့် ချစ်မယ်" သီချင်းတိပ်ခွေလေး လမ်းမပေါ်သို့ လွတ်ကျသွားသည်။ ဘူးခွံခြား . . တိပ်ခွေတခြား ဖြစ်သွားသည်။ ဘူးခွံ၏ လက်ဝံဘက်ထောင့်အစွန်းတွင် အနည်းငယ်သော အက်ကြောင်းတစ်ခုထင်သွားသည်။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



(၁၀)

ခင်ကေခိုင်ကို ဝေ့ခနဲသာ ကျွန်တော် ကြည့်လိုက်မိသည်။ ခေ
ပြေငြိမ်းသော နတ်သမီးတစ်ပါးသာ သူနှင့်ကျွန်တော်အကြားမှာ ရှိနေ
လျှင် ကောင်းပေမည်။ သူနှင့်ကျွန်တော်သာ စကားတစ်တွတ်တွတ်ပြော
တရင်းတနှီးရှိခဲ့သည့် သူငယ်ချင်းနှစ်ယောက်သာဆိုလျှင် . . မင်းသမီး
အဝတ်အစားလေးဖြင့် ကန္ဒြေရလွန်းစွာ ထိုင်နေသောသူ့အပါးသို့ . .
ကျွန်တော်သွားပြီး "ခိုင်ရယ် . . နင်သိပ်လှတာပဲ" ဟု၊ ပြောလိုက်မိမှာ
သေချာသည်။

တကယ့်နတ်ဒေဝီလေး တစ်ပါးကဲ့သို့ ခင်ကေခိုင်လှလွန်းနေ
သည်ကိုသည်နေ့မှ ကျွန်တော် သတိပြုမိသည်။ အခါတိုင်းထက် ပို၍
လက်ခံဖြစ်သည်။ "သူ့မဲ့သုံးလုံးက သချ်ာတွက်ရင် ရှေ့ကနေ နေရာ
ထိုကြောင့်ဆိုတဲ့ အစက်သုံးစက်လိုပဲနော်". . ဟူသော အသံတစ်သံ
မိတ်ကပ်လိမ်းနေသော ကျောင်းသူတစ်ယောက်ထံမှ ကြားနေရ၏။





လှလွန်းသူ၏မျက်နှာတွင်မှ ထူးခြားတင့်တယ်စွာသော မှဲ့သုံး
လုံးက ပို၍ထင်ရှားစေသည်။ အကယ်၍များ ခင်ကေခိုင် ပြုံးလိုက်ပါက
နှုတ်ခမ်းပါးအစွန်းတစ်ဖက်တစ်ချက်စီမှာရှိတဲ့ မှဲ့နက်လေးနှစ်လုံးက ပါး
ပြင်ပေါ်သို့ ပျံတက်သွားသယောင် ဖြစ်နေလိမ့်မည်ဟု၊ ကျွန်တော် တွေး
ထင်သည်။ ဒါမှမဟုတ် နှုတ်ခမ်းချိုင့်အတွင်းမှာရှိသော အလယ်တည့်
တည့် မှဲ့နက်လေးထံသို့ အောက်ဘက်ရှိ မှဲ့နှစ်လုံးက လှမ်းခေါ် နှုတ်ဆက်
သကဲ့သို့ ရှိချေမည်။

သူ့မျက်နှာပေါ်မှာ . . .

ထို . . မှဲ့နက်လေး သုံးလုံးမရှိတော့လျှင်လည်း ခင်ကေခိုင် လှ
နေပါသည်။ ထို မှဲ့နက်လေးသုံးလုံးရှိနေခြင်းကြောင့်လည်း ခင်ကေခိုင်
ပို၍ လှလွန်းနေချေသည်။

"မောင်ဝေယံလင်း . . နှုတ်ခမ်းမွေး တတ်ထား
လိုက်တော့၊ ပြီးရင် . . ခင်ကေခိုင် အနားသွားထိုင်နေ"
ဆရာမ ဒေါ်ခင်ခင်အုန်းကို ကျွန်တော် ခေါင်းညိတ်ပြလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ပရိသတ်ထဲတွင် ခင်ကေခိုင်၏မိဘများရှိနေကြမည်။ ကျွန်တော် ကတော့ သူငယ်ချင်းတွေနှင့်သာ အတူလာခဲ့၏။ ဖေဖေနှင့်မေမေကို ဒီနေ့ ဆုပေးပွဲရှိတယ် . . ဟုပင် မပြောခဲ့။ ဖေဖေနှင့်မေမေကို ဒီလိုအခမ်းအနားမျိုးမှာ ကျွန်တော် ရှိစေချင်သည်။

"မင်း မိဘတွေရော" ဟု၊ ဆရာမ ဒေါ်ခင်ခင်အုန်း မေးသည်။

"ဖေဖေတို့က မအားကြဘူးတီချယ်"

"ဒါဆို သားက ဘယ်သူနဲ့လာတာလဲ"

ကျွန်တော်က ရယ်လျက် . . .

"ကျွန်တော့် သူငယ်ချင်းတွေနဲ့"

"မင်း ဆုယူရမှာပဲ . . ။ မိဘတွေပါလာတော့ ကောင်းတာပေါ့ သားရဲ့"

"နောင်နှစ်ကျမှပဲ ခေါ်လာတော့မယ်"

ကျွန်တော် ရယ်စရာကဲ့သို့ ပြောလိုက်၏။ "အေး . . အေး . . ခေါ်လာရပါစေ . . ခေါ်လာရပါစေ . . "ဟု၊ ဆရာမ ဒေါ်ခင်ခင်အုန်း ဆုပေးသည်။

"အခုတစ်ဖန် ဆက်လက် ဖျော်ဖြေမှာကတော့ နဝမတန်းမှာ ပထမဆုရတဲ့ မခင်ကေခိုင်နဲ့ ဆဋ္ဌမဆု





ရတဲ့ မောင်ဝေယံလင်းတို့ရဲ့ မောင်ရွှေရိုးနဲ့ ချစ်စံပယ် တေးသရုပ်ဖော်ပဲ ဖြစ်ပါတယ်။ ရှုစားတော်မူကြပါရှင်"

"ဖြောင်း . . ဖြောင်း . . ဖြောင်း"

စင်မြင့်ပေါ်သို့ ခင်ကေခိုင်တက်ပြီးမှ ကျွန်တော် တက်သည်။ စင်ပေါ်သို့ ရောက်လျှင်ရောက်ချင်း ခင်ကေခိုင်ကို ခင်ကေခိုင် ဟုထင်နေသောစိတ်၊ ကျွန်တော့်ကိုယ် ကျွန်တော် ဝေယံလင်းဟု သိနေသောစိတ်တွေကို ပေ့ါပါးစွာဖျောက်ပစ်လိုက်သည်။

ကျွန်တော် မောင်ရွှေရိုးဖြစ်သွားသည်။

"မောင်ရွှေရိုး မောင်ရွှေရိုး"

"ဗျာ . . "

"လှုပြက်ကလေးမှာ သနားစရာ . . ဟော့ ရှက်ပါတယ်ကွာ . . . ရွှေမင်းသမီးအနားမှာ တစ်ဖဝါးမှ မခွာ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင်ကညာ ကြင်ကြင်ပါ ပုံပုံပမာ ယုံယုံ ကိန္နရာမောင်နှံများအသွင် မခွဲဘဲနေချင်တာ အချ ရာ . ."

ကျွန်တော့် ဟန်အမူအယာတစ်ခုကြောင့် လက်ခုပ်သံတ ကြားရသည်။

"မောင်ရွှေရိုး မောင်ရွှေရိုး"

"ဗျာ . ."

"လှုပြက်ကလေးမှာ သနားစရာ . . ဟော့ ပါတယ်ကွာ . . ."

"မရှက်နိုင်ပါဘူးဗျာ"

"ရွှေမင်းသမီးအနားမှာ တစ်ဖဝါးမှ မခွာ"

"ခင်ခင်ကညာ ကြင်ကြင်ပါ ပုံပုံပမာ ယုံ ကိန္နရာမောင်နှံများအသွင် မခွဲဘဲနေချင်တာ အ

"အငြိမ့်ခုံပေါ်မှာကတော့ ကိုယ့်အနားမ ဆရာလို့ . . ဇာတ်ခုံပေါ်မှာကတော့ ကိုယ့်အနား နဲ့ ဆရာ . . လှုပြက်ကလေးတွေ ဘယ်ညာ နှစ် မှာ ပျော်ရွှင်လျက်သာ ရှိသဲ့သဲ့နဲ့ပါ . . လို့ . ."





အတီးပိုင်းဝင်၍ ခေါင်း . . ခါး . . ခြေ . . လက် ကနေရသည် အထိ ခင်ကေခိုင်မျက်နှာသည် မရယ်မပြုံးသေး။ "ပြုံးပြုံးလေး နေလေ သာ . ." ကျွန်တော် ဟန်မပျက်စွာ ပြောသေးသည်။ သူ အသိအမှတ် မပြု။

"အငြိမ့်ခုံပေါ်မှာကတော့ ကိုယ့်အနားမကပ်နဲ့ ဆရာလို့"

"ဘာဖြစ်လို့လဲဗျာ"

"ဇာတ်ခုံပေါ်မှာ ကတော့ ကိုယ့်အနားမကပ်နဲ့ ဆရာ"

"မဟုတ်သေးပါဘူးဗျာ"

ကျွန်တော် သူ့အနားသို့ တိုးကပ်သွားဟန် ခဏခဏပြုသည်။ ပရိသတ်တွေက ပြုံးကြရယ်ကြ၏။

"လှုပြက်ကလေးတွေ ဘယ်ညာနှစ်ဖက်မှာ . . ပျော်ရွှင်လျက်သာ ရှိသဲ့သဲ့နဲ့ပါ . . လို့"

"မင်းသမီးကို ပိုးရတာ နှစ်,လ တာရှည်ကြာ"

"ဘယ်လောက်ကြာကြာပေါ့"

"အစစကိုပဲ ဖွဲ့မျိုးခံ၊ ချစ်ခဲ့ရသူအမှန်ပါ . ."



www.burmeseclassic.com

www.burmeseclassic.com



လှည်းနေလှေအောင်း မြင်းဖောင်းမကျန် အားလုံး
ကြတာ"

"ဘယ်သူသိသိပေါ့ . ."

"ရွှေမင်းသမီးနဲ့ မောင်ရွှေရိုးဟာ တစ်နေ့တေ
ရကြမှာ"

"ဘယ်တော့မှ မရနိုင်ဘူး"

"အငြိမ့်ခုံပေါ်မှာ ကတော့ ကိုယ့်အနားမတ
နဲ့ဆရာ"

ကျွန်တော့်ကို တွန်းထုတ်စေချင်၍ သူ့ရှေ့တည့်တည့်တွင်
သည်။ ဒါကို သူတွန်းမထုတ်။ ထို့ကြောင့် ကျွန်တော့်ဘာသာ ယိုင်
လုပ်လိုက်ရသည်။

"ဇာတ်ခုံပေါ်မှာ ကတော့ ကိုယ့်အနားမတ
ဆရာ . . လူပြက်ကလေးတွေ ဘယ်ညာနှစ်ဘက်
ပျော်ရွှင်လျက်သာ ရှိသဲ့သဲ့နဲ့ပါ . . လို့"

အတီးပိုဒ်ဝင်သည်။ ခင်ကေခိုင် ကသည်။ ကျွန်တော် အ
နိုင်ဆုံး ကြိုးစားပြောင်ပျက်သည်။ ဒီအချိန်ကျမှ စင်ပေါ်မှနေပြီး
"တီချယ်ရေ . . ဟောဒီမှာ ခင်ကေခိုင် မျက်နှာသေကြီးနဲ့ ကနေတ





လှမ်းပြီး အော်တိုင်ဖို့ကလည်းမဖြစ်တော့ချေ။

ခင်ကေခိုင် . . စိတ်မပါလက်မပါ ဖြစ်နေသည်ကို ပရိသတ်
ရိပ်စားမိအောင် ကျွန်တော်ပို၍ ကြိုးစားလိုက်ရသည်။

"မင်းသမီးကိုပိုးရတာ နှစ်,လ တာ့ရှည်ကြာ . .
အစစကိုပဲ ဖွဲ့မျိုးခံ၊ ချစ်ခဲ့ရသူအမှန်ပါဗျာ"

"ဘယ်သူပဲ ချစ်ချစ်ပေါ့"

"လှည်းနေ လှေအောင်း မြင်းဖောင်းမကျန် . .
အားလုံးသိကြတာ"

"သိပစေလေ"

"ရွှေမင်းသမီးနဲ့ ကျွန်တော်မောင်ရွှေရိုးဟာ တစ်
နေ့တော့ ရကြမှာ"

"လူရွှင်တော်ဆိုပြီး ရွှေမင်းသမီးနဲ့လာတွဲတာ"

"အဲဒါ ဘာဖြစ်လဲဗျာ"

"ပရိသတ်လက်မခံပါဆရာ"

"လက်ခံမှာပါဗျာ"

"အငြိမ့်ခုံ နံဘေးကနေ ကန့်ကွက်ကြပေါ့ . .
ကျွန်တော့်ကို တွန်းမထုတ်မှာစိုးသဖြင့် ကျွန်တော်သူ့ဘို တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။ ထိုအခါကျမှ သူလက်ကာသည်။

"အနားမကပ်နဲ့လေ .. မျက်ရည်မဝဲနဲ့ လှုပြက်ကလေး မောင်ရွှေရိုး သနားစရာ"

"ရှိ .. ရှိ .. ဖြောင်း .. ဖြောင်း .. ဟေး .. မောင်ရွှေရိုး မင်းသမီးအနားမကပ်နဲ့ ဆင်းတော့ဟေ့ ဆင်းတော့ .."

ကျွန်တော် ခင်ကေခိုင့်အနားသို့ ပြေးကပ်ပစ်လိုက်သည်။ ပရိသတ်တွေ ဘယ်လိုရှိနေမည်ကို ကျွန်တော် မသိချင်တော့ . . .

"လူရွှင်တော်ဆိုပြီး မင်းသမီးနဲ့လာတွဲတာ"

"အဲဒါ ဘာဖြစ်လဲ"

"ပရိသတ်က လက်မခံပါဆရာ"

"လက်ခံပါတယ်ဗျာ .. သြဘာတောင် ပေးကြသေးတယ်"

"အငြိမ့်ခုံ နံဘေးကနေ ကန့်ကွက်ကြပေါ့"

"အနားမကပ်နဲ့ဆိုမှ မျက်ရည်မဝဲနဲ့ လှုပြက်ကလေးမောင်ရွှေရိုး သနားစရာ .. လို့"

"ရယ်စရာ မောစရာလေးတွေပြောရင်းက ..





ကျွန်တော် လူရွှင်တော် မျက်ရည်ကျတာ ဘယ်သူမှ မသနားပါ .."

"မသနားပေါင်"

"ဝိုင်းဝန်းကြလို့သာ ကျွန်တော့်ကိုလေဗျာ .. အားပေးကြပါ .. ရွှေပွဲလာညည့်ရှေ့မှာ ကြေညာ .. မောင်ရွှေရိုးနဲ့ ချစ်စံပယ် မင်္ဂလာပါ"

ပရိသတ်တွေ ရယ်မောအောင် ကျွန်တော်ဘာမှ လုပ်ခွင့်မရလိုက်။

"စိတ်ကူးယဉ် ဖိတ်စာထဲမှာ အိပ်ရာလည်းပါ မင်္ဂလာခန်းဝင်တွေလေ .. ကုတင်ခြင်ထောင်စုံစွာ .. သနပ်ခါးကျောက်ပြင် သူ့အတွက်မကျန်ပါ .. စေတနာတွေပေါ့ဗျာ ခိုးရာပဲလိုက်လိုက် .. သြော် ကြိုက်သလိုပဲ ပြုပါ .. အခုက စလို့ . . ."

ခင်ကေခိုင့်မေမေ ထိုင်နေရာသို့ ကျွန်တော် လက်ညှိုးထိုးပစ်လိုက်သည်။

"မင်းသမီးအမေကို ယောက္ခမခေါ်ချင်တာ .. ကျွန်တော်ပါဗျ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်ရမယ် စောင့်နေ"

လက်ခုပ်သံတွေ ဆူညံစွာကြားရသည်။ သေချာတာက တော့ တင်ထွန်းတို့သုံးယောက်စလုံး၏ လက်ခုပ်သံတွေ ပို၍ ဆူညံနေပေလိမ့်မည်။

"စိတ်ကူးယဉ် ဖိတ်စာထဲမှာ အိပ်ရာလည်းပါ
ခန်းဝင်ပစ္စည်းတွေလေ .. ကုတင်ခြင်ထောင်စုံစွာ ..
သနပ်ခါးကျောက်ပြင် သူ့အတွက်မကျန်ပါ .. စေတနာ
တွေပေါ့ဗျာ ခိုးရာပဲလိုက်လိုက် .. ဩော် ကြိုက်သည်
ပဲပြုပါ .. အခုက စလို့ .. မင်းသမီးအမေကို ယောက္ခ
မ ခေါ်ချင်တာ .. ကျွန်တော်ပါဗျာ. . ."

ခင်ကေခိုင့် မေးစေ့လေးကို ကျွန်တော် ကိုင်ပစ်လိုက်သည်။ ပရိသတ်များ၏ လက်ခုပ်လက်ဝါးသံတွေ ဆူညံသွားသည်။

"ဟား .. ဟား .. ဟား .. ဟား .. ဟား ..
ရယ်ချင်ပါပြီ ဒီမှာ"

ခင်ကေခိုင် မျက်ဝန်းတွင် မျက်ရည်တွေလျှံတက်နေပေပြီ။

"အားလုံးကဖြင့် သိလိုက်ကြတာလေ .. နော
ကျော့လို့ပါရှင် .."





"ဘာတွေသိတာလဲဗျာ .."

ခင်ကေခိုင် နှုတ်ခမ်းကိုက်သည်။

"ကိုယ့်ကိုယ်ကို မညှင်းဆဲစမ်းနဲ့ အငြိမ့်ထဲမှာပဲ
ချစ်နိုင်မယ်ဆရာ .."

"..............."

ကားလိပ်ကျသည်။ ခင်ကေခိုင် ငိုသည်။ လက်ခုပ်သံတွေ ဆူညံသွားသည်။

"အငြိမ့်ထဲမှာပဲ ချစ်နိုင်မယ်ဆရာ .." တဲ့။

ကျွန်တော်က တော့ အငြိမ့်ထဲမှာပင်လျှင် ချစ်ခွင့်မရ။

"ဟဲ့ .. ဟဲ့ .. သမီး ဘာဖြစ်လို့ငိုတာလဲ ..
ခင်ကေခိုင် .. ဟဲ့ .. လုပ်ပါဦး .. ဘာဖြစ်လို့ငိုတာ
လဲ .. မောင်ဝေယံလင်း သူဘာဖြစ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ဒေါ်ခင်ခင်အုန်းအမေးကို ကျွန်တော် မည်သို့ ဖြေရ ခဲ့ည်မသိ။

မျက်နှာကို လက်ဝါးနှစ်ဘက်ဖြင့် အုပ်လျက် ခင်ကေခိုင် ရှိုက်ကြီးတငင် ငိုကြွေး၏။

စင်ပေါ်မှာ ကျွန်တော်ဘာလုပ်လိုက်သည်ကို ဆရာမ ဒေါ်ခင်ခင်အုန်း သိသည်။ ဘာကြောင့် ပြုမူလိုက်ရသည်ကိုလည်း သိပေလိမ့်မည်။

အကနည်းပြဆရာမက ပြုံးလျက် ကျွန်တော့်ကိုလက်ယပ်ခေါ်သည်။ အနားသို့ ကျွန်တော်ရောက်သောအခါ . . .

"မင်း . . မေးစေ့ကိုင်လိုက်လို့ စိတ်ဆိုးသွားတာ ဖြစ်မယ်။ သွား . . သွား . . ချော့လိုက်ဦး"

ခင်ကေခိုင်ရှိရာသို့ ကျွန်တော် ခြေဦးလှည့်သည်။ အမှားတစ်ခုကို ကျူးလွန်မိသည်ဟု ကိုယ့်ကိုယ်ကို မယူဆ။ ဒါပေမဲ့ ခင်ကေခိုင် ငိုနေသည်ကို မြင်သဖြင့် ကျွန်တော် ငိုချင်သည်။

ခင်ကေခိုင်အနားသို့ ကျွန်တော်ရောက်သွားသောအခါ ခင်ကေခိုင်က မျက်ရည်တွေကို ကုန်စင်အောင်သုတ်လိုက်သည်။

"သမီး ဘာဖြစ်လို့ ငိုရတာလဲကွယ် . ."





"ရတယ် တီချယ် . . ကျွန်မ ဘာမှမဖြစ်ပါဘူး"

တောင်းပန်စကားတစ်ခုခုကို ပြောဖို့ အနားသို့ရောက်လာသော ကျွန်တော့်ကို ခင်ကေခိုင်က မျက်ရည်ကင်းစင်သောမျက်ဝန်းဖြင့် စူးစိုက်ကြည့်သည်။

"စိတ်မဆိုးပါနဲ့ဟာ" ဒါမှမဟုတ် "ငါ တောင်းပန်ပါတယ်ဟာ" ဟု ပြောဖို့ ကျွန်တော်အားယူနှုတ်ပြင်လိုက်စဉ် အနီးအပါးမှ ခင်ကေခိုင် ထွက်ခွာသွားသည်။

ဆောင့်ဆောင့်အောင့်အောင့်၊ ဒေါနှင့်မောနှင့် ထွက်ခွာသွားခြင်းမျိုးမဟုတ်။ ဘာမှမဖြစ်ခဲ့သူ၏ ဘယ်လိုမှမထူးခြားသော ခြေလှမ်းမျိုးဖြင့် ညင်သာစွာထွက်ခွာသွားခြင်းဖြစ်၏။

ဆရာမ ဒေါ်ခင်ခင်အုန်းက ကျွန်တော့်ကို ပြုံးလျက် ကြည့်သည်။ ကျွန်တော် ပြန်ပြုံးပြသည်။

ထိုနေ့က ဆုပေးပွဲအပြီး . . ဆုရသူများနှင့် ဆရာ-ဆရာမများ ဓာတ်ပုံတွဲရိုက်ကြသောအခါ ခင်ကေခိုင်က ကျွန်တော်နှင့်ဝေးရာတွင် နေရာယူသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၁)

"ခင်ကေခိုင့် မားသားကြီးက မင်းကို ရွေ လည်လည် သဘောကျနေတာ . . မင်းသမီးအမေကို ယောက္ခမခေါ်ချင်တာဆိုပြီး မင်းက သူ့ကို လက်ညှိုး ထိုးတော့ ရယ်သလားမမေးနဲ့"

ထင်ပေါ်စကားအဆုံးတွင် မင်းမင်းက . . .

"မေးစေ့ကိုလည်း ကိုင်လိုက်ရော . . ငါတို့ သုံး ယောက်စလုံး လက်ခုပ်တီးတာ တစ်ခန်းလုံးတီးတော့ တာပဲ"

ကျွန်တော်က လွယ်အိတ်ကို စလွယ်သိုင်းလိုက်ပြီး . . .

"မင်းတို့တွေ လက်ခုပ်တီးနေတဲ့အချိန်မှာ ခင် ကေခိုင် ကရင်းနဲ့ငိုနေပြီ။ ငိုတယ်ဆိုတာထက် ဒေါသ ဖြစ်ပြီး မျက်ရည်တွေလျှံတက်လာတာပေါ့ကွာ . ."





"မင်း စိတ်မကောင်းဖြစ်နေလား . . " ဟု ထင်ပေါ် မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်သည်။

"ဘာ . . မင်း စိတ်မကောင်းဖြစ်နေတယ် . . ဟုတ်လား"

"ဟုတ်တယ် ထင်ပေါ် . .။ ငါ့အပေါ်မှာ တစ် ယောက်ယောက် စိတ်ဆိုးနေတာ စိတ်နာနေတာမျိုးကို ငါမှ မခံနိုင်ဘဲ"

"မင်း ပြောတော့ ဘာပြဿနာမှ မတက်ဘူးဆို" ဟု တင်ထွန်း

င်မေးသည်။

"ငိုတာကလွဲပြီး တခြားဘာပြဿနာမှ ဝုန်းဝုန်း ဒိုင်းဒိုင်း မဖြစ်တာတော့မှန်တယ်။ ဒါပေမဲ့ . . သူ ငါ့ ကို ကြည့်လိုက်တဲ့ မျက်လုံးက နင့်ကိုငါ ဘယ်တော့မှ မကျေနပ်ဘူးဆိုတဲ့ မျက်လုံးမျိုးကွ"

"အဲဒီကတည်းက တောင်းပန်လိုက်ရောပေါ့"

"ငါ တောင်းပန်မယ်လုပ်မှ သူမျက်ရည်သုတ် ပစ်လိုက်တာ တင်ထွန်း။ ပြီးမှ . . ငါ့အနားက ထသွား တာ။ နင်တောင်းပန်ဖို့မလိုဘူးဆိုတဲ့ သဘောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်က ကျွန်တော့်ပခုံးပေါ်သို့ လက်တင်လျက် . . .

"အမှန်က တောင်းပန်စရာမလိုပါဘူးကွာ . . ကတာခုန်တာပဲ အထိအတို့မခံချင်ရင် နဂိုကတည်းက မကနဲ့ပေါ့"

"ထိချင်တို့ချင်လို့ ငါ သူ့ကို အသားယူလိုက်တာ မဟုတ်ပါဘူးကွာ . ."

မင်းမင်းက စိတ်မကောင်းသော မျက်နှာဖြင့် . . .

"ဝေယံလင်း"

"ဘာလဲ"

"ခင်ကေခိုင်က မင်းကို နှာဘူးကြီးလို့ထင်သွားမှာပဲနော်"

"မင်းစကားကလည်း စိတ်မကောင်းဖြစ်လို့ သလိုလိုနဲ့ ကပ်ဖြတ်လိုက်ပြန်ပြီ"

တင်ထွန်းက ကျွန်တော့်မျက်နှာကို သေသေချာချာ ငုံကြည့်ကာ . . .

"နေစမ်းပါဦး . . ။ မင်းက,ရော သူ့ဘေး ဘာဖြစ်လို့ ကိုင်လိုက်တာလဲ"





"အဲဒါကို ငါတိတိကျကျမဖြေတတ်ဘူး။ ဘူးကျပြီးကိုင်လိုက်တာ မဟုတ်ဘူးဆိုတာတော့ ငါ့ကိုယ်ငါ သိတယ်"

"တစ်ရက် နှစ်ရက်နေရင် စိတ်ပြေသွားမှာပါကွာ . . မပြေတော့လည်း ဘာအရေးလဲ။ မင်းနဲ့သူက နဂိုကတည်းက ခေါ်ခေါ်ပြောပြောမှမဟုတ်တာ။ မခေါ်လေ ကောင်းလေပေါ့ မဟုတ်ဘူးလား"

"မဟုတ်ဘူး" ဟု၊ ကျွန်တော် ပြန်ပြောလိုက်မိသည်။

"ဘယ်လို"

"ဟုတ်တယ် တင်ထွန်း။ သူ စိတ်ဆိုးနေတာကို ငါ မနေတတ်ဘူး"

"အဲဒါဆိုလည်း တောင်းပန်လိုက်ပေါ့"

"တောင်းပန်ရင်လည်း သူ့ခွင့်လွှတ်မှာ မဟုတ်ဘူး"

မင်းမင်းက . . .

"မိန်းကလေးတွေက အငြိုးကြီးတယ်ကွ။ တော်တော် စားချေတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်" ဟု၊ ကျွန်တော် ပြောသည်။

"မင်းကို သူ လက်စားချေလိမ့်မယ် ဝေယံလင်း

မင်း မေးစေ့ကို သူပြန်ကိုင်လိမ့်မယ်"

"အာ . . ခွေးမသား။ ငါက အတည်ပြောတာ

မှတ်လို့"

သုံးယောက်စလုံး တဟားဟားရယ်ကြသည်။

ကျွန်တော် မရယ်ဖြစ်။





ကျောင်းအုပ်ဆရာကြီးရုံးခန်းမှ ခေါ်သည်ဟု ကျွန်တော် ထင်သည်။ လာရောက်အကြောင်းကြားသော အတန်းခေါင်းဆောင်ကို အသေအချာ မေးကြည့်မှ အတန်းပိုင်ဆရာမ ဒေါ်တင်ရီ ခေါ်ခိုင်းလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

"ဘာဖြစ်လို့လဲ" ဟု၊ တင်ထွန်းက အခေါ်လွှတ်လိုက်သော ကျောင်းသားကို မေးသည်။ ထိုကျောင်းသားက "မသိဘူး . . ဆရာမရှေ့မှာ ခင်ကေခိုင်ကိုတော့ တွေ့ခဲ့တယ်" ဟု၊ ပြောသွား၏။ ထင်ပေါ်နှင့် ခင်းမင်းတို့ မျက်လုံးဝိုင်းသွားသည်။ ကျွန်တော်က စာသင်ခုံမှ တိုးထွက်ရင်း . . .

"ဆရာကြီးရုံးခန်းထဲ တိုက်ရိုက်သွားမတိုင်တဲ့

အတွက် သူ့ကို ကျေးဇူးတင်ရမယ်"

ထင်ပေါ်က . . .

"မင်းကတော့လေ . . ကျေးဇူးရှင်ကို ကျေးဇူး

တင်စရာမရှိ ရှာကြံပြီးတင် သိလား ဝေယံလင်း။ ဟိုက

ဘယ်လောက်တောင် တိုင်ထားပြီလဲ မသိဘူး"

"ခင်ကေခိုင်က တကယ့်မြွေမပဲ" ဟု၊ မင်းမင်း ပြောသည်။

ထင်ပေါ်က . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။' မြေမှ ရိုးရိုးမြေမဟုတ်ဘူး။ မြေစိမ်း . . အဲဒါပေါ့ မြေစိမ်းချိုးကြောက်ဆိုတာ"

"မြေစိမ်းမြိုးကျောက်ပါကွာ"

"အေး . . . တကယ်မြေက,တော့ မြေစိမ်းမြိုးကျောက်ဖြစ်မှာပါ။ ခင်ကေခိုင်ဆိုတဲ့ မြေကတော့ မင်းကိုမြင်ရင် ချေးကိုမြင်တာကျနေတာပဲ။ အဲဒါကြောင့် မြေစိမ်းချိုးကြောက်လို့ပြောတာ"

"ငါ . . သူ့ကို မသက်ာတာကြာပြီ" ဟု၊ မင်းမင်း ပြောသည်။

"ဘာကို မသက်ာတာလဲ"

"သူ့မှဲ့တွေကိုပေါ့။ မှဲ့သုံးလုံးစလုံးက နှုတ်ခမ်းပတ်ဝန်းကျင်မှာပေါက်လို့ပေါ့။ နှုတ်ခမ်းမှ မဟုတ်ဘဲ တခြားနေရာမှာသာ ပေါက်လို့က,တော့"

"မင်းမင်း ငါ ညစ်နေတာနော် . . မင်း မယုတ်မာနဲ့"

မင်းမင်းက . . .

"ယုတ်မာတာ မဟုတ်ဘူး . . ။ စိတ်အထင်ကို ပြောတာ။ မှဲ့သုံးလုံးက နှုတ်ခမ်းမှာ မဟုတ်ပဲ နဖူးမှာ





ပေါက်လို့က,တော့ တကယ့်စုန်းမနဲ့ကို တူသွားမယ်။ အဲဒါကို ပြောတာ"

ထင်ပေါ်က ရယ်လျက် . . .

"နဖူးမှာ မှဲ့သုံးလုံးပါရင် စုန်းမဆိုတော့ . . ဟိုစုံထောက်ဝတ္ထုထဲက . . ဘာလဲ . . မအေးပွင့် မြင့်မြင့်စန်း ပြားသုံးဆယ် ဆိုတာ"

"လမ်းသုံးဆယ်ပါကွာ . . " ဟု၊ တင်ထွန်းဝင်ပြောသည်။

"အေး . . အဲဒီဝတ္ထုထဲက မအေးပွင့်ရဲ့ မှဲ့သုံးလုံးမျိုး ပေါက်ရင်ကော . . "

"အဲဒါကို ငါမပြောချင်ဘူး ထင်ပေါ်။ နှင့်အစ်မက, ပြောထားတယ်။ မင်းမင်းရယ် . . အဲဒီအကြောင်းတွေ ဘယ်သူမှ လျှောက်မပြောပါနဲ့တဲ့ . . "

ကျွန်တော် ရော၍ရယ်သည်။ တင်ထွန်းက . . .

"ကဲ . . မင်းရုံးခန်းသွားမှာမို့လား"

"အင်း"

"ငါပါလိုက်ခဲ့မယ်"

"မလိုက်နဲ့တော့ကွာ . . တီချယ်ဆူနေမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး . . လွယ်အိတ်ကို စလွယ်သိုင်းကာ အတန်းအပြင်သို့ ကျွန်တော် ထွက်ခဲ့သည်။ ဘာကြောင့်မှန်းမသိ၊ ခင်ကေခိုင်ကို ကျွန်တော် စိတ်ဆိုးလို့မရ။

ကျွန်တော် ကျောင်းသို့အလာတွင် ကျောင်း၏ ခပ်လှမ်းလှမ်းမှာ ခင်ကေခိုင်နှင့်ဆုံသည်။ "ငါ . . သူနဲ့သွားစကားပြောမယ်" ဟု ခင်ပြီး တင်ထွန်းတို့နှင့် ခွဲထွက်ခဲ့၏။

"ခင်ကေခိုင်"

ခြေလှမ်းကို စုံရပ်ပစ်လိုက်သည်။ ကျွန်တော် လန့်သွားသည်။ ကျွန်တော်ထင်ထားတာက သူလမ်းဆက်လျှောက်နေမည်။ ကျွန်တော်လည်း လမ်းလျှောက်ရင်းစကားပြောရမည်ဟု ထင်ခဲ့မိ၏။

"ငါ . . နင့်ကို တောင်းပန်စရာရှိလို့"

"ထွီ"





သူတို့တွေးမှုနံလေးတစ်ချို့ ကျွန်တော့်ခြေခုံပေါ် လွင့်ကျလာသည်ဟု ထင်ရ၏။ မိန်းကလေးတစ်ယောက်၏ ခါးသက်ဖွယ်သောတုံ့ပြန်မှု ရင့်သီးလွန်းသော ဆက်ဆံမှုတို့ကို ကျွန်တော့်ဘဝတွင် ဒါ အဦးဆုံး အကြိမ် ကြုံတွေ့လိုက်ရခြင်းဖြစ်သည်။

သူလုပ်ချင်ရာလုပ်ပြီး ကျောင်းရှိရာဘက်သို့ ခြေဦးလှည့်သည်။

"ခင်ကေခိုင် . . ငါနင့်ကို လိုက်တောင်းပန်နေတာပါဟာ . . နင် အဲဒီလောက်အထိတော့ မရိုင်းသင့်ဘူး"

"ဘာ . . နင်က ငါ့ကို ရိုင်းတယ် ဟုတ်လား"

"နင် ဆယ်တန်းကျောင်းသူတစ်ယောက်ပဲ . . နင့်အပြုအမူကို နင်ပြန်စဉ်းစားကြည့်ပေါ့။ တစ်တန်းတည်း . . တစ်ကျောင်းတည်း နေ,နေကြတဲ့သူကို နင် ဆက်ဆံတာ သိပ်ခက်ထန်လွန်းတယ်။ က,ရင်း ခဲ့ရွှေ့ရင်းနဲ့ ငါပြုမူမိတဲ့ ကိစ္စအတွက် နင်ငါ့ကို စိတ်ဆိုးနေတာမို့လို့ ငါလာတောင်းပန်တာပါ"

"နင် တောင်းပန်စရာမလိုဘူး"

"နင်က မလိုဘူးဆိုပေမဲ့၊ ငါက လုပ်ခဲ့မိတဲ့လူ



www.burmeseclassic.com

www.burmeseclassic.com



ငါ တောင်းပန်ရမှ နေနိုင်မယ်"

"စင်ပေါ်မှာ နှမချင်းမစာမနာ နင်မလုပ်ခဲ့ရင်လည်း . . နင့်လို ကောင်မျိုးကို ငါ အရောဝင်စရာအကြောင်းမရှိဘူး။ ဖယ် . . ငါသွားမယ်"

"နင်နဲ့ငါ ရန်ဖြစ်ဖူးလို့လား"

"အပိုတွေလာပြောမနေနဲ့။ နင်နေခဲ့နော်။ ငါရုံးခန်းထဲသွားတိုင်မိလိမ့်မယ်"

"နင် ဘာကြောင့် ငါ့ကို မျက်မုန်းကျိုးနေတာလဲဆိုတာ ငါ သိချင်တယ်"

နှုတ်ခမ်းကို ဖိကိုက်သည်။ မှဲ့နက်ကလေးကို မြင်နေရ၏။

"ပြောလေ"

"ဝေယံလင်း . . နင်နေခဲ့တော့နော် . . နင့်ရဲ့မျက်နှာရှုံးမျိုးနဲ့ ငါ မပတ်သတ်ချင်ဘူး။ နင့်ကို ငါ မုန်းတယ်။ မုန်းတယ်"

ခြေလှမ်းကို ပိုမြန်သည်။ ကျွန်တော်ရှေ့မှ ပိတ်ရပ်ပစ်လိုက်သည်။ မျက်နှာတစ်ခုလုံး တင်းမာသွားသည်။

"ငါသိချင်တာ နေရင်းထိုင်ရင်း ဘာဖြစ်လို့မုန်း





နေတာလဲဆိုတာ ငါသိချင်တာ"

"နင့်ကို အဖက်လုပ်ပြီး ငါ ပြောပြနေစရာမလိုဘူး . . ဝေယံလင်း။ နင် လမ်းဖယ်နော်"

"ဖယ်မယ်။ ငါ ပြောချင်တာပြောပြီးရင် ဖယ်မယ်။ နင် ငါ့ကို ကြိုက်သလောက်မုန်း . . ကမ္ဘာတည်သရွေ့မုန်း . . ငါက,တော့ နင် ချစ်လာအောင် အမြဲတမ်းကြိုးစားနေမယ်။ အဲဒါပဲ ခင်ကေခိုင်"

ခြေလှမ်းတွေကို ဘေးသို့ရွှေ့ပေးလိုက်သည်။

"တောက်"

ဒေါသတချို့ ကျွန်တော့်ရှေ့မှာ ခုန်ပေါက်ကျန်နေရစ်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၂)

ကျွန်တော့်ကို စောင့်နေသော အတန်းပိုင်ဆရာမ ဒေါ်တင်ရီကို တွေ့၏။ ခင်ကေခိုင့်နံဘေးရှိ ကုလားထိုင်တွင် ကျွန်တော် ဝင်ထိုင်သည်။ သူထိုင်နေသော ကုလားထိုင်ကို ဘေးသို့ရွှေ့ထိုင်သည်။

ဆရာမ ဒေါ်တင်ရီက ကျွန်တော့်ကို ကြည့်ပြီး . . .

"မင်း သူ့ကို ရည်းစားစကားပြောတယ်ဆို"

"ဗျာ"

"ကျွန်မကို သူလိုက်နှောင့်ယှက်တယ် တီချယ်။ ပြီးတော့ ချစ်လာအောင် အမြဲတမ်းကြိုးစားနေမယ်လို့လည်း ပြောတယ်"

"တီ . . တီချယ် . . ကျွန် . . ကျွန်တော်"





"တစ်ကျောင်းတည်း . . တစ်တန်းတည်းသားချင်းတွေပဲ မောင်နှမတွေလိုနေမှပေါ့ . . မောင်ဝေယံလင်းရဲ့။ ကဲ . . သမီးအတန်းထဲသွားတော့"

ခင်ကေခိုင် ရုံးခန်းထဲမှ ထွက်သွားသည်။ ကျွန်တော် ဆရာမရှေ့မှာ မျက်နှာမထားတတ်။

"မင်းက နောက်ရုံ ပြောင်ရုံတင် မဟုတ်ဘူး။ အခုလို လိုက်နှောင့်ယှက်တာမျိုးအထိ ပြုမူလာပြီဆိုတော့ မင်းလူဆိုးဖြစ်သွားပြီ ဝေယံလင်း"

"မဟုတ်ဘူး တီချယ် . . အဖြစ်မှန်ကို ပြောဖို့ကျွန်တော့်ကို ခွင့်ပြုပါ"

"ကဲ . . ပြောပါဦး"

ကျောင်းကပွဲ မတိုင်မီကစ၍ ဖြစ်ပျက်ထားသမျှကို ကျွန်တော်ပြောပြလိုက်သည်။

"သူက . . မုန်းနေတယ်ဆိုတော့ တစ်ယောက်ယောက်က အလိုလိုနေရင်းမုန်းနေတာမျိုးကို ကျွန်တော်မခံစားတတ်လို့ မမုန်းအောင်နေမယ်၊ သူ့ စိတ်ထဲက အမုန်းစိတ်ပျောက်သွားအောင်နေမယ်လို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတာပါ တီချယ်"

"ဒါဆို . . ရည်းစားစကားပြောတာ မဟုတ်ဘူး ပေါ့"

"မဟုတ်ဘူး တီချယ်"

"အေးလေ . . ဘာပဲဖြစ်ဖြစ် နောက်ကို ဒါမျိုး အတိုင်မခံရစေနဲ့။ ဘယ်သူမပြု မိမိမှုတဲ့ . . မင်းပြုခဲ့ သမျှတွေကြောင့် မင်းအခုလို ပြဿနာဖြစ်ရတာပေါ့ မဟုတ်ဘူးလား"

"ဟုတ်တယ် တီချယ်"

"တစ်ကျောင်းလုံးက ဆရာ - ဆရာမတွေက မင်းကို ချစ်ကြတယ်။ မင်းက ဗရုတ်ကျတာကလွဲရင် လူတော်တစ်ယောက်လို့ တီချယ်သိထားတယ်။ ဒီနေ့ က, စပြီး မင်း ကိုယ့်ကိုယ်ကို ပြုပြင်လိုက်ပါလား . . ။ နောက်တာပြောင်တာတွေ မလုပ်နဲ့တော့ပေါ့"

"ကျွန်တော် ပြင်ပါ့မယ် တီချယ်"

"ယောကျ်ားဆိုတာ တည်တည်ခန့်ခန့်နေမှ လူ လေးစားတာ၊ မင်းမှာ စိတ်ညစ်စရာတွေ ရှိနေလား"





"ဗျာ . ."

"အိမ်မှာ . . မိသားစုမှာ စိတ်ညစ်စရာတွေများ လွန်းရင် ကျောင်းတို့ . . ပြင်ပတို့မှာ ထွက်ပေါက်ပေး တတ်ကြလို့ပါ။ ပျော်ပျော်နေတတ်ကြတယ်၊ ပေါ့လေး ဟားလေး နေတတ်ကြတယ်။ နောက်ကျတော့ အပျော် က အပျက်ဘက်ကို ရောက်သွားတတ်ကြတယ်။ အဲဒါ ကြောင့် စိတ်ညစ်စရာရှိရင် တီချယ့်ကိုပြော . ."

"မရှိပါဘူး တီချယ်" . . ဟု၊ ကျွန်တော် ပြန်ပြောလိုက်မိသည်။

"မင်းရဲ့ မျက်ခုံးမျက်လုံး ရုပ်အင်္ဂါဟာ . . ပေါ့ လားဟားလား နေတတ်တဲ့ ရုပ်အင်္ဂါမျိုးမဟုတ်ဘူး . . မောင်ဝေယံလင်း။ လူတော်လူကောင်းတစ်ယောက်ရဲ့ နဖူးရည် ဒူးရည်ရှိတယ်။ အဲဒီတော့ကွာ မင်းက,တော် ပြီးသားပဲ။ အနေအထိုင် အပြုအမူတွေ ပြင်လိုက်ရင် မင်းအများကြီး ကောင်းသွားမယ်။ လူတော်လူကောင်း ဖြစ်အောင် ကြိုးစားစမ်းပါ"

"ဟုတ်ကဲ့ပါ တီချယ်"

"တီချယ် ဘာကူညီရမလဲ။ အခက်အခဲရှိရင်



www.burmeseclassic.com

www.burmeseclassic.com



ပြော"

"မရှိပါဘူး တီချယ်။ တီချယ့် ဆုံးမစကားနဲ့တင် ကျွန်တော် လုံလောက်ပါတယ်"

"စာတွေရော လိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့"

"ကျူရှင်တွေ ဘာတွေရော တက်သေးလား"

ကျွန်တော် ခေါင်းခါသည်။

"ကျွန်တော်တို့သူငယ်ချင်းတွေက တစ်ယောက်နားမလည်တဲ့ သင်ခန်းစာကို တစ်ယောက်က ပြန်သင်ပေးကြတယ်။ သင်္ချာတွက်ရင်းလည်း တစ်ယောက်နဲ့တစ်ယောက် အလောင်းအစားလုပ်ပြီး တွက်ကြတယ်။ ကျက်စာတွေလည်း တစ်ယောက်နဲ့ တစ်ယောက် ပြန်မေးကြတယ်။ မှားတဲ့သူက မှန်တဲ့သူကို မုန့်ဝယ်ကျွေးကြေးပေါ့"

"ကောင်းတယ်။ မင်းတို့က လိမ္မာပြီးသားတွေပါ ပျော်ပျော်နေတတ်တာတော့ ကောင်းပါတယ်။ ဒါပေမဲ့ ကိုယ့်ပျော်ရွှင်မှုဟာ သူတစ်ပါးကိုထိခိုက်ရင် မကောင်း





ဘူး။ မင်းဆို ခဏခဏ အတိုင်ခံရတယ်။ နောက်ကို အတိုင်မခံရစေနဲ့တော့နော်"

"ဟုတ်ကဲ့ တီချယ်"

"အေး အေး . . အတန်းထဲသွားတော့ တအောင့်နေရင် တီချယ်လာခဲ့မယ်။ ခင်ကေခိုင်ကိုလည်း ဘာမှသွားမပြောနဲ့တော့နော် . . တီချယ် ရှင်းပြပေးမယ်"

"ဟုတ်ကဲ့ တီချယ်။ ကျွန်တော် သွားတော့မယ်"

ဆရာမ ခေါင်းညိတ်ပြသည်။

ခင်ကေခိုင်ကို ကျွန်တော် စိတ်ဆိုးချင်နေသည်။ ကျွန်တော့်စိတ် အဘယ်ကြောင့် ပျော့ပြောင်းနေသနည်း။ ကိုယ့်ကိုယ်ကိုပင် စိတ်ဆိုးချင်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲသို့ ပြန်ရောက်သောအခါ ခင်ကေခိုင်ကို မကြည့်ဖြစ်အောင် ကျွန်တော် နေသည်။ ဆရာမ ဒေါ်တင်ရီနှင့် ပြောဆိုခဲ့သမျှကို တင်ထွန်းတို့အား လေသံသဲ့သဲ့ဖြင့် ပြောပြလိုက်သည်။

"မင်း . . တီချယ့်ကို လိမ်ပြောခဲ့တာ မဟုတ်လား" ဟု၊ တင်ထွန်းက ပြောသည်။

"ဘာကိုလဲ ငါဘာတစ်ခုမှလိမ်မပြောခဲ့ဘူး"

တင်ထွန်း ပြုံးသည်။ ခင်ကေခိုင်ရှိရာ အတန်း၏ရှေ့ဘက်သို့ ကြည့်သည်။

"ခင်ကေခိုင် ချစ်လာအောင်ကြိုးစားမယ် ဆိုတာ ရည်းစားစကားမဟုတ်ဘူးလား"

"မဟုတ်ဘူး"

"နင်ကျေနပ်အောင် ခွင့်လွှတ်အောင် ကြိုးစားမယ်လို့ ပြောလည်းရရဲ့သားနဲ့ ချစ်လာအောင်ကြိုးစားမယ်ဆိုတော့ မင်းစကားက ချော်လဲရောထိုင်တဲ့ စကားကြီးပဲ"

"ငါ အဲဒီလို မရည်ရွယ်ဘူး တင်ထွန်း"

"ဒါဆို ခင်ကေခိုင်ကို မင်းလုံးဝ မချစ်ဘူးပေါ့"





လွယ်အိတ်ထဲမှ နိုင်ငံသမိုင်းစာအုပ်ကို ကျွန်တော်ထုတ်လိုက်သည်။

"ဖြေလေကွာ"

"ဘာကိုဖြေရမှာလဲ"

"မင်း . . ခင်ကေခိုင်ကို . . ."

"တော်စမ်းပါ တင်ထွန်းရာ . . စိတ်ညစ်ရတဲ့အထဲ ဘာတွေမေးနေမှန်းမသိဘူး"

"ဟဲ . . ဟဲ"

ထင်ပေါ်က ကျွန်တော့်မျက်နှာကို ကြည့်ကာ ရယ်သံပြုသည်။

မြ . . .

"မင်းမျက်နှာ တည်ငြိမ်လှချည်လား . . ဝေယံလင်း"

"ဟုတ်တယ်။ ငါ တည်တည်ငြိမ်ငြိမ်ပဲ နေတော့မယ်"

"ဟိုတုန်းက မင်းပြောပါတယ်။ မျက်နှာကြောကြီး တင်းထားရတာ အိုစာတယ်ဆို . . မျက်နှာညောင်းတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ကုတ်ကုတ်တော့ ဘယ်နေမလဲ . .။ တည်တည်တံ့တံ့နေတော့မယ်လို့ ပြောတာ။ ဘယ်သူ့ကိုမှလည်း နောက်ချင်ပြောင်ချင်စိတ်မရှိဘူး"

"မိန်းကလေးတစ်ယောက်ရဲ့အမုန်းက လူတစ်ယောက်ကို တော်တော်ပြောင်းလဲစေတာပဲ . ." ဟု၊ ထင်ပေါ် ပြောသည်။ ကျွန်တော် စာအုပ်ကိုသာ ဟိုလှန်ဒီလှန်လုပ်နေလိုက်၏။

"ချစ်လာအောင် ကြိုးစားဖို့ အခုကနေ စတင်တည်ငြိမ်တော့မယ်ပေါ့"

မင်းမင်းကို . . ကျွန်တော် မျက်လုံးထောင့်ကပ်၍ ကြည့်လိုက်သည်။

"မင်းမင်း မနောက်နဲ့ကွာ . .။ ငါ တီချယ့်ကို ကတိပေးခဲ့တယ်လို့ ပြောပြီးပြီပဲ"

"အဲဒါလည်း ချော်လဲရောထိုင်ပဲပေါ့ . ." ဟု၊ တင်ထွန်းပြောသည်။

"တီချယ့်စကားကို နားထောင်သလိုနဲ့ ဟဲဟဲ"

ကျွန်တော် ပြုံးလိုက်ရတော့သည်။ စိတ်ဆိုးလို့လည်း မပြီး အမုန်အတိုင်း ဝန်ခံရမည်ဆိုလျှင် ခင်ကေခိုင်၏ မုန်းတီးလွန်းစွာသော





အကျော့မနပ် မျက်နှာထားကို အာရုံမှဖယ်ဖျောက်၍မရ။ ဆရာမ ဒေါ်တင်ခိုင်၏ တန်ဖိုးကြီးလွန်းသော စကားလက်ဆောင်များကိုလည်း ဦးထိပ်မှာ ပန်ဆင်လျက်သားရှိနေပေပြီ။

သေချာတာက,တော့ . . လောကကြီးတစ်ခုလုံးမှာ တစ်စုံတစ်ယောက်သောသူက,တော့ ကျွန်တော့်ကို အမုန်းကြီးမုန်းနေဦးမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



(၁၃)

စာသင်နှစ် တစ်နှစ်လုံးအတွင်း ကျွန်တော့် အနေအထိုင် ပြောင်းပစ်နိုင်ခဲ့သည်။ တင်ထွန်းကလည်း ကျွန်တော့်ကဲ့သို့ ပြောင်း နေထိုင်သည်။ ထင်ပေါ်နှင့် မင်းမင်းက,တော့ ရယ်စရာ မောစရာ ဆိုနေကြဆဲ ရှိခဲ့သည်။ သို့သော် ယခင်ကလို ဇရုတ်ဇယက် မလုပ် ကြတော့။

ကျောင်းစာတစ်ခုတည်းကိုသာ ခေါင်းထဲမှာ ကျွန်တော် ထ သည်။ အစမ်းစာမေးပွဲတွင် ခင်ကေခိုင်နှင့်ကျွန်တော် အမှတ်ပေါင်း တူနေ၏။ ပညာသင်သက်တမ်းတစ်လျှောက်လုံး တစ်ခါမှမရဖူးသော အဆင့်တစ်ကို ခင်ကေခိုင်နှင့်အတူ ပိုင်ဆိုင်ခွင့်ရခဲ့သည်။

ခင်ကေခိုင် ကျေနပ်သည် မကျေနပ်သည်ကို ကျွန်တော် မ မှန်းတတ်။ သို့သော် ဖြစ်နိုင်မည်ဆိုပါက အဆင့်နှစ်ကိုသာ ကျွန်တော် ပြောင်းလဲပိုင်ဆိုင်ချင်စိတ် ဖြစ်မိကြောင်း ကိုယ့်ကိုယ်ကို ခန့်မှန်းနိုင်ခဲ့

ခင်ကေခိုင် ကျောင်းအလာကို လည်းကောင်း၊ တစ်နေရာ ကျွန်တော် ရပ်ကြည့်စောင့်မျှော်နေခဲ့သည်။





ဒါကို ခင်ကေခိုင်ကလည်း သိပေလိမ့်မည်။ သူငယ်ချင်းတွေ ည်း သိပေလိမ့်မည်။ ဘာကြောင့်ထိုအလုပ်ကို လုပ်ရသလဲ ဆိုလျှင် ာ့ သူ့မျက်နှာလေးကို မြင်ချင်သောကြောင့်ပဲဖြစ်သည်။ သူ့မျက်နှာ ဆိုရာ၌ ကြည်လင်သော၊ ပြုံးပျော်နေသော မျက်နှာလေးကို ဆိုလို ည်။

သို့သော် ကြည်လင်ပြုံးပျော်နေသော သူ့မျက်နှာအနေအထား လတစ်လျှောက် တစ်ကြိမ်တစ်ခါမျှပင်ကျွန်တော်ကြုံခွင့်မရ။ အမုန်း မုန်းနေပါသည်ဆိုကာမှ အမုန်းခံဘဝတွင် ကျွန်တော်မပျော်ပိုက် ခဲ့ချေ။ "ထိုက်တန်သောအရာကို ရနေပါလျက် မထိုက်တန်သော ရာကို လိုချင်တပ်မက်နေခြင်းမျိုး မဟုတ်ပါ . . ဘာကိုမျှ မထိုက်တန် သော အဖြစ်ကို ကျွန်တော် လိုချင်သည်"

စာမေးပွဲကြီး ဖြေဆိုရကာနီးသောအခါ အတန်းထဲတွင် နှုတ် ဆက်ပွဲတစ်ခု ပြုလုပ်ကြသည်။ ဆရာ-ဆရာမများကို ကန်တော့ခဲ့ကြ သည်။



www.burmeseclassic.com

www.burmeseclassic.com



"လုံချည်အစိမ်းနဲ့ အင်္ကျီအဖြူဝတ်နေခွင့်ရ
အရွယ်မှာ အဲဒီ . . ဝတ်စုံလေးကိုဝတ်။ အဲဒီဘဝ အဲ
အရွယ်ရဲ့ အရည်အချင်းကို ပြနိုင်ရမယ်။

ဒီအရွယ်ကို လွန်သွားပြီးတဲ့အခါကျမှ တခြ
လုံချည်အစိမ်း အင်္ကျီအဖြူလေးတွေကို ကြည့်ပြီး
အဲဒီအရွယ်တုန်းက အဲဒီအရွယ်ရဲ့ တာဝန်ကို မပြ
ခဲ့ပါကလားလို့ . . ပြန်တွေးပြီး နောင်တရတတ်ကြ
လူတွေထဲမှာ တီချယ့်တပည့်တွေ မပါ,ပါစေနဲ့လို့ . .
တီချယ်ဆုတောင်းပါတယ်။ မပါဘူးလို့လည်း ယုံကြ
ပါတယ်။

တီချယ်တို့ ဆရာ-ဆရာမတွေက . . ဒီဆ
ဆရာမဘဝနဲ့ပဲ ဒီမှာ ကျန်ရစ်ခဲ့ကြရမှာ . .

နောင်နှစ်ပေါင်းများစွာကြာလို့ တစ်ဦးနဲ့တစ်
တိုးတက်တဲ့ဘဝပိုင်ရှင်တွေအဖြစ် ပြန်ဆုံတွေ့ကြ
ဘယ်လောက်ပျော်စရာကောင်းမလဲ . . ။ အဲဒီလို
တက်တဲ့ဘဝတွေနဲ့ ပြန်လည်ဆုံဆည်းကြပါစေလို့
ပြောရင်း တီချယ် နိဂုံးချုပ်ပါတယ်"





ဆရာမ ဒေါ်တင်ရီ၏ ဩဝါဒအဆုံးတွင် လက်ခုပ်သံများထွက်
ပေါ်လာသည်။ ခြောက်ကပ်ကပ်လက်ခုပ်သံတွေဟု ကျွန်တော် ခံစားရ
သည်။

ဆရာမ ဒေါ်တင်ရီ၏မျက်ဝန်းတွင် မျက်ရည်များ ဝေ့ဝဲနေ၏။
အတန်းသူ အတန်းသားအားလုံး မျက်ရည်တွေဝဲနေကြသည်။ ခင်ကေ
ကိုတို ကျွန်တော် လှမ်းကြည့်မိသည်။ သူလည်း မျက်ရည်ဝဲနေ၏။ ခွဲခွာ
ခြင်းဒဏ်ကို သူလည်းခံစားရတာပါပဲလားဟု ကျွန်တော် သိလိုက်သည်။
အချို့ကျောင်းသူတွေ တစ်ယောက်နှင့်တစ်ယောက် ဖက်ငိုကြသည်။

"ငါတို့ အောင်မှာပါဟာ . . တက္ကသိုလ်မှာ ဆုံ
ကြတာပေါ့"

သိပ်ချစ်ကြသည့် . . သူငယ်ချင်းကောင်မလေးနှစ်ယောက်
တစ်ယောက်နှင့်တစ်ယောက်မျက်ရည်တွေဖြင့် ကြည့်ပြုံးရင်း ချွေးသိပ်
ပြောဆည်နေကြသည့်စကား။



www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲတွင် ကျောင်းသား ကျောင်းသူများသာ ရှိနေကြ၏။ ဝရံတာတွင် ခင်ကေခိုင်နှင့်အတူ ခင်မာလာနှင့် အေးအေးဝင်းတို့ ရပ်နေကြ၏။ ထိုနေရာသို့ လှမ်းကြည့်ရင်း . . .

"ခင်ကေခိုင့်ကို ငါ နှုတ်ဆက်စကား ပြောချင်လိုက်တာကွာ . ."

ကျွန်တော့်စကားကို တင်ထွန်းကြားပေလိမ့်မည်။

"ခင်မာလာနဲ့ အေးအေးဝင်းကို ငါ ဖယ်ခိုင်းလိုက်မယ်လေ . . မင်းသွားပြောမလား"

မင်းမင်းက . . .

"ပြောမနေပါနဲ့ကွာ . . စာမေးပွဲနီးမှ ပြဿနာတက်နေပါဦးမယ်"

ထိုစဉ် ခင်မာလာနှင့် အေးအေးဝင်းတို့နှစ်ယောက် အတန်းထဲသို့ ဝင်လာ၏။ ဝရံတာတွင် ခင်ကေခိုင်တစ်ယောက်တည်း။ ကျောင်းပြင်ပသို့ ငေးကြည့်နေလေသည်။

"ထင်ပေါ် ငါ သူ့အနားသွားချင်တယ်။ ခင်မာလာတို့ကို မင်း အကျိုးအကြောင်းပြောပြပြီး ခဏထားလိုက်ကွာ"





"အေး အေး . . ပြဿနာတော့ မဖြစ်စေနဲ့ကွာ"

စာသင်ခန်းပြင်ပသို့ ကျွန်တော်ထွက်ခဲ့သည်။ ခင်ကေခိုင်အနီးသို့ ကျွန်တော် တစ်လှမ်းချင်းသွားသည်။ လူရိပ်တွေ့သဖြင့် သူငဲ့ကြည့်၏။ သူ့အနီးတွင် ကျွန်တော် ခြေစုံရပ်လိုက်သည်။

မျက်လုံးချင်းအဆုံတွင် ကြည့်ဖြစ်လိုက်ကြသည်။

အလို . . . သူ့မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ဝဲလို့ပါလား။ ထိုအခါကျမှ ကျွန်တော် ငိုချင်၏။ တင်းမာခြင်း၊ ခက်ထန်ခြင်း၊ ကြိုဆိုခြင်း၊ ဖိတ်ခေါ်ခြင်းမရှိသော မျက်နှာထားဖြင့် သူ ကျွန်တော့်ကို ကြည့်သည်။ ဤအကြည့်အတွက် သူ့ကို ကျွန်တော် ကျေးဇူးတင်မိသည်။ အမုန်းကင်းသော ကာလဟု လိုရာတွေး၍ ပျော်ချင်သည်။

"ခင်ကေခိုင် ငါတို့နှစ်ယောက် . . ဂုဏ်ထူးတွေ အများကြီးရအောင် ကြိုးစားဖြေကြမယ်နော်။ နင် . . အောင်မြင်ပါစေလို့ ငါ ဆုတောင်းပါတယ်။ ငါတို့ . . တက္ကသိုလ်ကျောင်းမှာ ပြန်ဆုံကြမယ်နော်"

ရင်ထဲမှသာ ညင်သာစွာပြောဖြစ်သည်။ ရင်ထဲမှာသာ ပွဲတင်ခဲ့သည်။ ကျွန်တော့်အပါးမှ ဖနောတ်ပေါက်၍လည်းကောင်း၊ အံကြိတ်၍ လည်းကောင်း ထွက်ခွာမသွားသော . . . ။ ကျွန်တော့်ကို အရောင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်းမဲ့စွာ ကြည့်နေသော ထိုအခြေအနေလေးကို ကျွန်တော့်အသံ ကျွန်တော့်စကားတစ်ခွန်း,ခွန်းကြောင့် မပျက်ပြားစေလိုပေ။ ထို့ကြောင့် ရင်ထဲမှသာ ပြောချင်ရာကို ပြောလိုက်ရသည်။

"ငါ့ကို အော်ငေါက်မထုတ်တဲ့အတွက် ငါ ..

ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ် . ."

ခြေလှမ်းတွေကို လာရာသို့ ပြန်လှည့်လိုက်သည်။ ကျွန်တော့်ကို လှမ်းကြည့်နေကြသူထဲတွင် ခင်မာလာနှင့် အေးအေးဝင်းတို့လည်း ပါဝင်၏။ ကျွန်တော် မျက်တောင်ခတ်လိုက်ရသည်။

စာမေးပွဲဖြေဆိုကြသောအခါ စာဖြေဌာနတွေ တကွဲတပြား။ ခင်ကေခိုင်၏ စာဖြေဌာန၊ တင်ထွန်း၊ ထင်ပေါ်နှင့် မင်းမင်းတို့၏ စာဖြေဌာနများသည် တစ်နေရာစီ။





ခင်ကေခိုင်၏သူငယ်ချင်း အေးအေးဝင်းနှင့် ခင်မာလာတို့ နှစ်ယောက်ကတော့ ကျွန်တော်နှင့် စာဖြေဌာနခြင်းတူသည်။ စာသင်ခန်းထဲမှာတုန်းက အတူတကွ သိပ်မရှိခဲ့ကြသော်လည်း စာမေးပွဲရက်တစ်လျှောက်လုံး တရင်းတနှီး ရှိလာကြသည်။

နောက်ဆုံးဘာသာ ဖြေဆိုပြီးသောအခါ . . ကျွန်တော်တို့ သုံးယောက် နေပူကျဲကျဲအောက်မှာ လမ်းလျှောက်အိမ်ပြန်ဖြစ်ကြ၏။

ခင်မာလာက . . .

"နင်က,တော့ အောင်ဖို့ကိန်းသေပါတယ်ဟာ"

"နင်တို့လည်း ဖြေနိုင်တာပဲမဟုတ်လား" ဟု၊ ကျွန်တော် ပြန်ပြောလိုက်၏။

"ဖြေတော့ ဖြေနိုင်တာပေါ့ . . ။ ဒါပေမဲ့ . . နင့်လောက်တော့ ဘယ်ဖြေနိုင်မလဲ။ နင်က ရေရေလည်လည် တော်တယ်။ ပြီးတော့ . . စပေါ့ရိုက်တာလည်း ကျွမ်းတယ်။ ကြီးလာရင် ကျူရှင်ဆရာလုပ်စား"

အေးအေးဝင်းက မေးခွန်းစာရွက်ကို ခေါင်းပေါ်တင်ရင်း ပြောသည်။

"ငါ စပေါ့ရိုက်တာ မဟုတ်ဘူး။ မေးတတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အပုဒ်တွေကိုရေးပေးလိုက်တာ။ မေးခွန်းဟောင်းတွေကို လေ့လာရင် မေးမယ့်မေးခွန်းကို ခန့်မှန်းလို့ရတာပဲ။

တစ်ခုတော့ရှိတယ် အခန်းတစ်ခုထဲက တစ်ပုဒ်ပဲ မေးမယ်ဆိုရင် ခုနစ်ပုဒ်လောက်တော့ အပိုင်ကျက်ထားရမှာပေါ့ . . တစ်ပုဒ်တည်းမေးမှာကို တစ်ပုဒ်ပဲကျက်တာက,တော့ အဲဒါ စာမေးပွဲဖြေတာ မဟုတ်ဘူး၊ ကံကိုယုံပြီး ချီးပုံနင်းတာ . . "

ခင်မာလာပါ ရယ်လေသည်။ ရယ်ပြီးမှ . . .

"ခင်ကေခိုင်လည်း ဖြေနိုင်လိမ့်မယ် . . ။ နှင်အရေးကြီးတယ်လို့ ပြောတဲ့ခေါင်းစဉ်တွေ ညက ငါသူ့ဖုန်းကိုဆက်ပြီး ပြောလိုက်တယ်။ နင်က နှုတ်ပိတ်ထားလို့ . . နို့မဟုတ်ရင် အဲဒါဝေယံလင်းဖေးတဲ့ စပေါ့လို့ ငါ ထည့်ပြောလိုက်မှာ . . "

"အဲဒီလိုပြောမှ စာမေးပွဲမှာ ပါချင်ပါပေ့စေ ဝေယံလင်း ကျက်ခိုင်းတာတော့ ထည့်မကျက်ဘူးဆိုးဒုက္ခ"





"ကျမှာ စိုးရိမ်တယ်ပေါ့" ဟု အေးအေးဝင်း နောက်သည်။

"စိုးရိမ်တာပေါ့။ တစ်တန်းထဲသားချင်းတွေပဲ"

"ခင်မာလာ"

"ဘာလဲ"

"ခင်ကေခိုင် . . ဝေယံလင်းကို ဘာဖြစ်လို့ အဲဒီလောက်အထိ တင်းမာနေရတာလဲ"

"အတိအကျတော့ မပြောတတ်ပါဘူး။ ခင်ကေခိုင်ကိုယ်တိုင်ကလည်း ယောကျ်ားလေးတွေနဲ့ ခေါ်ခေါ်ပြောပြောနေတာမှ မဟုတ်တာ"

"ခေါ်ခေါ်ပြောပြော မနေတဲ့ ယောကျ်ားလေးတွေထဲက ငါ့ကိုထက်ရွေးစင်ရွေးပြီး မုန်းလိုက်တာပေါ့" . . ဟု ကျွန်တော် ဝင်ပြောမိ၏။

"မျက်နှာပြောင်လို့ ကြည့်မရဘူးလို့ . . ပြောဖူးတယ်။ အခုဝေယံလင်းက အဲဒီလိုမှမနေတော့ တခြားအကြောင်းရှိရမယ်"

"ကျောင်းပွဲတုန်းက သူ့မေးစေ့ကို ငါကိုင်လိုက်တဲ့ အပြစ်လည်းရှိသေးတယ် ဟ"

"နှင့် အပြစ်တွေကလည်း တစ်ပုံတစ်ပင်ပဲကိုး" . . ဟု အေး



www.burmeseclassic.com

www.burmeseclassic.com



အေးဝင်း ပြောသည်။ "နောက်တော့ စိတ်တွေဘာတွေ ပြောင်းသွားမှာ ပေါ့ဟာ့" ဟု၊ ခင်မာလာ ပြောသည်။ ကျွန်တော် ဘာကိုမျှ ပြန်မပြောမိတော့ . . ။

ပြင်းလွန်းသော နေရောင်အောက်မှ လွတ်မြောက်ချင်သည်။





"မျှော်လင့်ချက်ရှိနေသမျှ ဘယ်အရာမှပျက်စီးမသွားဘူး ခိုင်။

......... ........... ......... ...... ..."

www.burmeseclassic.com

www.burmeseclassic.com



(၁၄)

အောင်စာရင်းထွက်သည့်နေ့က အောင်စာရင်းကြေညာရာတွင် သူငယ်ချင်းတွေနဲ့အတူ အချိန်အတော်ကြာသည်အထိ ကျွန်တော်နေခဲ့ သည်။ သို့သော် ခင်ကေခိုင်ရောက်လာသည်ကို ကျွန်တော်မတွေ့ရ

ခင်မာလာနှင့်အေးအေးဝင်းတို့နှစ်ယောက်ကိုသာ တွေ့သည် "ခင်ကေခိုင် မလာဘူးလား". . ဟု၊ ကျွန်တော် မေးသည်။ "သူ့အိမ် လာကြည့်သွားတယ်လေ" ဟု၊ အေးအေးဝင်း ပြောသည်။

ကျွန်တော်တို့လေးယောက်နှင့်အတူ ခင်မာလာနှင့်အေးအေး ဝင်းတို့ပါ အအေးဆိုင်ထိုင်ဖြစ်သည်။ ကျွန်တော့်အိမ် ဖုန်းနံပါတ်ကို ခင် မာလာထံ ကျွန်တော် ပေးသည်။

"သူ ဘာမေဂျာယူမလဲဆိုတာ ငါ့ကိုအကြောင်း ကြားပေးပါဟာ"





အေးအေးဝင်းက . . .

"ခင်ကေခိုင်ရယ်၊ ခင်မာလာရယ်၊ နင်ရယ်က၊ ဂုဏ်ထူးတစ်ဘာသာစီပါတယ်ဆိုတော့ . . ရမှတ်ချင်း မတိမ်းမယိမ်းဖြစ်နိုင်တယ်။ မေဂျာလည်း တူနိုင်တယ်။ နင်နဲ့မတွေ့ရအောင် ခင်ကေခိုင်က တခြားမေဂျာကို ပြောင်းယူရင် ဘယ်လိုလုပ်မလဲ"

ကျွန်တော် သက်ပြင်းချလိုက်မိသည်။ ခင်မာလာက . . .

"ဝေယံလင်းက ဘာမေဂျာပဲရရ မြန်မာစာပဲ ယူမယ်လို့ ကြားတယ်လို့ . . ငါ ပြောလိုက်မယ်"

"ဟာ . . ဟုတ်တယ် အဲဒီလိုပြောထားလိုက်"

"နင်ငါ့ကို ကျေးဇူးတင်သွားပြီမဟုတ်လား"

ကျွန်တော် ပြုံးလျက် . . .

"အင်း"

"နောက်မှ . . သူယူမယ့်မေဂျာကို နင့်ဘာသာ တိတ်တိတ်လေးလျှောက်လိုက်ပေါ့"

"ကျေးဇူးတင်ပါတယ်ဟာ . ."

တင်ထွန်းက အအေးခွက်တွေကို နေရာလိုက်ချပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းမင်းနှင့် ထင်ပေါ်က မျက်နှာပိုးသတ်လျက်ရှိကြ၏။ အအေးတင်
သောက်ပြီး ခင်မာလာက . . .

"ကျေးဇူးတင်တယ်ဆိုရင် အားလုံးရှေ့မှာ တ
ခုလောက် ဝန်ခံပါလား"

"ဘာကိုဝန်ခံရမှာလဲ"

"နင် . . ခင်ကေခိုင်ကို ကြိုက်နေတယ် မဟုတ်
လား"

"ဟာ . ."

"ဒုက္ခပဲ . ." ဟု ပြောပြီး ကျွန်တော် ခေါင်းကို လေးပင်စွာ
ရမ်းမိသည်။

"သူ ငါ့အပေါ်မှာ စိတ်ဆိုးမာန်ဆိုးဖြစ်နေ
ကို ငါမလိုချင်တာတစ်ခုပဲရှိတယ် ခင်မာလာ"

"သေချာရဲ့လား"

ခေါင်းညိတ်လိုက်သည်။ ထင်ပေါ်က . . .

"သိပ်မသေချာဘူးလို့ ပြောထားလိုက်
တက္ကသိုလ်ရောက်ရင် မင်းနဲ့ခင်ကေခိုင်က သူငယ်
တွေ ဖြစ်ချင်ဖြစ်နေမှာ . ."



BURMESE CLASSIC .com



ရယ်ကြသည်။ ကျွန်တော်လည်း ရယ်ဖြစ်သည်။ မင်းမင်းကို
ကြည့်လျက် အေးအေးဝင်းက . . .

"ဟဲ့ . . အခြောက်။ နင်ရော . . တက္ကသိုလ်
ရောက်ရင် ရည်းစားထားမှာလား"

ထင်ပေါ်က . . .

"သူက ရည်းစားထားမှာ မဟုတ်ဘူး။ လင်ယူ
မှာ"

မင်းမင်းက ထင်ပေါ့်ခေါင်းကို ခေါက်သည်။ ခင်မာလာနှင့်
အေးအေးဝင်းတို့ ရယ်ကြ၏။ ထင်ပေါ်က . . .

"ငါတို့ သူငယ်ချင်းက . . အရင်လို အခြောက်
မဟုတ်တော့ဘူးဟ"

"ဟုတ်လား"

"ဟုတ်တယ် . . အရင်လို အခြောက်မဟုတ်
တော့ဘူး။ တက္ကသိုလ်ရောက်ရင် မိတ်ကပ်တွေ နှုတ်
ခမ်းနီတွေနဲ့ တကယ့်အဆင့်မြင့်အခြောက် ဖြစ်တော့
မှာ . ."

တဟားဟားရယ်ကြ၏။ အေးအေးဝင်းက ရယ်မောလျက် . .



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . မာမီမင်းမင်း . . မာမီမင်းမင်းနဲ့

ပန်းစားတော့မှာပဲ"

မင်းမင်းက အေးအေးဝင်းကို မျက်စောင်းထိုး၏။ ပျော်

ကမ္ဘာအတွင်း ကွက်လပ်တစ်ခုဖြစ်နေသည်ဟု ကျွန်တော် ခံစားလို

ရသည်။

BURMESE CLASSIC .com

ခင်ကေခိုင်က ရုက္ခဗေဒဘာသာကို အဓိကဘာသာရပ်အဖြစ်

လျှောက်ထားကြောင်း ကျွန်တော်သိရသည်။ ကျွန်တော်နှင့် လွဲ

ကြောင်း စီစဥ်ခြင်းဟု ကျွန်တော်ထင်သည်။

တက္ကသိုလ်တွေ စဖွင့်သည့်နေ့က . . ကျွန်တော် ကျောင်း

မသွားသေး။ ခင်ကေခိုင်၊ ခင်မာလာ၊ တင်ထွန်းနှင့် ကျွန်တော်တို့

ယောက်စလုံး ရုက္ခဗေဒအဓိကဘာသာဖြင့် တက်ရောက်ခွင့်ရကြ

ထင်ပေါ်နှင့် မင်းမင်းက ပထဝီဘာသာရပ်။





ကျောင်းဖွင့်သည့်နေ့မှ သုံးရက်ကြာသွင်း တင်ထွန်းတစ်ယောက်

ပြည်းသော အတန်းတက်စေသည်။ ကျွန်တော့်ကို မြင်လျှင် ခင်ကေခိုင်

ပြောင်းအလဲလုပ်လိုက်မှာစိုး၏။ ဥပမာ . . ကျောင်းတက်တော့ဘဲ

စလိုက်တာမျိုး။

ဒုတိယနေ့တွင် ခင်မာလာကို တင်ထွန်းနှုတ်ဆက်ကြောင်း၊ ခင်

ခိုင်ကိုပါ နှုတ်ဆက်ကြောင်း . . နင်လည်း "Botany" ပဲလားဟု

ကြောင်း "ဟုတ်တယ် ဝေယံလင်းလည်း "Botany" ယူတယ်"ဟု

လိုက်ကြောင်း ခင်ကေခိုင်၏ မျက်နှာမှာ တင်းမာခြင်း၊ ပြောင်းလဲ

ရှိကြောင်း တင်ထွန်း ပြန်ပြောပြသည်။ စိုးရိမ်စိတ် တစ်ဝက်မျှ

သာသည်။

ကျောင်း၏ နောက်ဘက် တံခါးပေါက်မှ ကျွန်တော်ဝင်သည်။

ဌာနအနီးသို့ ရောက်သောအခါ မျက်နှာချင်းဆိုင်အရပ်မှ လျှော

လာနေသော မိန်းမလှတစ်ယောက်ကို မြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်ကေခိုင်ဟု ထုန္ထုတော်သိလိုက်ရ၏။ နှုတ်ခမ်းပတ်ဝန်းကျ... ရှိထင်ရှားစွာ လှုပနေသော မှဲ့နက်လေးများကြောင့် ခင်ကေခိုင်ဟု လူ... ခန့်သာ တွေးဖြစ်သည်။

ခင်ကေခိုင်ဟု၊ သိလျှင်သိချင်း ကျွန်တော် မျက်လွှာချလို... သည်။ နှစ်ဦး ကြုံဆုံခါနီးသောအခါ ခေါင်းကိုပါ ကျွန်တော်ငုံ့လိုက်...

ခြေဖမိုး ဖြူနုလေးပေါ် သို့ အကြည့်များခစားမိသည်မှ တစ်... မျက်နှာချင်းဆုံအောင်ပင် ကျွန်တော်သူ့ကို မကြည့်လိုက်မိချေ။

ကြည့်မြင်ချင်ပါလျက် အကြည့်ခံမျက်နှာထားက တင်းမာ... မှိုင်းသွားခဲ့လျှင် ထိုဒဏ်ချက်ကို ကျွန်တော် ရင်မဆိုင်ဝံ့။

ပြုံးနေတာကို မြင်ချင်ပါလျက် ခက်ထန်သည်ကို ရင်ဆိုင်... စိုးသဖြင့် ဆန္ဒကို စွန့်လွှတ်လိုက်ရသည်။

မာန်တင်းနေသူရှေ့၌ ခေါင်းငုံ့လိုက်ခြင်းသည်လည်းကော... ခက်ထန်နေသူ့ရှေ့၌ အရှုံးပေးနေခြင်းသည်လည်းကောင်း ယော... တစ်ယောက်၏ မာနကို ထိပါးသည်ဟု ဆိုပါလျှင် . . . သူနှင့်ပတ်... သမျှ ကျွန်တော့်မှာ မာနမရှိကြောင်း ဝန်ခံချင်သည်။

ခင်ကေခိုင့်ကို ကျွန်တော် အရှုံးပေးထားသည်။

ခင်ကေခိုင့်ကို ကျွန်တော် ပန်းပေးထားသည်။





ထိုသို့ ပေးဆက်ထားသော အရှုံးတစ်ခုကိုလည်းကောင်း၊ ပန်းတစ်ပွင့်ကိုလည်းကောင်း စာနာခံစားမှုဖြင့် ကြည့်တတ်မှ သူ . . . မြင်သာပေလိမ့်မည်။

ကျွန်တော့်ကို မြင်သောကာလ၌ ဖနောင့်ပေါက်မသွားသဖြင့် ခင်ကေခိုင့်ကို လည်းကောင်း၊ အခြေအနေကိုလည်းကောင်း ကျေးဇူးတင်ပါသည်။

BURMESE CLASSIC .com

တစ်နေ့တစ်ခါလောက်တော့ ခင်ကေခိုင့်ကို ကျွန်တော် ငေးကြည့်ဖြစ်သည်။ လေးငါးရက်တစ်ခါလောက်တော့ သူ့အလာလမ်းမှာ ကျွန်တော် စောင့်မျှော်နေဖြစ်သည်။ အထူးသဖြင့် သောကြာနေ့လိုအခါမျိုးမှာပေါ့။

သူ့ကို ငေးကြည့်နေတတ်သော ကျွန်တော့်အား . . .

"နင့်ကို ငါ မမုန်းတော့ပါဘူး ဝေယံလင်းရယ် . . ငါတို့တွေ ထိပ်ချစ်ကြတဲ့ သူငယ်ချင်းတွေလို ခင်ခင်မင်မင် နေကြမယ်နော်" ဟု၊



www.burmeseclassic.com

www.burmeseclassic.com



ခင်ကေခိုင် ကိုယ်တိုင်လာပြောလျှင် ဘယ်လောက်များပျော်စရာကောင်း လိုက်လိမ့်မလဲ။ ကျွန်တော် တွေးသည်။

ကျောင်းပြန်ချိန် သူ့အိမ်က ကားပေါ်ကို သူတက်ထိုင်လိုက် တိုင်း ကျောင်းရှေ့ စိန်ပန်းပင်ကြီးအောက်မှာ ကျန်ရစ်ခဲ့ရမယ့် ကျွန်တော့် ကို လက်ဖဝါးနုနုလှလှလေးဖြင့် ဝေ့ယမ်းနှုတ်ဆက်သွားလျှင် ဘယ် လောက်များ ကြည်နူးစရာကောင်းလိုက်မလဲ။ ကျွန်တော် စဉ်းစားသည်။

လက်တွေ့ခန်းထဲမှာ သူနှင့် ကျွန်တော် Table တစ်ခုတည်း မှာ ဆုံတွေ့တတ်သည်။ ခင်မာလာက,သာ ကျွန်တော့်ကို တရင်းတနှီး ပြောဆိုဆက်ဆံ၏။ ခင်ကေခိုင့်က,တော့ ကျွန်တော့်အပေါ် သူနှင့်တစ် ခါမျှ မသိမမြင်ဖူးသူတစ်ယောက်ကဲ့သို့ နေထိုင်သည်။ တင်ထွန်းအပါ အဝင် အခြားသောအတန်းသားများနှင့်တော့ ပုံမှန်အတိုင်းဆက်ဆံသည်။ ပြောစရာရှိပြော။ ပြုံးစရာရှိပြုံး။ ရေးမှတ်စရာရှိရေးမှတ်ဖြင့် တင်း ခြင်း ကင်းစွာ တည်ငြိမ်လျက်နေနိုင်သည်။

သည်လိုနှင့်တစ်စစ ကင်းကင်းကွာကွာ ဖြစ်သွားရလိမ့်ပြေ ဟု၊ ကျွန်တော် ထင်သည်။ မရင်းနှီးခဲ့ဖူးသူတစ်ဦးနှင့် သူစိမ်းဆန်စွာ ‌နေ ထိုင်လိုက်ခြင်းသည် တခြားသူတွေအတွက် ဘာမျှထူးဆန်းသောကိစ္စ မဟုတ်ဟု ကျွန်တော်သိသည်။





ဒါပေမဲ့ ကျွန်တော့်အဖို့တော့ မလိုမုန်းတီးသူနှင့် ကင်းကင်းကွာ ကွာ ဝေးလွင့်စွာ နေထိုင်ဖြစ်လျှင်တောင်မှ အနီးအပါးတွင် အမုန်းလှိုင်း တွေ လွှမ်းခြုံနေလျက်ရှိနေသေးသည်ဟု၊ ခံစားထင်မြင်မိ ပေလိမ့်မည်။ ဝေးလွင့်ကွာခြားသွားရမည့် အတူတူ ချစ်ခင်လျက် ကွာဝေးသွားတာမျိုး ဆိုလျှင်တော့ ကျွန်တော်ခံစားချင်သည်။ ကျွန်တော့်အသည်းနှလုံးက အမုန်းဒဏ်ကို ခံယူနိုင်စွမ်းမရှိပါလား . . ဟု၊ အခုမှ ပို . . ပို၍ သိလာ၏။

ခင်ကေခိုင်က ကျွန်တော့်ကိုတွေ့လျှင် မျက်နှာကို ဆတ်ကနဲ လှည့်ပစ်လိုက်တာမျိုး၊ ဖနောင့်ပေါက်သွားတာမျိုး၊ အံကြိတ်လိုက်တာမျိုး တော့ မပြုမူသည်ကိုတော့ ကျွန်တော် သတိထားဖြစ်သည်။ ကျွန်တော့် အပေါ် ညင်သာသွားတာများလားဟု၊ လိုရာဆွဲပြီး မတွေးဝံ့။ ထင်မြင် ချက်တစ်ခုကို မရှက်တမ်း ပြောရမည်ဆိုလျှင် . . .

ကျွန်တော့်ကို တွေ့မြင်သည့်အတွက် သူ့စိတ်နှလုံးထဲမှာ ဘာမျှ ခြားနားစွာမခံစားရခြင်းလည်း ဖြစ်နိုင်သည်။ ပက်ပက်စက်စက် ကိုယ့်

www.burmeseclassic.com



ကိုယ်ကို ထင်မြင်ချက်ပေးရမည်ဆိုလျှင် . . .

ကျွန်တော့်လိုကောင်မျိုးကို သူ့အာရုံထဲမှာ ဖုတ်လေတဲ့ငပိရှိ နေတယ်လို့တောင် မထင့်ခြင်းမျိုး ဖြစ်နိုင်သည်။

ပထမနှစ်တစ်နှစ်လုံး ခင်ကေခိုင့်ကို စကားပြောဖို့ ကျွန်တော် စဉ်းစားသည်။ အတန်တန်ကြိုးစားချင်စိတ် မွေးခဲ့သည်။ သူ့ဘာသာ ဘာ ပြဿနာမျှ မရှိဘဲ အေးအေးဆေးဆေး တည်ရှိနေသည့် ယမ်းသေတ္တာ ဘေးသို့ ကျွန်တော့်စကားမီးစလေး တစ်စကျသွားခါမှ ဝုန်းခနဲ ဒိုင်းခနဲ ထပေါက်ကွဲလျှင် . . ကျွန်တော်မည်သို့မျှ ဖြေရှင်းတတ်မည် မဟုတ်။

သည်တစ်ခါ ထပ်ပြီးတောင်းပန်စရာ ကြုံဦးမည်ဆိုလျှင် . . မုန်းတီးနေသူ၏ အလွန်မဟုတ်တော့။ မုန်းတီးအောင်လုပ်နေသူ . . ဟု ကိုယ့်ကိုယ်ကို သတ်မှတ်ရတော့မည်။ သည်လိုနှင့် တက္ကသိုလ်ပထမနှစ် တစ်နှစ်လုံး ခင်ကေခိုင့်မျက်နှာကို ငေးကြည့်ပြီး ငြိမ်းချမ်းရေးဆွေးနွေးဖို့ ကြိုးစားခဲ့ခြင်းတစ်ခုတည်းဖြင့် အချိန်တွေကုန်ဆုံးခဲ့သည် ဟုပင် ပြော နိုင်သည်။ စစ်အေးကာလ၊ အပယ်အခတ် ရပ်စဲထားသောကာလ တစ်ခု ကို ရင်တထိတ်ထိတ်ဖြင့် ဖြတ်သန်းလာရသကဲ့သို့ ခံစားရ၏။





(၁၅)

တက္ကသိုလ်ကျောင်းသားတစ်ယောက် ဖြစ်လာရခြင်းကြောင့် လား၊ ဒါမှမဟုတ် အရွယ်၏ အသိတရားကြောင့်လား ကျွန်တော် ရေရေ ရာရာ မသိ။ ကျောင်းပိတ်ရက်တစ်လျှောက်လုံး စာအုပ်တွေနှင့်သာ . . ကျွန်တော် အချိန်ကုန်စေခဲ့သည်။

စာအုပ်နှင့်မျက်နှာခွာလိုက်သည့်အခါတိုင်း . . ခင်ကေခိုင့်ကို သတိရမိသည်။ တစ်ခါတစ်ရံ အချစ်ဝတ္ထု အချစ်ကဗျာ တချို့ကို ဖတ် ဖြစ်သည့်အခါမှာတော့ စာအုပ်ကို မျက်နှာအပ်ထားပါလျက် ခင်ကေခိုင် ကို မြင်နေသည်။

ကဗျာတွေ စာတွေဖတ်မိသောကြောင့်လား မပြောတတ်။ ဒိုင် ယာရီ စာမျက်နှာပေါ်မှာ ကဗျာလိုလို ဘာလိုလိုလေးတွေ ချရေးဖြစ်ခဲ့ ၏။



www.burmeseclassic.com

www.burmeseclassic.com



ပထမနှစ်စာမေးပွဲ အောင်စာရင်းထွက်သည့်နေ့က ကျွန်တော် ရင်ထဲ အလိုလိုပျော်နေသည်။ စာမေးပွဲအောင်တာ တစ်ခုတည်းကြောင့် မဟုတ်မှန်း ကိုယ့်ကိုယ်ကို သိ၏။ ကျောင်းတက်ရတော့မယ်လေ။

ဒုတိယနှစ်တက်ခါစ တစ်လလောက်တွင် ခင်ကေခိုင်၏ ယမ်းသေတ္တာအနီးသို့ ကျွန်တော် မီးတစ်စ ချလိုက်မိသည်။

ခင်မာလာနှင့်ကြူကြူသင်းတို့ ထိုင်နေရာ စကားဖြူပင်အောက်သို့ ကျွန်တော်သွားသည်။ ခင်မာလာ့နံဘေးတွင် ကျွန်တော် ထိုင်သည်။

"ခင်ကေခိုင် မလာဘူးလား"

"လာတော့မယ် ထင်တယ်။ နင်သွားမစောင့်ဘူးလား"

ခင်မာလာက ပြုံးလျက် နောက်ပြောင်သည်။





"ငါ သူ့ကို စာတစ်စောင်ပေးချင်လို့.. နင် ပေးပေးပါလား"

ခင်မာလာက နေကြာစေ့အခွံခွာရင်း . . .

"ရည်းစားစာလား"

"မဟုတ်ပါဘူး"

"ဟင့်အင်း .. ရည်းစားစာမဟုတ်ရင် ငါမပေးပေးချင်ဘူး။ ရည်းစားစာဆိုမှ ပေး,ပေးမယ်"

"ဘာဖြစ်လို့လဲဟာ".. ဟု၊ ကျွန်တော် စိတ်ပျက်စွာ မေးလိုက်၏။ ခင်မာလာက . . .

"ရည်းစားစာပေးမှ ခင်ကေခိုင် ဒေါသဖြစ်မှာ။ အဲဒီလို ဒေါသဖြစ်မှ ပေါမောက္ခရုံးခန်းကို ရောက်မှာ။ အဲဒီလို ရောက်မှ ကူညီတဲ့သူ အရေးသာရှိတာပေါ့ . .။ ရည်းစားစာ မဟုတ်ဘဲ ပေး,ပေးရတော့ ပြဿနာဖြစ်ရင်တောင် ကြီးကြီးမားမားဖြစ်မှာ မဟုတ်ဘူး ပျင်းစရာကြီး"

ကြူကြူသင်း ရယ်လေသည်။

"မနောက်ပါနဲ့ ခင်မာလာရယ် .. ငါ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



အရေးကြီးလို့ပါ"

"ဘာတွေရေးထားတာလဲ"

"ဒီလိုပဲပေါ့ဟာ . . ငြိမ်းချမ်းရေး သဝဏ်လွှာပေါ့"

"သူက . . နင့်အကြောင်းကို ဆိုးသည်ကောင်းသည် ဘာမှမပြောတော့ဘူးဟ။ စိတ်ပြေသွားတာလား လျစ်လျူရှုထားတာလားတော့မသိဘူး။ စာမပေးဘဲ . . စကားတစ်ခွန်းနှစ်ခွန်းလောက် လာပြောကြည့်ပါလား"

ကျွန်တော် တွေဝေစဉ်းစားမိစဉ် ကြူကြူသင်းက ခင်မာလာ့ကို မေးသည်။

"ဘာလဲ သူတို့နှစ်ယောက်က ရန်ဖြစ်ထားကြလို့လား"

"ဟုတ်တယ်။ ဟိုးတုန်းက ရည်းစားဟောင်းတွေလေ . ."

"ဟာ . . ခင်မာလာ . . မဟုတ်က ဟုတ်က"

"ဘာမဟုတ်ရမှာလဲ ဆယ်တန်းနှစ်တုန်းက ခင်ကေခိုင့်ကို နင်ရည်းစားစကားပြောလို့ ရုံးခန်းရောက်





သေးတယ်လေ . . ဘာလဲငြင်းချင်လို့လား။ ငြင်းမယ်ဆိုရင် ငါ စာမပေး,ပေးဘူး"

"ကဲ . . မငြင်းပါဘူးဟာ . . ရော့"

ခင်မာလာက စာအိတ်အဖြူလေးကို လှမ်းယူသည်။

"သူ့လက်ထဲ ဒီစာရောက်ပြီးမှ ငြင်းမယ်"

"အေး . . ငြင်းရဲငြင်းကြည့်။ နင် သူ့မေးစေ့ကို ကိုင်တာပါ လျှောက်ပြောပစ်လိုက်မယ်"

ကျွန်တော်ရယ်လျက် လက်ကာပြီး ခင်မာလာထံမှ ထ,ခဲ့သည်။ တင်ထွန်းတို့ ထင်ပေါ်တို့ မင်းမင်းတို့ရှိရာ စာကြည့်တိုက်လှေကားအောက်သို့ ထွက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင် . . .

ဒီစာဟာ နှင့်ဒေါသတွေကို တူးဆွသလိုဖြစ်ခဲ့ ပြန်ရင် ငါ့ကို ခွင့်လွှတ်ပါဦးဟာ။ အမှားတစ်ခုကို ထပ်ပြီးကျူးလွန်မိသလို ဖြစ်နေလိမ့်ဦးမယ်လို့ ငါထင်တယ်၊ ဒါပေမဲ့ ပြောချင်တာကိုတော့ ပြောခွင့်ရပါရစေ။

ခိုင်ရယ် . . .

ငါလေ နှင်နဲ့ခင်ခင်မင်မင် နေချင်လိုက်တာ။ နှင့်မုန်းတီးစိတ်တွေကို ပြေပျောက်သွားအောင် ငါ ဘာလုပ်ရမလဲဟင် .. ပြေလည်ရာပြေလည်ကြောင်း မျှော်လင့်ပြီး ရေးမိတဲ့ ဒီစာဟာ မပြေလည်တဲ့လမ်းကြောင်းပေါ် ထပ်ရောက်သွားဦးမယ်ဆိုရင်လည်း ငါ့ကံတရားပါပဲ . . ခိုင်။

ခိုင်ရယ် . . .

ဘဝဆိုတာ ခဏလေး .. တိုတိုလေး .. တဲ့။ ခဏရတဲ့ ဒီဘဝမှာ တစ်စုံတစ်ယောက်ရဲ့ မုန်းတီးခြင်းတွေကို ခံစားသွားရတဲ့ ဝဋ်ကြွေးကနေ .. ငါ လွတ်မြောက်ပါရစေ။ အငြိုးအတေး တစ်ခုခုရှိနေခဲ့ရင်လည်း အဲဒီ





အငြိုးတွေ ပြေပါတော့လားဟာ .. ။

ငါ့ဘဝမှာ မဖြစ်ချင်တာတွေ ဖြစ်ခဲ့ရပါတယ် .. ခိုင်။ အဲဒီ မဖြစ်ချင်တာတွေအားလုံးကို လောကဓမ္မတာလို့ နှလုံးသွင်းနိုင်ခဲ့ပေမဲ့ နှင့်ရဲ့ အမုန်းကိုခံနေရတဲ့ အဖြစ်ဆိုးကိုတော့ ငါတကယ်မခံစားနိုင်ပါဘူး။

ငါ . . တောင်းပန်ပါတယ် ခိုင်ရယ်။

သူငယ်ချင်းတွေလိုနေပါရစေ။ နှင်နဲ့ခင်ခင်မင်မင်စကားတွေ ပြောပါရစေ။

စာကိုဆုံးခန်းတိုင်အောင် ဖတ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် . . ခိုင်။

ခိုင်

မုန်းတဲ့

ဝေယံလင်း



www.burmeseclassic.com

www.burmeseclassic.com



"ခရေပင်တန်းအောက်မှာစောင့်နေ"ဟု ခင်မာလာပြောသဖြင့် ကျွန်တော် မျှော်စောင့်နေသည်။ ပြေပြေလည်လည် ဖြစ်လိမ့်မည်မဟုတ်ကြောင်းကိုတော့ ကျွန်တော်ကြိုသိနေ၏။

"သူများတကာတွေ . . ငါ့ကို အထင်အမြင်လွဲ အောင် နင် ဖန်တီးနေတာလား ဝေယံလင်း"

ခိုင့် အမေးစကားကို ကျွန်တော် နားမရှင်း။ ခပ်လှမ်းလှမ်းရှိ ခရေပင်အောက်ထိုင်ခုံတွေမှာ ကျောင်းသူသုံးလေးယောက် ရှိနေသည်။ ကျွန်တော် မရှက်အား။

"ဘာကိုဆိုလိုတာလဲ ခိုင်"

"စာတစ်တန် ပေတစ်တန် . . လုပ်ရသောတ် အောင် နင်နဲ့ငါဘာပတ်သက်လို့လဲ။ နင်က ငါ့ကို စာ ပေးတယ်ဆိုတော့ ကြုံကြုံသင်းလို အခုမှသိတဲ့သူတွေ က ငါ့ကိုဘယ်လိုထင်ကြမလဲ။ ဘာလဲ ဝေယံလင်း .. အထင်ခံရလည်းမနည်းပါဘူးဆိုပြီး ငါ့ကို လုပ်ကြံတာ လား"

"ငါ အဲ့ဒီလို မရည်ရွယ်ပါဘူးဟာ . ."

ထို့ထက်များပြားသော စကားတွေကို ကျွန်တော် ပြောတတ်





ခွင်၏။

"ငါ့ဘဝမှာ နင်နဲ့ပတ်သက်တဲ့ကိစ္စ ဘာမှမရှိ ဘူး။ အကြောင်းမရှိ အကြောင်းရှာပြီး ငါ့ကိုပတ်သက် ဖို့ မကြိုးစားနဲ့။ ရော့ နင့်စာကို နင်ပြန်ယူ"

ဖတ်ပြီးသား စာအိတ်လေးကို ငုံ့ကြည့်ရင်း . . .

"ငါ မယူချင်ဘူး ခိုင်"

မှဲ့နက်လေးသုံးခုက မဲ့ပြုံးတစ်ခုကို ပိုင်ဆိုင်သွားပြန်သည်။

"ဖြဲ . . ဖြဲ . . ဖြဲ"

မြေပြင်ပေါ်သို့ စာရွက်အစအနတွေ ဖွာကနဲကျသွား၏။ ခရေ ခွင့်တို့ ကြွေသက်ရာနေရာ၌ ကျွန်တော့်ရင်ထဲက တစ်စုံတစ်ခုသည် စာ ရွက်အစအနများနှင့်အတူ ရောနှောကြွေကျသွားသကဲ့သို့ ခံစားရ၏။

"ငါ . . သွားမယ်ခိုင်"

နှုတ်မဆက်ဘဲ ချာကနဲ လှည့်ထွက်မည် စိတ်ကူးပါလျက် ဘာ ကြောင့် ခွင့်ပန်လိုက်မိသလဲ ကိုယ့်ကိုယ်ကို မဝေခွဲတတ်။

"နေဦး"

ခြေတို့လျက် ခေါင်းငုံ့နာခံသည်။

"နင် ငါ့ကို ခိုင်လို့ ခေါ်ပိုင်ခွင့်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်စွာကြည့်ပြီး အမိန့်ထုတ်ပြန်သည်။ ထိုအမိန့်ကို နာခံမည် မနာခံမည် . . လိုက်နာမည် မလိုက်နာမည်ကို ကျွန်တော် မတင်လျှောက်မိတော့။ ဒါ . . ကျွန်တော့်ကိုယ်ပိုင်အခွင့်အရေးဟု ကိုယ့်ဘာသာ သတ်မှတ်လိုက်သည်။ သူ့ကိုတော့ မတင်ပြချင်တော့ချေ။

အနောက်ဖက် တံခါးပေါက်ရှိရာ ကုန်းလျှောလေးသို့ ခေါင်းငိုက်ကာ လှမ်းထွက်ခဲ့၏။ မာကျောနေသူကို ရင်မောစွာ လှည့်မကြည့်ဝံ့တော့ . .။

စာကြည့်တိုက် လှေကားရင်း အနီးရှိ မြောင်းဘောင်ပေါ်တွင် ကျွန်တော်တို့ ထိုင်ကြသည်။ ခိုင်နှင့်ဖြစ်ခဲ့သမျှကို နွမ်းနွမ်းမောမောဖြင့် သူငယ်ချင်းတွေရှေ့မှာ ဖွင့်ချမိ၏။ တင်ထွန်းက ငြိမ်သက်စွာနားထောင်သည်။ မင်းမင်းက သက်ပြင်းချဟန်ပြု၏။ ထင်ပေါ်က . . .

"မင်းကလည်း မနေနိုင် မထိုင်နိုင် . . သူ့နဲ့ဘာဖြစ်လို့ ပတ်သက်ချင်ရတာလဲ"





"ငါက ဇွတ်တရွတ်လိုက်ပြီး ပတ်သက်ချင်တာမျိုးမှ မဟုတ်ဘဲ။ သူက ငါ့ကို လူရာမသွင်းတာမျိုး ပြုမူထားလို့ ငါ မနေတတ်တာ"

"လျှော့လိုက်ကွာ . . မေ့ပစ်လိုက်။ လောကကြီးမှ သူ့ထက်အရေးကြီးတဲ့ ကိစ္စတွေ အများကြီးပဲ"

"အဲဒါကို ငါသိပါတယ်။ ဒါပေမဲ့ . . ခိုင့်ကို ငါ မေ့ဖို့ မကြိုးစားနိုင်ခဲ့ဘူး"

"နေစမ်းပါဦး မင်းရဲ့အခေါ်အပြောက ဘယ်လိုက ဘယ်လို ခိုင်တွေဘာတွေ ဖြစ်ကုန်တာလဲ"

"မသိဘူး။ တရားဝင်ရင်းနှီးခွင့်မရလို့ ငါ့စိတ်ထဲကနေ ငါ့ဘာသာရင်းနှီးပစ်လိုက်တာ"

ထို့ကြောင့် တင်ထွန်းပါ ရောရယ်သည်။

"ခင်ကေခိုင်က သုဘဒ္ဒါများ ဝင်စားခဲ့သလားမသိဘူးနော် . . ဒီကောင့်အပေါ် အငြိုးကြီးလွန်းတယ်" ဟု၊ မင်းမင်းက ပြောသည်၊

ထင်ပေါ်က . . .

"မတန်မရာတွေ တွေးနေပါဦးမယ်ကွာ . . လျှော့လျှော့ပေါ့ပေါ့ ပြောစမ်းပါ။ တော်ကြာ ပြကျရင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးမအိပ်ဘဲ သူကိုယ်သူဆဒ္ဒန်ဆင်မင်းဘုရား

လောင်းဆိုပြီး တောထွက်သွားပါဦးမယ်"

တင်ထွန်းက . . .

"သုဘဒ္ဒါထက် ခင်ကေခိုင်က ပိုပြီးရက်စက်ေ

သလိုပဲ"

"ဘာဖြစ်လို့လဲ" ဟု၊ ကျွန်တော် ကမန်းကတန်း မေးသည်၊

"ဪ . . ဒီလိုပါ။ ဆဒ္ဒန်ဆင်မင်းရဲ့အစွယ်

ကို ဖြတ်ဖို့ သုဘဒ္ဒါက သောနုတ္တရ်ကို လွှတ်လိုက်သေး

တယ် လူစားလွှတ်လိုက်သေးတယ်။ အခု ခင်ကေခိုင်က

လူစားမလွှတ်ဘူး ကိုယ်တိုင်ကိုယ်ကျ ရက်စက်နေတာ

လေ . . "

"အင်းနော်" ဟု၊ ကျွန်တော် ပြောသည်၊ ထင်ပေါ်က . . .

"တင်ထွန်း မင်းကလည်း မီးလောင်ရာ လေ

ဆီလာလောင်းနေပြန်ပြီ။ ဒီမှာ တွေ့လား . . မျက်နှာ

လေးက ငွေးသီးလောက်ပဲ ရှိတော့တယ်"

"ဆီးစေ့လုပ်ပါကွာ . . မင်းကလဲ"

"ဆီးစေ့လောက်ရှိတယ်ဆိုတာ . . မော်ဒယ်





ဖောက်သွားပြီ။ ဒါတောင် မင်းကိုသနားလွန်းလို့ သက်

သက်ညှာညှာနဲ့ ငွေးသီးလို့ ပြောတာနော် ဟင်းဟင်း"

မင်းမင်းက တဟားဟား ရယ်သည်။ ထင်ပေါ်က . . .

"မင်းက ဘာရယ်တာလဲ"

"ဟို . . ဟို . . ဟား . . ဟား . . ဟား"

"ဘာရယ်တာလဲ"

"ဟား . . ဟား . . ဟား . . ဟား"

ရယ်သံတွေကို ကျွန်တော် မကြားရတော့။ ရှေ့မှဖြတ်သန်းသွား လာနေကြသော ကျောင်းသူကျောင်းသားတွေကို ကျွန်တော် သတိမပြုမိတော့ချေ။ ဘာဖြစ်လို့လဲဆိုတော့ ဟိုးခပ်ဝေးဝေးမှာ ခင်ကေခိုင် လာနေပြီလေ၊ ခိုင် လာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မာနမြားမိုး

ပန်းပွင့်ပန်းမိုး
ရွာသွန်းဖြိုးတယ် . . လို့
ကိုယ် . . ခံယူပါမယ် သခင်။
မိုးရေ ထွက်ချိုးလို့
မိုးမိ နှာစေးတဲ့
ကလေး တစ်ယောက်ထက်
ကိုယ့်အဖြစ်က ဆိုးလှပါတယ်။
မာနကို မြားလိုချွန်ပြီး
အငြိုးကြီးတဲ့ လေးအတတ်နဲ့
ကိုယ်တိုင်ပစ်ခွင်းမှတော့
ကိုယ် . . က
ဘာကြောင့်ရှောင်ပြေးရမှာလဲ။
အငြိုးကြီးသူချင်း'အတူတူ
သခင်ရယ် . . .
သုဘဒ္ဒါကမှ လူစားလွှတ်လိုက်ပါသေးရဲ့ . . ။





ညကျတော့ တကယ့်ကို အိပ်လို့မပျော်သဖြင့် စာကြည့်စာပွဲပေါ်မှာ ထိုင်ရင်း ဟိုတွေးသည်တွေး၊ ဟိုးရေးသည်ရေး၊ တွေးဖြစ်ရေးဖြစ်သည်။

ခိုင် . . .

ငါ ကဗျာရေးတတ်ပြီလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



(၁၆)

တတိယနှစ်သို့ စတင်တက်ရောက်နေချိန်အထိ ခိုင့်ဆက်ဆံရေးသည် ကျွန်တော့်အပေါ်၌ ထူးခြားစွာ ပြောင်းလဲတိုးတက်လာခြင်း မရှိချေ။

ကျွန်တော့်ဘက်က,တော့ ခိုင့်အပေါ် ထူးဆန်းစွာပြောင်းလဲလာတာတစ်ခုတော့ ရှိ၏။ ခိုင်နှင့်ပတ်သတ်ပြီး ရင်ထဲမှာ ဖြစ်တည်ခဲ့သမျှတွေကို ဒိုင်ယာရီစာအုပ်လို စာမျက်နှာများမှာ ကဗျာလေးတွေ အဖြစ် ရင်ဖွင့်ပြတတ်ခဲ့သည်။ တစ်ယောက်တည်းနေရင်း ခိုင့်မျက်နှာလေးကို မြင်ယောင်ပြီး ဂစ်တာတီးတတ်ခဲ့သည်။

စွယ်တော်ရွက်လေးတွေကို ကြည့်ပြီး ခိုင့်ကိုသတိရတတ်လာသည်။ စကားဖြူပွင့်လေးတွေကို မြင်ပြီး ခိုင်နှင့်စကားတွေ ပြောနေချင်သည်။ အဲဒါ ဘာဖြစ်လို့လဲဟင် . . ဟု၊ ခိုင့်ကို မေးခွင့်ရချင်သည်။

ကျွန်တော့်ရင်ထဲက ကိစ္စကို ကျွန်တော် တစ်ယောက်တည်းသာ သိသည်။





ကျောင်းထဲရှိ စကားဖြူပင်တွေမှာ စကားဖြူပွင့်တွေ ဝေနေအောင်ပွင့်သည်။ စကားဖြူပွင့် တစ်ပွင့်ကို ခိုင် ထမြတ်တနိုးကောက်ယူလိုက်သည်ကို ကျွန်တော် မြင်ရ၏။

ကျောင်းတွင်း လုပ်သားတစ်ဦး၏ အကူအညီဖြင့် စကားဖြူပန်းတွေ ကျွန်တော်စုဆောင်းသည်။ လက်ကိုင်ပဝါတစ်ထည်ဖြင့် ဖွဖွရွရွထုပ်ပိုးသည်။ ခိုင်နှင့် ခင်မာလာ ထိုင်နေရာ စကားဖြူပင်အောက်သို့ ကျွန်တော် အရောက်သွား၏။

ကျွန်တော့်ကို မြင်သောအခါ ခင်မာလာ ပြုံးပြသည်။

"ဘာတွေလဲ ဝေယံလင်း"

"စကားဖြူပွင့်တွေ . . ခိုင် ပန်ဖို့ လာပေးတာ"

ခိုင့်မျက်နှာကို မကြည့်ဘဲ ကျွန်တော် ပြောလိုက်သည်။

"ဟယ် မွှေးနေတာပဲ။ ခင်ကေခိုင်က စကားဖြူပန်းကို သိပ်ကြိုက်ဟာ . . အနံ့ရော အပွင့်ကိုရော . . ကြိုက်တယ်တဲ့။ နင်တော်တယ် ဝေယံလင်း"

ခင်မာလာထံသို့ ပန်းပဝါထုတ်လှမ်းပေးရင်း . . .

"ခိုင့်ကို ပေးပေးပါ ခင်မာလာ"

ခိုင်က မကြားဟန်ပြုထားသည်။ ပြီးမှ . . ဆန့်ကျင်ဘက်ကို ငေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း . . .

"ငါ မယူဘူးနော် ခင်မာလာ၊ အခုချိန်ကစပြီး
ငါ့တစ်သက်လုံး စကားဖြူပန်းကို မပန်တော့ဘူးလို့ ငါ
ဆုံးဖြတ်လိုက်ပြီ"

ခင်မာလာလက်ထဲမှ စကားဖြူပွင့်တွေကို ကျွန်တော် ညင်သာစွာ ပြန်ယူလိုက်သည်။ စကားစိမ်းများခွန်းခြွေသည့် စိမ်းကားသူမျက်နှာထားကို စကားဖြူပန်းများအားထွေးပိုက်လျက် ရင်နင့်စွာ ငေးကြည့်လိုက်သည်။

သူ့ခြေဖဝါးလေး တင်ထားရာ မြက်ခင်းစိမ်းပေါ်သို့ ကျွန်တော့် အကြည့်ရောက်သည်။ ကျွန်တော့် လက်ထဲရှိ စကားဖြူပွင့်တွေ . . ခိုင့်ခြေဖမိုးလေး၏ ရှေ့တည့်တည့်တွင် သွန်ချလိုက်သည်။

"ဟဲ့"

ခင်မာလာက တားဆီးဖို့ နှုတ်ပြင်ဟန်တူသည်၊ မည်သူ့ကိုမှ ကျွန်တော် ဂရုမပြုတော့ချေ။ ဘာကိုမျှလည်း ထည့်မတွက်တော့၊ ခိုင့်ခြေဖဝါးအနီးမှာတော့ စကားဖြူပွင့်လေးတွေ ခစားသွားကြသည်။ ထို စကားဖြူပွင့်လေးများအကြား၌ ကျွန်တော့် စိတ်နှလုံးတွေ နစ်မြုပ်ကျန်ရစ်ခဲ့သည်ကိုတော့ ကျွန်တော်မှတစ်ပါး . . မည်သူမျှသိလိုက်ကြမည်





မထင်ပါ။

ကျွန်တော် ခိုင့်ကို ကျောခိုင်းလျက် စကားဖြူပွင့်လေးများကို စိတ်ချလက်ချ ထားခဲ့၏။ ဖြူနုသင်းပျံ့သော ပန်းပွင့်လေးတွေကို ခြေထောက်ဖြင့် နင်းချေပစ်လောက်သည့် ကြမ်းတမ်းလွန်းသော ရက်စက်နိုင်စွမ်းတွေ ခိုင့်ရင်ထဲမှာ မရှိလောက်ဘူးဟု ကျွန်တော် ယုံသည်။

ဘာဖြစ်လို့လဲဆိုတော့ . . စကားဖြူပွင့်လေးတွေကို သူမြတ်နိုးသည်လေ။ မြတ်နိုးသောအရာတစ်ခုခုကို အေးပယောဂကြောင့် စွန့်လွှတ်သူသာ ရှိနိုင်ပေမည်။ နင်းချေဖျက်ဆီးရက်သည်ဆိုလျှင်လည်း နဂိုတည်းက, မမြတ်နိုးသောကြောင့် ဖြစ်လေသည်။

စိမ်းကားမာကျောသောစကားလုံးများ ခွန်းခြွေသူ၏ ရှေ့မှောက်မှာ စကားဖြူပွင့်လေးတွေ ထားရစ်ခဲ့ရသည့်အတွက် စိတ်မဖြောင့်စရာတစ်ခုတော့ တွေးမိသည်။ စကားဖြူလေးတွေ စိမ်းသွားမှာ စိုးရိမ်၏။



www.burmeseclassic.com

www.burmeseclassic.com



*စကားစိမ်း*

*စကားပွင့်ဖြူ*
*သူ . . ပန်ယူရန်*
*တမန်ဆက်သ၊ မနက်ကပေါ့။*
*စကားပွင့်ညှာ*
*သူကေသာပေါ်*
*ဂုဏ်ဝံ့ပျော်ရန်*
*တဖန်ဆက်သ၊ မနက်ကပေါ့။*
*မလိုမုန်းတီး*
*တိမ်းရှောင် သီးပွင့်*
*သခင့်မျက်နှာထား၊ တင်းမာအားကြောင့်*
*စကားပွင့်များ စိမ်းသွား၏ . . . ။ ။*

"အဲဒီကဗျာ ခိုင့်အတွက်ပေးမလို့" ဟု၊ တင်ထွန်းကို ကျွန်တော် ပြောသည်။

"မင်းက ပေးရဲလို့လား"

"ခိုင်မသိအောင် ပေးမှာပေါ့။ သူ့လွယ်အိတ်ထဲ





တိတ်တိတ်လေးထည့်မယ်လေ . . လိုလိုမယ်မယ် လက်ရေးတော့ ဖျက်ရေးထားတယ်"

"ဘာမှ ထူးခြားလာမှာမှ မဟုတ်တာဘဲ"

"ငါ့ရင်ထဲ ပေါ့သွားချင်ရုံတစ်ခုတည်းပါကွာ . . "ဟု၊ ကျွန်တော် ပြော၏။

"ခင်မာလာကို တြိုပြီး အသိပေးထားပါလား။ ခင်ကေခိုင် ဖတ်မဖတ်၊ ရမရ မင်းသိရတာပေါ့"

ကျွန်တော် ခေါင်းညိတ်သည်။

ထိုနေ့ နေ့လည်ပိုင်း နာရီစင်ကြီးအောက် ကျော်ကြာသင်ပုန်းရှိရာနေရာတွင် ခိုင့်လွယ်အိတ်ထဲသို့ ကျွန်တော့်ကဗျာလေးကို ရင်ခုန်စိုးထိတ်စွာ ထည့်ပေးလိုက်နိုင်ခဲ့၏။ ခင်မာလာက လွယ်အိတ်ထဲမှ အာရုံလွှဲစေရာ စကားတွေကို ပြောပေးသည်။

ကျွန်တော့်စိတ်ထဲ ပေါ့ပါးသွားသလိုလိုရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဝေယံလင်းများပေးတာလား မသိဘူး" ဟု၊ ခိုင် ပြောကြောင်း "ထင်လို့လား" ဟု၊ ခင်မာလာ မေးကြောင်း။ "ထင်တော့ သိပ်မထင်ပါဘူး ဘာဖြစ်လို့လဲဆိုတော့ ဒီလို ဖွဲ့ဖွဲ့နွဲ့နွဲ့မျိုး သူရေးတတ်မှာမှ မဟုတ်ဘဲ" ဟု၊ ခိုင်ပြောကြောင်း ကဗျာစာရွက်လေးကို သိမ်းထားကြောင်း ကျွန်တော် ကြားသိရ၏။ ခင်မာလာက . . .

"ငါရယ် ကြူကြူသင်းရယ် . . ဟောဒီက အေးအေးဝင်းရယ် တင်ထွန်းရယ် ဒီက အခြောက်ရယ် . . အားလုံးရှေ့မှာ တစ်ခုခုကို နင်ဝန်ခံတော့ပါလား ဝေယံလင်း"

"ဘာကို ဝန်ခံရမှာလဲ"

"နင် ခင်ကေခိုင့်ကို ချစ်နေတယ်မဟုတ်လား"

ကျွန်တော် သက်ပြင်းချသည်။

"ပြောပါ။ ငါတို့အားလုံး ခင်ကေခိုင့်ကို ပြန်မပြောပါဘူး။ တတ်နိုင်ရင် ငါတို့ပါ ဝိုင်းပြီး အကူအညီပေးမယ်လေ"

"ငါ ဝန်ခံပါရစေ ခင်မာလာရယ် . . အချစ်ဆိုတဲ့ အဓိပ္ပါယ်မှာ ပိုင်ဆိုင်လိုစိတ် တစ်ခုခုပါနေတယ်လို့





ငါ ယူဆတယ်။ ခိုင့်အပေါ်မှာ ငါ အဲဒီလိုမျိုး မရှိဘူး။ သူ့ကို သတိရတတ်တဲ့ စိတ်၊ သူက ငါ့အပေါ်မှာထားမယ့် မေတ္တာစိတ်ကို မျှော်လင့်ချင်စိတ်၊ အဲဒါတွေပဲ ငါ့ရင်ထဲမှာ ရှိတာပါ"

"နင့်အပြုအမူက သူ့ကိုချစ်ကြိုက်နေတဲ့ လူတစ်ယောက်နဲ့ တူနေတယ် ဝေယံလင်း"

"ငါမပြောတတ်ပါဘူးဟာ . . သေချာကွဲကျရင်တော့ ငါ နင်တို့ကို ကြေညာပါ့မယ်"

ထိုအချိန်အထိ ကျွန်တော် မသေချာသေး . . ။

နောက်တစ်နေ့မှာတော့ . . . ထူးဆန်းသော ကိစ္စတစ်ခုကို ကျွန်တော် ရင်ဆိုင်ရသည်။ ကျွန်တော်နှင့် တင်ထွန်းနေရာသို့ ခင်ကေခိုင် ရောက်လာ၏။

"ငါ့ကို ဒီကဗျာလေးကူးပေးစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒုတိယနှစ်က သင်ကြားရသော ကဗျာတစ်ပုဒ်ကို လက်ညှိုး ထောက်ပြကာ ပြော၏။ "အခု ကူးပေးရမှာလား" ဟု ကျွန်တော် မေး သည်။ "အိမ်မှာ ကူးပေး" ဟု ခိုင် ပြောသည်။ သူပေးသော စာအုပ်ကို ကျွန်တော် ယူထားလိုက်သည်။ ဘာအတွက်ကြောင့် ကူးခိုင်းသည်ကို ကျွန်တော် သိ၏။ စာသင်ခန်းအတွင်းသို့ ဝင်ရောက်သွားသောအခါ . . နှင်းက . . .

"ထူးထူးဆန်းဆန်းပဲနော် . . ဝေယံလင်း"

"မထူးဆန်းပါဘူးကွာ . . ဒါသူလုပ်ရမဲ့ အလုပ် ပဲ . ."

"ဘာ"

"ဩော် . . သူ့ဆီမှာ မသိမသာရောက်နေတဲ့ ငါ့ကဗျာလက်ရေးနဲ့ ငါ အခုကူးပေးမဲ့ လက်ရေးကို သူ တိုက်ကြည့်ဖို့ နေမှာပေါ့"

"ဩော် . . ဟုတ်သားပဲ။ သူရိပ်မိနိုင်လား"

ကျွန်တော် ခေါင်းခါလိုက်သည်။

"အခု လက်ရေးတွေကို လက်ရေးဝိုင်းဝိုင်းစက် စက်ရေးမှာ . . ကဗျာကိုတော့ လက်ဝဲစာလုံးနဲ့ ငါရေး





ထားတာ လုံးဝမတူဘူး"

"ဒီအတိုင်းဆို အဲဒီကဗျာစာရွက်ကို သူ လွှင့် မပစ်သေးဘူး ထင်တယ်"

"သိမ်းထားဖော်ရတယ်ဆိုရင်ပဲ . . ငါ တရား မဝင် ဝမ်းသာရမှာပေါ့ကွာ . ."

"သိသွားရင်တော့ မဟာပြဿနာပဲ"ဟု တင်ထွန်းပြောသည်။

"နောက်တစ်ပုဒ်ရေးထားသေးတယ် တင်ထွန်း ငါကိုယ်တိုင် သူ့လွယ်အိတ်ထဲထည့်ဖို့ မဝံ့မရဲဖြစ်နေ တယ်။ စောစောစီးစီး မိသွားမှာစိုးလို့"

"အခြေအနေကောင်းရင် ငါထည့်ပေးမယ်လေ အဲဒီကဗျာစာရွက် ငါ့ကို ပေးထားပေါ့"

"ကျေးဇူးပဲကွာ . . " ဟု ပြောပြီး လွယ်အိတ်ထဲမှ ရင်ခွင်မှီနေ သော ကဗျာစာရွက်လေးကို တင်ထွန်းထံသို့ လှမ်းပေးလိုက်၏။

ကဗျာ ခေါင်းစဉ်က "ပင်လယ် . . ပြာ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကဗျာကို ဘာဖြစ်လို့ ကူးခိုင်းတာလဲ ခိုင်" ဟု၊ စာအုပ်ပြန်ပေးရင်း ခိုင့်ကို ကျွန်တော် မေးသည်။

"ကူးခိုင်းချင်လွန်းလို့ ကူးခိုင်းတာမဟုတ်ဘူး။ ငါ့ကို ဆွဲဆောင်နိုင်လွန်းတဲ့ လက်ရေးတစ်ခုနဲ့ နင့်လက်ရေးနဲ့ တူမတူသိချင်လို့ တိုက်ကြည့်တာ"

"နင့်ကို ဆွဲဆောင်နိုင်တဲ့ လက်ရေးဆိုတာ ဘာကို ပြောတာလဲ . . ခိုင်"

"ဒါကို နင်သိဖို့မလိုဘူး။ ဒါနဲ့ နင့်ကို ငါတစ်ခုမေးမယ်၊ နင် ကဗျာစပ်တတ်လား"

ကျွန်တော် ခေါင်းခါလိုက်သည်။

"အင်းလေ . . ဟုတ်မှာပါ။ ကဗျာဆိုတာ နင့်လို လူတစ်ယောက်ရဲ့ ရင်ထဲမှာ ဘယ်လိုနည်းနဲ့မှ ရှိနိုင်မှာ မဟုတ်ပါဘူး"

သူလှမ်းပေးသော စာအုပ်ကိုယူရင်း ခေါင်းငုံ့၍သာ ကျွန်တော်နေလိုက်သည်။ စာသင်ခန်းအတွင်းသို့ သူ ဝင်ရောက်သွားသည်အထိ ကျွန်တော် နေရာမရွှေ့ဖြစ်သေး . . ။





(၁၇)

ပင်လယ်ပြာ

မင်း . . ဘာကြောင့်
လှိုင်းထန်နေရတာလဲ . . ။
ငြိမ်သက်သက် မင်းရဲ့ ရေပြင်အထက်မှာ
ကိုယ့်ရဲ့လှေငယ်လေးကို
(လေပြည်ညင်းနဲ့အတူ)
လှော်ခတ်ခွင့်ပြုပါ . . ။
ကမ်း မကပ်ကြေး
ဟိုး . . ပင်လယ်ပြင်အနှံ့
အဝေးဆုံး အထိလေ . . ။



www.burmeseclassic.com

www.burmeseclassic.com



မင်း . . .

လှိုင်းထန်နေလေလည်း

ကိုယ်က လှော်ခတ်နေမဲ့သူပါကွယ်

ကိုယ့် တစ်ကိုယ်လုံး

ပင်လယ်ထဲ ဆုံးဆုံးမြုပ်ပေ့ါ။

မင်းရဲ့ . . .

ပင်လယ်ထဲမှာ

ကိုယ် . . .

ပြာမှုန်ဖြစ်သွားပြီ . . ။ ။

"ဒီကဗျာက နှင့်ဆီကို ဘာကြောင့်ရောက်

ရတာလဲ ခင်မာလာ"

ကျွန်တော် စိုးထိတ်စွာ မေးလိုက်မိသည်။

"ခင်ကေခိုင်က မိတ္တူကူးခိုင်းထားလို့"

"အဟုတ်"

"ဒါလိမ်စရာမှ မဟုတ်တာ . . ငါတောင် အံ

တယ်။ အဲဒီကဗျာတွေကို သူရေရေလည်လည် ဖြ





နေတာ"

"ဘယ်သူပေးတယ်လို့ ထင်နေလဲဟင် . . "ဟု၊ သိလိုစိတ်ကြီးစွာ ကျွန်တော် မေးလိုက်သည်။ တင်ထွန်းကလည်း စိတ်ဝင်တစား။

"သူ့ကို စိတ်ဝင်စားနေတဲ့သူ . . တစ်ယောက်ယောက်ပေးတာနေမှာပေ့ါ . . တဲ့။ သူ့ကို စိတ်ဝင်စားတဲ့သူတွေက အများကြီး။

လာတဲ့သူတိုင်းကို သူက . . မာမာတင်းတင်းပဲဆက်ဆံခဲ့တာကိုး။ အဲဒီအထဲက တစ်ယောက်ယောက်ပဲလို့ သူထင်နေတာ"

"သူ . . ကဗျာချစ်တတ်မှန်း ငါမသိခဲ့ဘူး"

ကျောင်းရှေ့ဘက် ဝင်ပေါက်ရှိရာသို့ လှမ်းကြည့်ပြီး ကျွန်တော် ပြောသည်။ ခိုင့်မျက်မှောက်တွင် ခင်မာလာနှင့် တရင်းတနှီးရှိနေသည်ကို ရိပ်စားမိမှာစိုးသဖြင့် ခိုင်လာမလာ သတိပြုပြီးနေကြရသည်။ ယခုအချိန်အထိ ခိုင်မရောက်သေး။

"ခင်ကေခိုင်က ကဗျာချစ်တာ မဟုတ်ဘူးဟ။ ကဗျာရှင်ရဲ့ ခံစားချက်အတိုင်းအဆကို သူခံစားမိသွားတာ . . ။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာရှင် ဘယ်သူဘယ်ဝါဆိုတာကို သူစိတ်

မဝင်စားဘူး။ ကဗျာစာသားလေးကို ကြိုက်နေတာပဲ"

"ငါ့ကဗျာဆိုတာ သိသွားရင်တော့ ပြဿနာပဲ၊

ငါ့ကိုတော့ သူ့ထင်ကြေးထဲထည့်မထားပါဘူးနော် . .

ခင်မာလာ"

"နင်က သူ့ကို ရည်းစားစကားပြောဖူးလို့လား"

ကျွန်တော် စိတ်မပါစွာပြုံးလိုက်ရသည်။

"အခု ပင်လယ် . . ပြာဆိုတဲ့ ကဗျာက တင်ထွန်း

စွန့်စားပေးထားတာ။ နောက်တစ်ခါဆို ခိုင့်လွယ်အိတ်

ထဲကို နင်ထည့်ပေးပါလား ခင်မာလာ"

"နင့်ဘက်က တရားဝင်ကြေညာရင် ငါ အချိ

တမ်းကူညီမယ်လေ . . နှုတ်ကိုလည်း အခုထက်ပို

လုံလုံခြုံခြုံထားမယ် ဘယ့်နှယ့်လဲ"

ကျွန်တော် ခေါင်းကုတ်မိပြန်သည်။

"ငါ့ကိုယ်ငါ မေးလိုက်ပါဦးမယ်ဟာ"

"ဟော . . ဟိုမှာ ခင်ကေခိုင် ကားလာနေပြီ

ငါသွားမယ် . . ကိုယ့်ကိုယ်ကို သေချာအောင် မေး





ထားပေတော့"

ခင်မာလာ အနားမှ ထ,သွားသောအခါ ဟာဒ်ပင်ရိပ်အောက်သို့ ညင်သာစွာ ဝင်ရောက်လာနေသည့် ခိုင့်၏ကားလှလှလေးကို ကြိုငေးဖြစ်သည်။

ကျွန်တော့်ရင်ထဲသို့ ကျွန်တော်ကိုယ်တိုင် အသေအချာ သိလိုက်စေသော အမှုတစ်ခုကို ခိုင်ကျူးလွန်ရက်ခဲ့သည်။ ထိုမြင်ကွင်းသည် ကျွန်တော့်အာရုံစေစားရာ အရပ်ဖက်တိုင်း၌ ခါးသီးစဖွယ် တွေးထင်နေရစ်၏။ ခိုင် . . ပြုရက်နိုင်စွမ်း၏။

အတန်းပြန် အိမ်ပြန်ပြီးချိန်ရောက်တိုင်း ခိုင့်ကားလေး ရပ်နားရာ နေရာနှင့် ခပ်လှမ်းလှမ်းရှိ စိန်ပန်းပင်အောက်တွင် ခိုင့်ကို အကြည့်များစွာဖြင့် နှုတ်ဆက်ဖို့ အထီးကျန်စွာ ကျွန်တော် စောင့်မျှော်နေစမြဲ။

အခုတော့ . . .

ခိုင့်ကို လာကြိုသော ကားလှလှလေးသည် ယခင်နေ့များက ကားအမျိုးအစား မဟုတ်။ ယခင်နေ့များက ကားကဲ့သို့သော အရောင်



www.burmeseclassic.com

www.burmeseclassic.com



အဆင်းလည်း မဟုတ်။ အထူးသဖြင့် ကားမောင်းသူပြောင်းလဲသွားခြင်း ဖြစ်၏။ ကျွန်တော့်ထက် သုံးလေးနှစ်ခန့် အသက်ကြီးမည့် လူရည်သန့် အမျိုးသားတစ်ဦး။

ခိုင်ကိုယ်တိုင် ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည့်အတွက် ကျွန်တော့်ရင်ထဲ ဒိတ်ကနဲ တစ်ကြိမ်ဖြစ်သည်။ ထိုအမျိုးသားက ကားတံခါးကို ဆီးကြိုဖွင့်ပေးစဉ် ကျွန်တော့်စိတ်ထဲ ဇဝေဇဝါ။ အရယ်အမော အပြုံးအပျော်တွေကို မျက်နှာနှစ်ခုပေါ်မှာ ကိုယ်စိကိုယ်ငှ မြင်တွေ့လိုက်ရသည့်အတွက် ကျွန်တော့်ရင်ထဲတွင် ဒိတ်ကနဲ တစ်ကြိမ်ဖြစ်သွားပြန်သည်။

အဲဒီညက ကျွန်တော် အိပ်မက် မက်ခွင့်မရ။

ဘာဖြစ်လို့လဲဆိုတော့ အိပ်၍မပျော်သောကြောင့် ဖြစ်သည်။

တင်ထွန်းနှင့်ခင်မာလာကို ခေါ်ပြီး စားသောက်တန်းရှိ အအေးဆိုင်တွင် ထိုင်သည်။ ယခုအချိန်အထိ ကျောင်းထဲသို့ ခိုင်ရောက်မလာသေး . . ။





"မင်း ဘာသောက်မလဲ"

"ငါ . . ခိုင့်ကိုချစ်တယ်"

ခင်မာလာ ရယ်သံကို ကြားရသည်။ တင်ထွန်းက . . .

"မင်းကို အအေးဘာသောက်မလဲလို့ မေးနေတာ . . ဘာတွေ လျှောက်ပြောနေတာလဲ"

ထိုအတွက် ကျွန်တော် မရှက်မိ။

"မင်း ဘာပြောမလဲလို့ မေးတာ မဟုတ်လား"

"မဟုတ်ဘူး"

"မင်းတို့ သောက်ချင်တာပဲ မှာကွာ . . "ဟု၊ ကျွန်တော် ပြောလိုက်သည်။ "ကြံရည် သုံးခွက်" ဟု၊ တင်ထွန်းမှာသည်။ ကြံရည်ခွက် ရောက်မလာခင်အတွင်း မနေ့က မြင်ကွင်းအကြောင်းကို ပြောလိုက်၏။ တင်ထွန်းက . . .

"အဲဒါနဲ့ ခိုင့်ကိုချစ်တယ်ဆိုတာနဲ့ ဘာဆိုင်လို့လဲကွ"

သိလျက်နှင့် တမင်မေးသော အမေးဟု ကျွန်တော်ထင်သည်။

"ခိုင့်အမုန်းကို မခံနိုင်တာတစ်ခုတည်းနဲ့ သူ့ကို ငါချစ်တယ်လို့ ဝန်မခံခဲ့ဘူး တင်ထွန်း။



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်ယောက်ကို ချစ်သွားရင်ဆို တဲ့ မနာလိုစိတ် မနေ့ကမှ ငါ့ရင်ထဲဝင်လာတာ . . စိုး ရိမ်စိတ်တွေ ငါ့ရင်ထဲကို ရောက်နေပြီကွာ . . ငါခိုင့်ကို သိပ်ချစ်နေပြီဆိုတာ ငါကိုယ်ငါ သိလိုက်ပြီ တင်ထွန်း"

"အဲဒီတော့"

"အဲဒီတော့ ငါသူ့ကို တရားဝင်ချစ်စကားပြော တော့မယ် . . ဘယ်နေ့ပြောဖြစ်မလဲတော့ မသိဘူး"

"ခင်ကေခိုင်က မင်းကိုမုန်းနေတဲ့သူ ဆိုတာ တော့ ထည့်တွက်ဦးလေကွာ . ."

"မုန်းတာက သူ့ကိစ္စ . . ချစ်တာက ငါ့ကိစ္စ . . စာမေးပွဲဖြေသလိုပေါ့ကွာ . . စာကျက်ရမယ် ဝင်ဖြေ ရမယ်ဆိုတာ စာသင်သားတွေရဲ့ အပိုင်း . . အောင် မအောင် ကျ မကျ ဆုံးဖြတ်ရမှာက စာစစ်တဲ့သူတွေ ရဲ့အပိုင်းပဲ"

"မအောင်နိုင်မှန်းသိလျက်နဲ့ မင်းကိုငါက စိတ် ပျက်စကားပြောရင်ကော . ."

"ငါ့မျှော်လင့်ချက်ကို ငါ ဘယ်တော့မှ လျှော့





မပစ်ဘူး တင်ထွန်း။ ပြီးတော့ ခင်မာလာတို့ မင်းတို့ရှိ နေတာပဲ . . ငါ့ကို ကူညီကြပေါ့ကွာ။ ခင်မာလာလည်း ပြောထားသားပဲ တရားဝင်ကြေညာရင် အမြဲတမ်းကူ ညီမယ်ဆို . ."

ခင်မာလာက . . .

"အခု တရားဝင်ကြေညာသေးလို့လား"

"ကြေညာပြီးပြီလေ"

"မဟုတ်ဘူး။ ကာယကံရှင်ကို ကြေညာပြီးပြီ လားလို့"

"မကြာခင် ကြေညာဖြစ်မှာပါ"

"ဒီနေ့ ခင်ကေခိုင် ကျောင်းတက်ဖြစ်မှာမဟုတ် ဘူး"

"ဘာဖြစ်လို့လဲဟင်"

"အိမ်မှာ ဧည့်သည်လာမယ်ပြောတာပဲ . . နင် တွေ့ခဲ့တာ ဧည့်သည်နေမှာပေါ့"

"ဆွေမျိုးသားချင်း ဧည့်သည်ဆိုရင် သိပ်ကောင်းမှာပဲ . ."ဟု ပြောရင်း လွယ်အိတ်ထဲသို့ ကျွန်တော် နှိုက်သည်။ စာရွက်ခေါက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ခေါက်ကို ခင်မာလာထံသို့ ကမ်းပေးပြီး . . .

"ခိုင့်ကို ပေးပေးနော် . . ညက ငါရေးထားတဲ့ ကဗျာ"

ခင်မာလာ လှမ်းယူလျက် . . .

"ဝေယံလင်း ပေးခိုင်းတယ် . . လို့ ပြောပေးရမလား"

"မဟုတ်ဘူးလေဟာ . . နင်ကလည်း ဒါ တိုးတိုးတိတ်တိတ်ပေးရမယ့် ကဗျာ"

"ငါဖတ်ကြည့်ဦးမယ် . ."ဟု ပြောပြီး စာရွက်ခေါက်ကို ခင်မာလာ ဖွင့်ဖတ်သည်။

ကျွန်တော့်ရင်ထဲကို အားလုံးမြင်ကုန်တော့မည်။

ကုသကဲ့သို့

တမင် သူမုန်း
ရင်ပူရှုံးနိမ့်
တသိမ့်သိမ့်ရှိုက် . . အော်ငိုလိုက်ချင် . . ။





တမင် သူစိမ်း
ရင်ပူမငြိမ်း
မျက်ရည်လိမ်းကာ ငိုဖို့ဟန်ပြင် . . ။
အပျံသင်စ
မပျံခင်က တောင်ပံကျိုး . . ။
အချစ်မြင်စ
မချစ်ခင်က မျက်ရည်ပျိုး . . ။
ဒါပေမဲ့ကွယ်
မျက်ရည်ခမ်းခြောက် အလွမ်းဆိတ်သုဉ်း
အမုန်းပြေငြိမ်း အစိမ်းကွက်ပျောက်
အချစ်ရောက်လာ ထိုအခါအထိ
ချစ်ခင်မြတ်နိုး တိတ်တခိုး . . ။ ။



www.burmeseclassic.com

www.burmeseclassic.com



(၁၈)

ခိုင့်ကျောပြင်လေးကို ကျွန်တော်မြင်နေရသည်။ ခင်မာလာနှင့် ပေးခိုင်းခဲ့သော ကဗျာစာရွက်လေးကို ခိုင့်လက်ထဲမှာ မြင်လိုက်ရသဖြင့် ရင်ထဲမှာ တရားမဝင်ကြည်နူးဖြစ်သည်။ ခိုင့်အနီးတွင် ကျွန်တော် ဝင်ထိုင်သည်။

"ခိုင်"

အသံကို အလွတ်ရထားဟန်တူ၏။ လှည့်အကြည့်မှာ ဒေါ်မာန်ပါသော မျက်ဝန်းတစ်စုံကို တွေ့လိုက်ရသည်။

"ငါ့နာမည် ခင်ကေခိုင် . . ခိုင်လို့ အဖျားဆွတ်ပြီး ခေါ်စရာမလိုဘူးလို့ ငါပြောထားပြီးပြီနော်"

အရှက်ပြေ ပြုံးလိုက်ရသည်။





"ငါက နင့်ကို အဲဒီလိုမျိုးပဲ ခေါ်ချင်နေတယ် ခိုင်။ ပါးစပ်အရသာခံတာမျိုးတော့ မဟုတ်ဘူး"

စူးရဲစွာကြည့်ပြီး ထိုင်ရာမှ ထ,ဖို့ပြင်သည်။

"နေပါဦး ခိုင် . . ငါနင့်ကို မေးစရာရှိလို့ပါ"

နေရာရွှေ့ထိုင်ရုံမှတစ်ပါး ခြေလှမ်းမပြင်သေးသဖြင့် ကျေးဇူးတင်ဖြစ်သည်။

"နင် မနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာ လဲဟင်"

ခံစားတတ်မည်ဆိုပါက လွှမ်းလွှမ်းဆွေးဆွေး မေးလိုက်သော ကျွန်တော့်စကားသံထဲ၌ တမ်းတခြင်းတွေ ပါဝင်နေသည်ကို ခိုင် မြင်သာပေလိမ့်မည်။

"ငါ့ဘာသာ မတက်ချင်လို့မတက်တာ နင်နဲ့ ဘာဆိုင်လဲ"

ရင်ထဲမှာ မိုးကြိုးသွားတမျှ စူးရှကျန်ရစ်စေခဲ့သည့် ချစ်သူ၏ အလင်္ကာစကား။ ကျွန်တော့်အပေါ်တွင် ထိုမျှမက စိမ်းကားမာကျောလွန်းခဲ့သည့် ရက်စက်သော ခိုင် . .။

ရက်စက်လွန်းမှန်း သိပါလျက် ရက်စက်မှုတိုင်းကို ခံယူရန်



www.burmeseclassic.com

www.burmeseclassic.com



အနည်းငယ်မျှ ကျွန်တော် ဝန်မလေးခဲ့။ ရှုံးမိုက်သည့် ကျွန်တော်။

"ဟိုတစ်နေ့က နင့်ကို ကျောင်းလာကြိုတဲ့သူ
က ဘယ်သူလဲခိုင်"

"နင် ဘာတွေလာမေးနေတာလဲ ဝေယံလင်း"

"ငါသိချင်လို့ပါ"

"သိစရာမလိုဘူး"

သူမတ်တပ်ရပ်မှာ စိုးသဖြင့် သူ့လွယ်အိတ်ကို ကျွန်တော် ခပ်ဖွဖွ ဆွဲကိုင်ထားမိသည်။

"နေပါဦး ခိုင်။ ငါ့ကို စကားတွေ ပြောခွင့်ပြုပါ"

အံကြိတ်သဖြင့် မှဲ့နက်လေးတစ်လုံး နေရာရွေ့လျားသွားမည်ထင်ရ၏။

"ဟိုတုန်းက နင်မုန်းမှာကို ငါကြောက်တယ်
ခိုင်။ အခု တခြားတစ်ယောက်ယောက်ကို နင်ချစ်သွား
မှာ ငါကြောက်တယ် . . ။

"ငါ့ရင်ထဲမှာ နင့်ကိုမခွဲနိုင်တော့သလိုပါပဲ ခိုင်
ငါ နင့်ကိုချစ်တယ်"

"ဘာ"





"နင့်ကို ငါချစ်တယ် ခိုင်"

"ဖျန်း"

ထိုအသံကြောင့် စကားဖြူအပင်ပေါ်မှ ငှက်ကလေးများ လန့်ဟက် ပျံပြေးသွားကြသည်။

စကားဖြူပင်ကြီး၏ ပင်စည်အကွယ်ကြောင့် ကျောင်းသားကျောင်းသူ တစ်စုံတစ်ယောက်မျှ သတိမပြုမိသည့်အတွက် ကံကောင်းပါသေး၏၊ နာကျင်မှုကြောင့် ကျွန်တော် မငိုပါ . . ။ ခံစားရခြင်း အသိကြောင့်အသည်းနှလုံးကတော့ ကြေကြေကွဲကွဲ ငိုပွဲဆင်နေသည်။

ကျွန်တော့်ဦးခေါင်းတစ်ခုလုံး ပုန္နရိပ်ပင်တွေကြားထဲသို့ ပြုတ်ကျသွားမတတ် ငိုင်ဆင်းသွားရသည်။ ခုံတန်းပေါ်မှ ဖယ်ခွာလျက် ငွေ့ရင်းဌာနဘက်သို့ ကျောပေးလိုက်သည်။ ထိုင်နေလျက် ရှိနေသေးသော ခိုင့်မျက်နှာကို မြတ်နိုးစွာငေးကြည့်ရင်း . . .

"ငါ သိပ်ချစ်နေတာ . . နင် သိသွားပြီဖြစ်တဲ့
အတွက် ငါ ကျေနပ်ပါတယ် ခိုင်"

"တောက်"

"တက်" ခေါက်လျက် ဆက်ကနဲ မတ်တပ်ရပ်သည်။ ကျွန်တော့်ကို ထူးရဲစွာမော်ကြည့်၏။ စူးရှသော မျက်လုံးကို နူးညံ့သော အကြည့်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ခံထွေးပိုက်သည်။ ချာကနဲလှည့်ထွက်သွားသော သူ့ခြေလှမ်းမှာ အောက်၌ ကျွန်တော့်ချစ်ခြင်းတွေ ရောက်ရှိသွားသည်။ စကားမြွ ရှင်း သင်းသင်းသန့်သန့်ကို ချစ်သူနှင့်အတူ ရှူရှိုက်ချင်၏။

အမြဲစိမ်းတော

. . . . . . . . .

. . .  . . .

. . .  . . .  . . .

ရင်ထဲမှာ ငို ငို ရှိုက်နေပေမဲ့

တူမျှကာ ရင်နှစ်အသည်းညှာသို့

ယူဆစွာ 'အကျွန်' ချစ်မိပြီပဲ . . ။

ချစ်မိသည်ကို

အပြစ်ရှိတယ် သခင်ထင်လျှင်လည်း .





နှံ့နှစ်ကာ မိုက်ဇာတ်သိမ်းတဲ့အထိ

စိမ်းပေါ့အမြဲ . . . ။ ။

"ဒီကဗျာကို နင်ရေးတယ်လို့ သူထင်နေတယ် ဝေယံလင်း"

ခင်မာလာ့စကားကြောင့် ကျွန်တော် မျက်လုံးဝိုင်းသွားရသည်။ "ငါ့လက်ရေးကို ခိုင် မှတ်မိနေလို့လား" ဟု၊ ကျွန်တော် စိုးစိုး နိမ့်ရိမ့် မေးသည်။

"အတိအကျ ထင်မြင်ချက်မျိုးတော့ မဟုတ်ပါဘူး။ နင်နဲ့ပြဿနာဖြစ်ပြီး နောက်တစ်နေ့ ညနေကျတော့ သူ့အိမ်ကို ဒီကဗျာက ရောက်နေပြီ။

ဒီကြားထဲ စာတိုက်တံဆိပ်က . . နင့်မြို့နယ် တံဆိပ်။ စွပ်စွဲလို့ မရတာဆိုလို့ လက်ရေးပဲ ရှိတော့တယ်"

ကျွန်တော် သက်ပြင်းချမိသည်။ ထင်ပေါ်က . . .

"ဘာမှမပူပါနဲ့ကွာ . . မင်းကို လာဂုဏ်ပြုဖို့ မှာပါ။ မင်းကဗျာက ဆွဲဆောင်မှု ရှိပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ထင်ပေါ်ခေါင်းကို ဗလာစာအုပ်ဖြင့် ကျွန်တော်ရိုက်ပစ်လိုက်သည်။ ထင်ပေါ်က စာအုပ်ကိုလက်ဖြင့်ကာလျက် . . .

"ဟုတ်တယ်လေ . . ဒီလောက်ပြဿနာတက်နေတာတောင် ချစ်မိသည်ကို အပြစ်ရှိတယ် သခင်ထင်ရင်လည်း နွံနစ်ကာ မိုက်ဇာတ်သိမ်းတဲ့အထိ စိမ်းပေါ့အမြဲ . . တွေ့ ဘာတွေ သွားရေးတော့ ဒါသက်သက်မဲ့ ဒေါသဖြစ်အောင် စိန်ခေါ်တာပေါ့"

ခင်မာလာ ရယ်လေသည်။ ကျွန်တော်ပါ ရော၍ရယ်မိသည်။ တင်ထွန်းက . . .

"နေစမ်းပါဦး။ မင်းက ကဗျာစာရွက်ကို ဘာဖြစ်လို့ စာတိုက်က ထည့်လိုက်ရတာလဲ"

"မင်းကို အားနာလို့ပါ"

"အားနာတယ်ဆို နောက်ဘာမှမခိုင်းနဲ့ . . ခင်မာလာကိုရော . . ကျန်တဲ့သူတွေကိုရော . ."

"အဲဒီလိုတော့ မလုပ်နဲ့လေကွာ . . ။ ငါက . . နည်းစနစ်အမျိုးမျိုး ပုံစံအမျိုးမျိုးနဲ့ ကြိုးပမ်းကြည့်တဲ့သဘောပါ"





ခိုင့်ကို ကျွန်တော် လှမ်းမြင်ရသည်။ ထို့ကြောင့် ခင်မာလာတို့နှင့် ဝေးရာနေရာသို့ ကျွန်တော် လျှောက်သွားလိုက်၏။

ဆရာ-ဆရာမများကို မကန်တော့ခင်ကတည်းက . . ခိုင့်ကို ကျွန်တော် ငေးကြည့်နေမိသည်။ ကန်တော့ပွဲ ပြီးသွားသည်အထိ . . ကျွန်တော် ရှိရာသို့ ခိုင်တစ်ချက်လေးမျှ ငဲ့မကြည့်။

ခိုင်၏ ငဲ့အကြည့် လှည့်အကြည့်လေးတစ်ခုကိုပင် ကျွန်တော်လိုလိုချင်ချင် ဖြစ်နေရသည်။ တတိယနှစ် စာသင်နှစ်ပင် ကုန်ဆုံးခါနီးလုပြီ။ စာမေးပွဲပြီးလျှင် ခိုင်နှင့် ဝေးနေရဦးမှာပါလား . . ဟု၊ တစ်ကိုယ်တည်းတွေး၍ တစ်ကိုယ်တည်းဆွေးရ၏။ ခိုင်က,တော့ ကျွန်တော်နှင့် ဝေးလေ ကောင်းလေဟု၊ တွေးနေမှာ သေချာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင် ကျွန်တော်တို့ မေဂျာ၏ ဆရာကန်တော့ပွဲ သတင်းကို သတင်းစာထဲတွင်တွေ့သည်။ သတင်းစာထဲတွင် လက်အုပ်ချီနေသော ကျောင်းသားကျောင်းသူများ၏ အစွန်၌ ခိုင့်ကို တွေ့သည်။ ထိုသတင်းဓာတ်ပုံကို ဖြတ်ယူပြီး ကျွန်တော် သိမ်းထားမိသည်။

သဘာဝပေးသောအလင်းတန်းကို မည်သူထံသူမှ ခွင့်ပန်စရာ မလိုဘဲ ဖမ်းယူသိမ်းဆည်းခွင့်ကြုံသည်ဟု ကြည်နူးခံစားရ၏။





(၁၉)

ကြော်ငြာသင်ပုန်းတွေ၏ ရှေ့နားတွင် ခိုင့်စာအုပ်တွေကြားမှ အဝါရောင်လက်ကိုင်ပဝါတစ်ထည် ထွက်ကျသွားသည်ကို ကျွန်တော် မြင်သည်။ စကားပြောခွင့်ရဖို့ နတ်ဒေဝါများက မ,စခြင်းပဲဟု ကြည်နူးစွာ ဆွေးရင်း လက်ကိုင်ပဝါလေးရှိရာသို့ ကျွန်တော် အပြေးသွားပြီး ကောက်သည်။

လက်ကိုင်ပဝါလေးတစ်ထည်ကိုပင် အငမ်းမရကောက်သည့် ကျွန်တော့်အား သွားလာနေကြသော ကျောင်းသား၊ ကျောင်းသူများ အနက် တချို့တလေတော့ တွေ့မြင်ကြလိမ့်မည် ထင်၏။

"ခိုင်"

ခြေလှမ်းမရပ်။

"နင့်လက်ကိုင်ပဝါလေး ကျခဲ့လို့ ငါလာပေး တာပါ"



www.burmeseclassic.com

www.burmeseclassic.com



မာကျောစိမ်းကားစွာ ငဲ့ကြည့်သည်။ သူစာအုပ်တွေ ကြားထဲသို့ကြည့်ပြီးမှ ကမ်းပေးသော လက်ကိုင်ပဝါအခေါက်လေးကို ဆတ်ကနဲလှမ်းယူသည်။ လက်ကိုင်ပဝါအခေါက်ကို ဖြေသည်။ လုံးချေပြီး အနီးရှိပုန္နရိပ်ပင်နီးဘက်သို့ လွှင့်ပစ်လိုက်သည်။

အံ့သြရင်နင့်စွာ ကျွန်တော် ကျန်ရစ်ခဲ့ရသည်။ ကြေမွတွန့်လိမ်သွားသော လက်ကိုင်ပဝါလေးကို အတန်ကြာငေးကြည့်နေမိသည်။ ကျွန်တော် မရက်တော့ပါ။ ဘေးဘီကို ငဲ့မကြည့်တော့ဘဲ လက်ကိုင်ပဝါလေးကို မြတ်နိုးစွာဖွဖွရွစွာ ကောက်ယူလိုက်သည်။

ချစ်သူပစ်ခွင်းလိုက်သော မြားတစ်စင်းကို ယုယစွာ ရင်မှာပိုက်၍ မြတ်နိုးစွာ သိမ်းဆည်းခွင့်ရသည်ဟု ခံယူတွေးမှတ်၏။

ရေရှည် ရည်ရွယ်၍

ပလ္လင့် အထက်
သခင့် အမျက်တွေ၊ မပြေလေတော့





မြေပြင်ဝပ်တွား
အသနားခံ၊ ဖားလှံ့မကြောက်
ရင်ခွင်ပေါက်ပက်၊ သည်ဒဏ်ချက်နဲ့
တစ်သက်မခွာ၊ အမျက်ညှာ .. ကြွေ
ပြေ .. ပြေစေကြောင်း ...
ဆုတောင်းစကား၊ သူ .. မကြားလည်း
သူ့ဖဝါးအောက်၊ ပြုစားလောက်စေ
သေ .. သေစေတော့ ...
ရေရှည် ရင်ကော့ နေချင်တယ် .. ။ ။

"ဒီကဗျာစာရွက်က နင့်ကဗျာစာရွက် မဟုတ်လား"

ထိုသို့ တိုက်ရိုက်လာမေးရလောက်အောင် ခိုင် .. ရိပ်စားမိလိမ့်မည်ဟု၊ ကျွန်တော် မထင်ခဲ့။

"ဟုတ်တယ်" ဟု၊ ကျွန်တော် ဝန်ခံလိုက်လျှင် ကျွန်တော့် ပါးပြင်ပေါ်သို့ လက်ဖဝါးမိုးတွေ သွန်းဖြိုးကျလာနိုင်ချေရှိသည်။ ကျွန်တော့် ပါးအား ချစ်သူ၏ လက်ဖဝါးနုနုဖြင့် ကြမ်းတမ်းစွာရိုက်နှက်လိမ့်မည်ကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မကြောက်ပါ . . ။ အမုန်းထုထည် ပို၍ ကြီးမားသွားမည်ကို ကျွန်တော် စိုးကြောက်သည်။

"ပြောလေ . . ဒါနင်ရေးတာ မဟုတ်လား"

"ဟုတ်တယ်" ဟု၊ ကျွန်တော် ပြောလိုက်ချင်သည်။ ရဲရဲဝံ့ဝံ့ ဝန်ခံလိုက်ချင်သည်။ သည်ကဗျာလေးတွေကို ခိုင် နှစ်ခြိုက်နေတာ သိထားပါလျက် ဝန်မခံရဲသော ကိုယ်ကိုယ်ကို ကျွန်တော် အပြစ်ဖို့ချင်သည်။

ခိုင့်ကို တစ်ခုခုပြန်ပြောဖို့ . . ခိုင့်မျက်လုံးရှိရာသို့ ကျွန်တော် ကြည့်လိုက်သည်။ သူလည်း ကျွန်တော့်ကို ကြည့်နေ၏။ ဘာဖြစ်လို့ အဲဒီလို ငေးကြည့်နေရတာလဲ ခိုင်ရယ်။ ခုနကလို အတင်းမာဆုံး ကြည့်စမ်းပါ။ အခက်ထန်ဆုံး ကြည့်နေလိုက်စမ်းပါ။

"ပြောလေ . . ဒီကဗျာကို နင်ရေးတာမဟုတ်လား"

ခိုင့်အသံ ဘာကြောင့် တုန်သွားရတာလဲ။

ခိုင့်လက်ထဲက ကဗျာစာရွက်ကို ကျွန်တော် ယူကြည့်လိုက်သည်။ ပြီးတော့ ခိုင့်မျက်လုံးတွေကို ကျွန်တော်ကြည့်လိုက်၏။

"ဒါ . . ငါ့လက်ရေးမှ မဟုတ်ဘဲ။ ပြီးတော့ ဒါမှ ကဗျာမရေးတတ်ဘဲ"





အလုံလောက်ဆုံးသော မုသား။

ကျွန်တော့်လက်ထဲမှ ကဗျာစာရွက်ကို ဆတ်ကနဲ ပြန်ယူပြီး စာသင်ခန်းထဲသို့ ဝင်သွားသည်။ "ဗြဲခနဲ" အသံမကြားရသဖြင့် ရင်ပေါ့ရ၏။ ကဗျာစာရွက်လေးသာ အစိပ်စိပ်အမွှာမွှာ ဖြစ်သွားပါက ကျွန်တော့် အသည်းနှလုံးလည်း တစ်စစီဖြစ်သွားပေလိမ့်မည်။ ခိုင့်လက်အတွင်းသို့ ရောက်ရှိသွားသော ထိုကဗျာစာရွက်လေးထဲတွင် ကျွန်တော့်ဝိညာဉ်ကိုပါ ထည့်ပေးထား၏။

ခိုင့်လွယ်အိတ်ထဲသို့ ခိုးကြောင်ခိုးဝှက် ထည့်ပေးခဲ့သော တင်ထွန်းကို အခါခါအလီလီ ကျေးဇူးတင်၍ မဆုံးတော့။

စာသင်ခုံမှာ ခိုင်တစ်ယောက်တည်း ရှိနေသည်။ စာသင်ခန်း၏ ပြင်ပတွင် အတန်းထဲက ကျောင်းသားတွေရှိနေသည်။ အတန်းထဲမှာတော့ တခြားကျောင်းသား ကျောင်းသူတချို့ ဝိုင်းဖွဲ့ရယ်မောနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုင့်နံဘေးတွင် ကျွန်တော် ဝင်ထိုင်သည်။ ခိုင်က ပန်းတစ်ပွင့်၏ အစိတ်အပိုင်းတွေကို ကူးဆွဲနေရာမှ ကျွန်တော့်ကို ငဲ့ကြည့်သည်။

"နင့်လက်ကိုင်ပဝါလေးကို ငါ သိမ်းထားဖို့

စေလို့ လာပြောတာပါ"

ခိုင်က ခဲတံကို ကိုင်လျက် . . .

"အဲဒီ လက်ကိုင်ပဝါက ငါလွှတ်ပစ်လိုက်တဲ့

ပစ္စည်း ခွေးစားစား ကျီးထိုးထိုး ငါနဲ့မဆိုင်တော့ဘူး"

ကျွန်တော် ထိုင်ရာမှ ထ,လိုက်ပြီး . . .

"နင့်လက်ကိုင်ပဝါကို ခွေးချီသွားတယ်လို့ . .

သတ်မှတ်ပေးပါဟာ . ."

ပြောပြီး အတန်းအပြင်ဘက်သို့ ကျွန်တော်ထွက်ခဲ့သည်။ အဝါရောင် လက်ကိုင်ပဝါလေးက,တော့ ကျွန်တော့်လွယ်အိတ်ထဲမှာ ခေါက်လျက် အိပ်ပျော်နေရှာ၏။





(၂၀)

စတုတ္ထနှစ်တွင် ရန်ကုန်တက္ကသိုလ် (ပင်မ)၌ တက်ရသည်။ ကံ့ကော်တောသည် ကျွန်တော့်အတွက် အလွမ်းတော။

ချစ်သူ့လမင်းကို မြင်တွေ့နေပါလျက် ပိုင်ဆိုင်ကြင်နာခွင့်မရသော ဘဝလောက် လွမ်းမောဖွယ်ကောင်းသည့် အဖြစ်မျိုးမရှိတော့ဟု ထင်မိသည်။

ချစ်ခြင်းတရားက သင်အံပေးသဖြင့် ကျွန်တော် အနေအထိုင် အပြုအမူတွေ ကြွန်ရလာသည်။ လွမ်းလွမ်းဆွေးဆွေး နေတတ်ခဲ့ပြီဟု ကိုယ့်ကိုယ်ကို သိ၏။

ကံ့ကော်တော၏ ဝန်းကျင်တစ်လျှောက် စိမ်းဖန့်ဖန့် သစ်ပင်ပန်းမန်တို့အား ကျွန်တော် မကြည့်ချင်။ မကြည့်ဝံ့။ အစိမ်းရောင်ဝန်းကျင်ကိုမြင်တိုင်း ချစ်သူ၏ အမုန်းရိပ်တွေဟု ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ခြုံနွယ်တွေအားလုံး အစိမ်းရောင်မှလွဲ၍ တခြား နူးညံ့သော အရောင်များအဖြစ် အသွင်ပြောင်းသွားလျှင် နေသာလိမ့်မည်ထင်၏။

စာကြည့်တိုက်ထဲမှ အထွက်တွင် ခိုင့်ကိုမြင်၏။

တကယ့် အစိမ်းဆုံးနေရာကိုမှ ရွေးချယ်၍တမင်ထိုင်နေသကဲ့သို့ ရှိ၏။ အတိတ်နိမိတ်ဆိုတာတွေကို ယုံကြည်တတ်မည်ဆိုလျှင်တော့ ကျွန်တော် သူ့အနားသို့ မသွားသင့်။ ဘာဖြစ်လို့လဲဆိုတော့ အစိမ်းရောင် လုံချည်နှင့် အစိမ်းရောင် အင်္ကျီလေးကို သူဝတ်ဆင်ထားသည်။

ကာလအခြေအနေအရလည်းကောင်း ကျွန်တော့် ရင်တွင်း အခြေအနေအရလည်းကောင်း ခိုင့်အနားသို့ ကျွန်တော် သွားမှဖြစ်တော့မည်။

ကာလအခြေအနေဆိုသည်မှာ ခိုင်တစ်ယောက်တည်း ရှိနေသော ကာလကို ဆိုလိုခြင်းမဟုတ်။ ရွှေ့လျား ကုန်လွန်ခဲ့သော အချိန်





ကာလ နှစ်တစ်ဝက်ကျော်တော့မည့် အခါကာလကို ဆိုလိုပါသည်။ ရင်တွင်း အခြေအနေဆိုတာကတော့ ခိုင့်၏ တုံ့ပြန်ချစ်စကားကို တရားဝင် တောင်းဆိုနေချင်သော ဆန္ဒများအား တားဆီးပိတ်ပင်၍ မရတော့သော ရင်ထဲ အသည်းထဲက အခြေအနေ ခံစားရမှုကို ဆိုလိုပါသည်။

ခိုင့်ဘေးနားသို့ ကျွန်တော် ဝင်ထိုင်လိုက်သဖြင့် ခိုင်က ကိုယ်ကိုရို့ခြင်း၊ နေရာရွှေ့ခြင်း၊ မျက်ခုံးတွန့်ခြင်း၊ နှုတ်ခမ်းကိုက်ခြင်း၊ အံကြိတ်ခြင်းများကို မပြုလုပ်တော့ချေ။ ဒါဟာ တိုးတက်လာသော အခြေအနေကောင်းဟု၊ ကျွန်တော် မယူဆဝံ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့အတွက် ဘယ်လိုမှ စိတ်ဝင်စားစရာမကောင်းတဲ့ သတ္တဝါတစ်ကောင် အနားမှာ လာနေခြင်းအတွက် ရိုးစင်းစွာ အရည်ထူနေခြင်းလည်း ဖြစ်နိုင်ပါလိမ့်မည်။

ခိုင့်ကို ပြောစရာ ပြောလိုက်ဖို့အတွက် နိဒါန်းပျိုးနေမည်ဆိုလျှင် အခြေအနေက ပျိုးနေသောနိဒါန်းကို ပြောင်းလဲ ပျက်စီးစေနိုင်သည်။

(ဥပမာ အာစီဘက်ဝင်သွားသည့် ခင်မာလာနှင့် ကြူကြူသင်းတို့ ပြန်ရောက်လာတာမျိုး၊ ခိုင်ကိုယ်တိုင် နားငြီးသွားတာမျိုး)

ထို့ကြောင့် ဆိုလိုရင်းကို လိုရင်းတိုရှင်းပဲ ပြောပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုငါ ချစ်ခဲ့တာ ကြာပြီ ခိုင်။ အဲဒီ့အတွက် နင် ငါ့ကို ပြန်ချစ်ပါတော့"

မတင်းမာလွန်းသော အကြည့်က ကျွန်တော့်ကို ပို၍ ကြောက်လန့်စေသည်။

"နင်အရှက်မရှိဘူးလား ဝေယံလင်း"

"အဲဒါ ငါမသိဘူး . . ကြိုက်မရှက် ငိုက်မရှက် ဆိုတာပဲ ငါ သိတယ်"

"ချစ်တယ်ဆိုတာ ချစ်အောင်ခင်အောင် နူးနူးညံ့ညံ့ နေထိုင်ပြောဆိုတဲ့ သူကို ထားရမဲ့သဘောထား။ ငါက နင်ချစ်အောင် ဘာမှလည်း မလုပ်ခဲ့ဘူး။ စကားကိုတောင် ကောင်းကောင်းမွန်မွန် တစ်ခါမှ ပြန်မပြောခဲ့တဲ့ သူ . . အဲဒါကို နင်ဘာဖြစ်လို့ အရှက်မရှိ လိုက်ပြီး အောက်ကျုံ့ခံနေရတာလဲ"

ဒါ ဆွေးနွေးပွဲတစ်ခု . . ဟု၊ ကျွန်တော် ထင်သည်။

"ချစ်အောင်လုပ်လို့ ချစ်မိသွားကြတဲ့သူတွေက ကမ္ဘာလောကမှာ အများကြီးပဲ . .

မုန်းအောင်နေပါလျက် အမုန်းစိတ်မဖြစ်ဘဲ၊





အချစ်စိတ်တွေပဲဖြစ်နေခဲ့ရတဲ့ ရှားရှားပါးပါး ထူးထူးဆန်းဆန်း လူတစ်ယောက်ကို နင် ဘယ်လိုမြင်မလဲ ခိုင်"

"ဘယ်လိုမှ မမြင်ဘူး။ မြင်လို့လည်း မရဘူး"

ခိုင့်ကို မကြည့်ဘဲ အဝေးသို့ ငေးမောလျက် ကျွန်တော်က . .

"မုန်းတယ်ဆိုလည်း မုန်းတဲ့အကြောင်းပြချက် ရှိရမယ် ခိုင် . .

ချစ်တဲ့အချစ်မှာ အကြောင်းပြချက်မရှိပေမဲ့ မုန်းတဲ့အမုန်းမှာတော့ အကြောင်းပြချက်တစ်ခုခုရှိရမယ်။

နိုင်ငံနှစ်ခုစစ်တိုက်တာ မုန်းလို့တိုက်တာပါပဲ ဘာဖြစ်လို့ မုန်းရတာလဲ . . ဘာဖြစ်လို့ စစ်တိုက်ရတာလဲဆိုတဲ့ စစ်ဖြစ်ရတဲ့အကြောင်းအရင်းတွေ ရှိနေကြစမြဲပဲ . . ခိုင်"

ပြောပြီး ငဲ့အကြည့်မှာတော့ အပြစ်ကင်းမဲ့စွာ ကျွန်တော့်ကို ငေးကြည့်နေသော ခိုင့်ကို မြင်ရသည်။ (လှလိုက်တာ ခိုင်ရယ်)

သူ့အပြုံးကြောင့် မဲ့နက်ကလေးတွေ ပို၍အရောင်တောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ခိုင် . . အဲဒီလိုပြုံးတာ ကျွန်တော် တစ်ခါမှ မမြင်ဖူးခဲ့ပါ။

"နင်က . . သိပ်သဘောကျဖို့ ကောင်းပါတယ် ဝေယံလင်း။ တခြားမိန်းကလေးတစ်ယောက်ဆိုရင် နင့်ကို ချစ်မိသွားမှာအမှန်ပဲ"

ကျွန်တော် မျက်နှာမထားတတ်။

"ဟိုတုန်းကလို ရန်နဲ့ငေါငေါ . . ဒေါနဲ့မောနဲ့ မိုက်မိုက်ရိုင်းရိုင်း ပြောရမဲ့အချိန်က အခုအချိန်ပဲ ဝေယံလင်း"

ကျွန်တော် နားစွင့်သွားသည်။

"ခုနက နင်ပြောသလို စစ်ပွဲတစ်ခုမှာ စစ်ဖြစ်ရတဲ့ အကြောင်းအရင်းတွေ ရှိစမြဲဆိုတာ ဟုတ်တယ်။ ရှိတယ် အကြောင်းအရင်းတောင် နှစ်မျိုးရှိတယ် . . အခြေခံအကြောင်းအရင်းနဲ့ လက်တလောအကြောင်းအရင်းဆိုတာလေ . ."

ကျွန်တော် ပို၍ စိတ်ဝင်စားလာသည်။

"အခြေခံအကြောင်းအရင်းကို ငါပြောမယ် ဝေယံလင်း"





ခိုင့်အသံတွေ တုန်ရင်လာသည်။

"နင်နဲ့ငါ အထက်တန်းကျောင်းသားကျောင်းသူ ဘဝတုန်းက . . နင့်မိသားစုထဲမှာ ဘာပြဿနာမှ မတက်ခဲ့ဘူးလား ဝေယံလင်း"

"ဘာ . . ဘယ်လို"

ကျွန်တော် ခိုင့်မျက်နှာကို မကြည့်ဝံ့တော့။

"နင့်အဖေယူခဲ့တဲ့ မယားငယ်ဟာ ငါ့အဒေါ်ပဲ ဝေယံလင်း"

နားထဲသို့ ပေါက်ကွဲနေသော မီးတောင်တွေ ဝင်ရောက်လာသည်ဟု ခံစားရ၏။

"အဲဒါကို နင်မသိဘူးလား"

"ငါ မသိဘူး ခိုင် . . ဖေဖေ အိမ်ထောင်ရေး ဖောက်ပြန်တယ်ဆိုတာပဲ သိတယ်၊ ဘယ်သူဘယ်ဝါဆိုတာ ငါမသိဘူး"

ကျွန်တော် ခိုင့်ရှေ့မှ ထွက်ပြေးသွားချင်သည်။

"အေး . . နင်မသိပေမဲ့ ငါသိခဲ့ရတယ်လေ။ မာမီ့ညီမအငယ်ဆုံးကို လူလွတ်လိုလို မုဆိုးဖိုလိုလိုနဲ့



www.burmeseclassic.com

www.burmeseclassic.com



လိမ်လည်ပြီးလက်ထပ်ခဲ့တာ နင့်အဖေပဲ"

"အခု သူတို့တွေ ဆက်မှမမိုက်ကြတော့ပဲ ခိုင်ရယ် . ."

"နင့်အဖေကို နင်ခွင့်လွှတ်ခဲ့တယ်ပေါ့"

ခိုင့်ကို ကျွန်တော် အသေအချာကြည့်လျက် . . .

"ဖေဖေ့ကို ငါစကားမပြောခဲ့တာ အခုအချိန်ထိပါပဲ ခိုင်"

"ထားပါတော့လေ . . အခု ငါက နင့်ကို ဘယ်လို နှလုံးသားမျိုးနဲ့ ချစ်ရမှာလဲ ဝေယံလင်း"

"နင်မဟုတ်ရင် နင့်အဖေပဲဆိုတဲ့ ပြစ်မှုမျိုးတော့ မတပ်ပါနဲ့ ခိုင်"

ခိုင် အသံထွက်အောင် ရယ်သည်။

"ငါ ပြောတာ အပြစ်မရှိအပြစ်ရှာပြီး ပြောနေတာမျိုး မဟုတ်ဘူး၊ မျိုးရိုးဗီဇ ပြီးတော့ ငါတို့ ရင်ဆိုင်ရမယ့် အသိုင်းအဝိုင်း၊ ပြောလေ . . ဝေယံလင်း ငါ့ရင်ထဲမှာ နင့်ကို ဘယ်လိုစိတ်မျိုး . . ဘယ်လိုအခြေမျိုးနဲ့ . . . "





ခိုင့်အသံ တိမ်စင်သွားသည်၊

"ငါကိုယ်တိုင် ကျူးလွန်ခဲ့တဲ့ တခြားပြစ်မှုတစ်ခုခု ရှိခဲ့လား ခိုင်"

"အဲဒါတွေ မမေးနဲ့တော့လေ . . နင်သိချင်တာ ငါ ဖြေပြီးပြီပဲ။ နင် နှစ်နဲ့ချီပြီး သိချင်ပါတယ်ဆိုတဲ့ မုန်းတီးခြင်းရဲ့ အခြေခံအကြောင်းအရင်းလေ . .။

တခြားသူငယ်ချင်းတွေကိုလည်း ငါမပြောဘူး။ ငါ့ဆီကလည်း နင်ဘာမှမမျှော်လင့်ပါနဲ့တော့"

ခိုင်က လွယ်အိတ်အစိမ်းလေးကို ရင်မှာပိုက်သည်။ ထိုင်ရာမှ ထ,သည်။ ကုံကော်ရိပ်မှ ထွက်သည်။ စိမ်းကားသူဟု၊ ခိုင့်ကို မမြင်ရက်တော့ . .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် . . လောကကြီးကို ဘယ်တုန်းကမျှ အပြစ်မဖို့ခဲ့၊ ဘဝဆိုတာကို ဘယ်တုန်းကမှ အပြစ်မတင်ခဲ့။ တကယ်တမ်း အပြစ်တင်ကြစတမ်းဆိုလျှင် ကိုယ့်ကိုယ်ကိုသာ အပြစ်တင်ဖြစ်ရောမည်။

ကိုယ့်ကိုယ်ကို "လူ" ဟု၊ စတင်သိရှိ ခံစားတတ်စအရွယ်တွင် လူဆိုတာ ဖောက်ပြန်တတ်တဲ့ သတ္တဝါတစ်မျိုးပါလား . . ဟူသော အသိဉာဏ်ကို ကျွန်တော့်ဖခင်က ပြုမူသင်အံပေးသကဲ့သို့ ဖြစ်ခဲ့၏။

မတောက်တစ်ခေါက် အသိဉာဏ်၊ မွေးကင်းစ ဘဝအတွေးအခေါ်ဖြင့် 'သစ္စာတရားကို ရှာဖွေမယ်' . . ဟု၊ ရွက်လွှင့်ခါစ အသက်အရွယ်မှာပဲ ထိုသစ္စာတရားကို စတင်ဖောက်ဖျက်နေသူတစ်ဦးနှင့် နီးကပ်စွာ တွေ့ကြုံလိုက်ရ၏။ ထိုသူက,တော့ ကျွန်တော့်ဖေဖေ (ဦး . . .) ပဲ ဖြစ်သည်။

သစ္စာတရားဆိုတာ ဘာလဲဆိုတဲ့ မေးခွန်းတိုတိုလေးအတွက် ခရီးရှည်ထွက်ဖို့ ရွက်လွှင့်ခါစ ကျွန်တော့်လှေငယ်လေးကို ကျွန်တော့်ဖေဖေ တွန်းလှဲ့နှစ်မြှုပ်ပစ်ခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်တော့် ရင်ထဲမှာ လှိုင်းထန်ခဲ့၏။ မိသားစုအတွင်း မုန်တိုင်းကျခဲ့၏။

ဘေးပတ်ဝန်းကျင်ကို လှိုင်းမရိုက်ပေမဲ့ မိသားစုရဲ့ မုန်တိုင်းဒဏ်ကို ကျွန်တော် ဘယ်လိုခံရမလဲ။ ဖေဖေ့မျက်နှာကို မကြည့်ချင်တော့





သလို မေ့မေ့မျက်ရည်တွေကို ဖယ်ထုတ်ပေးဖို့ ခက်ခဲခဲ့သည်။

အဲဒါကြောင့် လောကကြီးထဲမှာ ပျော်ပျော်နေဖို့ ကျွန်တော်ဆုံးဖြတ်ကျင့်ကြံခဲ့တာ၊ ဘယ်သူတွေ ရိပ်စားမိခဲ့ပါသလဲ။ (ဒါလေးများဟု၊ တစ်စုံတစ်ယောက်က ပြောမည်ဆိုလျှင် အဲဒီဒါလေးများက ကျွန်တော့်ဘဝကို ကမောက်ကမ ဖြစ်သွားလောက်စေသည့် တကယ့်သစ္စာမဲ့မှုကြီးတစ်ခုဖြစ်သည်)

ကျွန်တော် ကိုးတန်းစာမေးပွဲ ဖြေဆိုခါနီးတုန်းက အဆိုပါပြဿနာဖြစ်ခဲ့ခြင်းဖြစ်သည်။ တကယ်တော့ ဂုဏ်သိက္ခာကို ရှေ့တန်းတင်ထားတတ်သူတွေဟာ အမိုက်အမှားကို လူသိရှင်ကြား မလုပ်ဝံ့သူများသာ ဖြစ်သည် . . ဟု၊ ကျွန်တော် မြင်သိခဲ့၏။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ဖေဖေဟာ ရိုးသားကြိုးစားတယ်ဆိုတဲ့ ဂုဏ်သိက္ခာနဲ့ ရှင်သန်ရပ်တည်နေတဲ့ လူတစ်ယောက်။ သူ့ဂုဏ်သိက္ခာကို ထိခိုက်ပြီးလို့ သတိ၊ အသိဝင်လာချိန်မှာ ဖေဖေ နောက်ပြန်ဆုတ်လိုက်တာပါပဲ။

နောက်ပြန်ဆုတ်၍ မရသောကိစ္စက ကျွန်တော့်၏ လျော့ပါးသွားသော ကိုးစားမှု၊ နောက်ပြီးတော့ . . . မမှားဖူးပါဘူးဟု၊ ဖေဖေ့ ပါးစပ်က ရဲရဲဝံ့ဝံ့ ပြော၍မရသော ချွင်းချက်။ နောက်ပြီး အခုမှ ထည့်စဉ်းစားမိတာက,တော့ တစ်ဖက်အသိုင်းအဝိုင်းမှာလည်း မုန်တိုင်းကျခဲ့ရတာ



www.burmeseclassic.com

www.burmeseclassic.com



ပါလားဟူသည့် စာနာစိတ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ မိသားစု ဆက်လက်ရှင်သန်ခဲ့ကြ တာပါပဲ။ ဖါပေမဲ့ ဘယ်ဘက်ရင်ဘတ်ရဲ့ အနက်ရှိုင်းဆုံး နေရာတစ်ခု မှာတော့ ဒဏ်ရာတစ်ခုစီနဲ့ပေါ့။ အားလုံးထဲမှာ ကျွန်တော်က ကံအဆိုး ဆုံးဖြစ်နေသည်။





(၂၁)

ခိုင်မှလွဲ၍ အားလုံးသော အတန်ဖော်တွေ စုံစုံညီညီရှိသည်။ အပန်းဖြေရိပ်သာရှေ့ရှိ ကုက္ကိုပင်ကွေးကွေးကြီးအောက် မြောင်းအုတ်ခုံ ပေါ်တွင် တစ်စုတစ်ဝေးတည်း ထိုင်နေဖြစ်ကြသည်။ အမိပတိ လမ်းမ ပေါ်မှာ ခိုင်မရောက်လာသေး . . ။

ကျွန်တော့် စကားအဆုံးမှာ အားလုံးသော သူငယ်ချင်းတွေ တအံ့တဩ ဖြစ်ကုန်ကြသည်။ သူတို့၏ တအံ့တဩ မျက်ဝန်းများကို ကျွန်တော် အစွမ်းကုန်ကြိုးစား၍ ရင်ဆိုင်လိုက်နိုင်၏။ ရင်ထဲတွင် လစ် ဟာသည်။

တင်ထွန်းက . . .

"ဒါဆို ခင်ကေခိုင် မင်းကိုမုန်းတီးခဲ့တာ ဒါပါ တစ်ခုတည်းကြောင့်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



“အဲဒါကြောင့်ပဲဖြစ်ဖြစ် တခြားကြောင့်ပဲဖြစ်ဖြစ် ခိုင့်စကားလုံးတိုင်းဟာ မှန်ကန်နေတယ် တင်ထွန်း သုံးလေးနှစ်မက သည်းခံမြိုသိပ်ပြီး အခုမှ ဖွင့်ချခဲ့တဲ့အတွက် ငါကတောင် ကျေးဇူးပြန်တင်ရဦးမှာပါကွာ။

ခိုင်သာ ဟိုတုန်းကတည်းက အဲဒီ့ကိစ္စကို ဖွင့်ပြောပြီး လက်ညှိုးထိုးခဲ့ရင် . . ငါ လူ့လောကမှာရှိမှာ မဟုတ်ဘူး။ ငါခံနိုင်ရည်ရှိတဲ့ အချိန်ကျမှ အခုလိုဖွင့်ပြောတဲ့အတွက် ခိုင့်ကို ငါ တစ်သက်လုံးကျေးဇူးတင်နေမှာပါ”

“ဒါဆို မင်း . . သူ့အပေါ် မမျှော်လင့်တော့ဘူးပေါ့”

“မမျှော်လင့်ရက်တော့ဘူး။ ဒါပေမဲ့ ဟိုးတုန်းကထက် ပိုချစ်နေရပြီ။ ပိုပြီးလေးစားနေရပြီပေါ့ကွာ”

စကားတွေ သွန်ချလိုက်သော်လည်း ရင်အမောမပြေ။ ထင်ပေါ်က . . .

“ဟိုမှာ . . ခင်ကေခိုင်”

ခပ်လှမ်းလှမ်းတွင် ကားတစ်စီးရပ်သည်။ ကားပေါ်မှ ဆင်းလာ





သော ခိုင့်ကို အားလုံးနှင့်အတူ ကျွန်တော်ပါ ငေးကြည့်နေမိသည်။

အနားသို့ရောက်သောအခါ ခိုင်က . . .

“ငါ ဝေယံလင်းနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်ဟာ။ ငါ့ကို အားလုံးကူညီပါလား”

ခင်မာလာက အရင်ဦးဆုံးရပ်ပြီး . . .

“အမယ် နှင်တာ ကောင်းကောင်းမနှင်ဘူး . . အကူအညီတောင်းပြီး နှင်တယ်”

ခိုင် ပြုံးနေသည်။

ရင့်ကျက်စွာ ပြုံးလိုက်သည့် အေးချမ်းစဖွယ် ဂန္ထဝင်အပြုံး။ သူငယ်ချင်းတွေ အပန်းဖြေရိပ်သာထဲသို့ ဝင်သွားကြ၏။ ခိုင်ကျွန်တော့် အနားတွင်ထိုင်သည်။

“နှင့်အဖေနဲ့ ငါ့မာမီရဲ့ညီမအငယ်ဆုံး . . ငါ့အဒေါ်ပေါ့နော် သူတို့ဖြစ်ပျက်ခဲ့ဖူးတဲ့ ကိစ္စကို ဘယ်သူ့ကိုမှ မပြောနဲ့တော့လို့ ငါ နှုတ်ပိတ်ဖို့ မေ့သွားတယ် ဝေယံလင်း။ အဲဒါ ငါ အခုနင့်ကို လာပြောတာ”

(အာစီ)ဘက်သို့ ကျွန်တော် လှည့်ကြည့်မိသည်။ ပြီးမှ . . ခိုင်ဘက်သို့ ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါ အားလုံးကို ပြောပြလိုက်ပြီ"

"နင် မရှက်ဘူးလား ဝေယံလင်း"

ကျွန်တော် ခေါင်းခါသည်။

"ဘာဖြစ်လို့ မရှက်တာလဲ"

ခိုင့်ကို ကျွန်တော် ရဲရဲဝံ့ဝံ့မကြည့်။

"ငါ ကိုယ်တိုင် ကျူးလွန်မိခဲ့တာမှ မဟုတ်ဘဲ"

ခိုင် ကျွန်တော့်ကို သေချာကြည့်နေပေလိမ့်မည်။

"ကျူးလွန်သူရဲ့သားအနေနဲ့ကော . ."

ကျွန်တော် ခိုင့်မျက်နှာကို ခံနိုင်ရည်ရှိစွာ လှည့်ကြည့်လိုက်သည်။

ကျွန်တော့်မျက်လုံးမှာ ဝေ့ကာနဲဖြစ်သွားသော အရောင်လဲ့လဲ့ကို ခိုင်သတိထားမိပေလိမ့်မည်။

"ပြီးတော့ ကျူးလွန်သူရဲ့ တူမအဖြစ်နဲ့ကော နင့်ရော ငါရော မရှက်ရဘူးလား ဝေယံလင်း"

"သူတို့တွေ . . အခုထိ ဆက်မှားနေကြတာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် နင်သူငယ်ချင်းတွေကိုတော့





ပြောမပြသင့်ဘူး . ."

"ပြောမပြလို့ မဖြစ်ဘူး။ ငါ့မှာ ရင်ဖွင့်စရာဆိုလို့ ဒီသူငယ်ချင်းတွေပဲ ရှိတာ"

"လူဆိုတာ အရာရာတိုင်းကို ရင်ဖွင့်ပြနေလို့ မဖြစ်ဘူး ဝေယံလင်း။ မြိုသိပ်ခံစားနိုင်တဲ့ ခံနိုင်ရည် စွမ်းအား ရှိဖို့လည်း လိုသေးတယ်"

"ငါ နင့်လောက် မမာကျောနိုင်ဘူး ခိုင်"

"ငါ မာကျောတာ မဟုတ်ဘူး ဝေယံလင်း . . အသိတရားနဲ့ သတိနဲ့ချင့်ချိန်ပြီး ခံနိုင်ရည်မွေးထားတာ . .

အသိတရားမှာ သတိနဲ့ယှဥ်ပြီး နင့်ကို ငါတစ်ဆက်တည်း ပြောပါရစေ . . နင် ငါ့ကို မုန်းလိုက်ပါ။ ဖြစ်မလာနိုင်တဲ့ကိစ္စကို ဖျက်ပစ်လိုက်တာ အကောင်းဆုံးပါပဲ"

ပြောပြီး မျက်နှာလွှဲထားသည်။

"မျှော်လင့်ချက်ရှိနေသမျှ ဘယ်အရာမှ ပျက်စီးမသွားဘူး ခိုင် . .။ ချစ်ခိုင်းတာတောင် လွယ်လွယ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ပြန်ချစ်ကြတာမှ မဟုတ်ဘဲ၊ မုန်းခိုင်းရင်လည်း . . လွယ်လွယ်ကူကူ ဘယ်မုန်းလို့ရမှာလဲ . .

သစ္စာဆိုပါရစေ ခိုင် . . .

နင်က မချစ်လို့ နောက်တစ်ယောက်ကိုပြောင်းချစ်လိုက်တာမျိုး၊ နင်နဲ့ ဆုံဆည်းခွင့်မရလို့ ဆေးပေးမီးယူအတွက် တခြားတစ်ယောက်ယောက်ကို လက်ထပ်လိုက်တာမျိုး ငါဘယ်တော့မှ မလုပ်ဘူး . .

ဖေဖေရဲ့ သစ္စာမဲ့မှုအတွက် နင့်ကို တိုင်တည်ပြီး ငါသစ္စာရှိပါ့မယ် ခိုင်"

ကျွန်တော့်ကို ကြည့်ပြီး ခိုင်သက်ပြင်းချသည်။

"ပြောင်တိပြောင်ချော် နေထိုင်ပြုမူခဲ့တဲ့ လူတစ်ယောက်ရဲ့ သစ္စာစကားက ခိုင်မြဲပါ့မလား ဝေယံလင်း"

"သစ္စာတရားဆိုတာ လူတိုင်းမှာမရှိနိုင်ပေမယ့် ထိုက်တန်တဲ့လူ ရင်ထဲမှာတော့ သေတဲ့အထိပါသွားစေပြီပဲ . . ငါ သစ္စာတည် မတည် ငါသေတဲ့အချိန်မှာ နင်လာကြည့်လှည့်ပေါ့ ခိုင်"





ကလေးငယ်တစ်ယောက်ကို ကြည့်၍ပြုံးသကဲ့သို့ ခိုင်ပြုံး၏။ ပြုံးလျက် . . .

"ငါက အရင်သေသွားရင်ကော . . ."

"နင် သေသွားရင်လည်း နင့်အနားကို ငါလာတဲ့အခါ ငါ့ရင်ထဲမှာ သစ္စာတရားပါမလာရင် မဲ့ပြလိုက်ပေါ့ ခိုင်"

အသံထွက်အောင် နှစ်ခြိုက်စွာ ရယ်သည်ကို သည်တစ်ခါသာ မြင်ဖူး၏။ ခိုင် ထိုင်ရာမှ ထ,သည်။ ထွက်ခွာရန် ခြေလှမ်းပြင်ပြီး . . .

"ငါသွားတော့မယ် . . ဘာမဟုတ်တဲ့ ကိစ္စတွေကို ဘယ်သူ့ကိုမှ ပြောမနေနဲ့တော့ . . ။ ခေါင်းထဲက ထုတ်ပစ်လိုက်တော့ အထူးသဖြင့် ငါ့ကိုပါ နင့်အသိဉာဏ်ထဲက ဖယ်ထုတ်လိုက်တော့"

"ခိုင်"

လှမ်းမည့်ခြေလှမ်း ရပ်တန့်သွားသည်။ မျက်လွှာချထားသည်။ လှည့်မကြည့် ငဲ့မကြည့်။ နားစွင့်ထားဟန်တူသည်။

"သူငယ်ချင်းအဖြစ်နဲ့တောင် အသိဉာဏ်ထားခွင့် မပေးဘူးလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါသည်။ ခြေလှမ်းထွက်ခွာသည်။ ကျောခိုင်းသည်။

အဓိပတ်လမ်းကို ကန့်လန့်ဖြတ်ကူးသန်းသွားသည်။ အစိမ်းရောင်တောအုပ် ကုံကော်ပင်တန်းရှိရာဘက်သို့ ဝင်ရောက်သွား၏။ ကုံကော်ပင်တန်းတစ်ခုလုံး စိမ်းလျက်ပင်ရှိသေးသည်။ စိမ်းသည်ဟုလည်း မထင်ရက်တော့ . . ။





(၂၂)

"လက်ထပ်ပြီးတာနဲ့ သူ့အမျိုးသားက နိုင်ငံခြားသွားမှာ . . အဲဒါကြောင့် လက်ထပ်ပွဲကို စာမေးပွဲပြီးတာနဲ့ ကမန်းကတန်းလုပ်မှာတဲ့"

ခင်မာလာပြောသော စကားတွေအားလုံး ခိုင့်အကြောင်းတွေ မဟုတ်လျှင်ကောင်းလိမ့်မည်။ ခိုင် လက်ထပ်တော့မှာ . . တဲ့။ မကြာခင်တဲ့၊ စာမေးပွဲ ပြီးရင်တဲ့။ စာမေးပွဲပြီးရင် လက်ထပ်မှာဆိုတော့ စာမေးပွဲမပြီးခင် လက်မထပ်သေးဘူးပေါ့။ ဒါဆို စာမေးပွဲရက်တွေကို ရပ်ထားလိုက်ချင်သည်။ (ကျွန်တော်သာ ပညာရေးအကြီးအကဲဖြစ်ပါက စာမေးပွဲ စစ်မည့်ရက်တွေကို အကန့်အသတ်မရှိ ရပ်နားထားမိလိမ့်မည်)



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနဲ့လဲဟင်" . . ဟု၊ ကျွန်တော် မမေး။ မမေးချင်၊ မသိချင်။ မကြားချင်။ ကံ့ကော်တောတွင် ဥသြတစ်ကောင် တိုးလာနေတော့မှာလား . . ဟု၊ ရင်နင့်စွာ တွေးနေမိသည်။ ထင်ပေါ်က . . .

"အခု အချိန်ဟာ မင်းကြမ်းရမယ့်အချိန်၊ မင်းဘာဖြစ်လို့ ငြိမ်နေတာလဲ ဝေယံလင်း . . ဒီအချိန်ဟာ ခင်ကေခိုင့် အချစ်ကိုရဖို့ ဓါးပြပဲတိုက်တိုက် အနုကြမ်းပဲစီးစီး ကြမ်းတြမ်းတမ်းတမ်း ပြတ်ပြတ်သားသား လုပ်ရတော့မယ့်အချိန်ကွ . . ကြွေနေရမယ့် အချိန်မဟုတ်ဘူး"

ကျွန်တော့် သက်ပြင်းချသံကို အားလုံးကြားပေမည် . . ။ တင်ထွန်းက . . .

"ဝေယံလင်း မင်းအခုကြားနေရတဲ့ ခင်ကေခိုင်အကြောင်းက ရုပ်ရှင်ထဲမှာဖြစ်နေတာမဟုတ်ဘူးနော်၊ အပြင်မှာ တကယ်ဖြစ်နေတာ . . ။

ရုပ်ရှင်ထဲမှာလို အင်းလျားကန်စောင်းမှာသွားထိုင်နေရုံနဲ့ ဇာတ်လမ်းက ပြီးမှာမဟုတ်ဘူး . . ။ မင်း ခင်ကေခိုင်နဲ့ ဆွေးနွေးကြည့်စေချင်သေးတယ်"





မဖြစ်နိုင်တော့ပြီကို ကျွန်တော် တစ်ယောက်တည်းသာ သိသည်။ ထို့ကြောင့် ကျွန်တော်က . . .

"ငါ့ကို ခိုင် အဖြေပေးပြီးသားပဲ . . ငါ ခိုင့်ဆီက ဘာမှမရနိုင်တော့ဘူး"

"မင်းတို့နှစ်ယောက် တကယ်ဝေးသွားမှာကို ငါ မလိုလားဘူး"

တင်ထွန်း . . စိတ်မကောင်းခြင်းကြီးစွာ ပြောသည်။ ခင်မာလာက . . .

"ဟုတ်တယ် ဝေယံလင်း၊ တစ်ကျောင်းတည်းနေ . . တစ်တန်းတည်းနေ . . မခေါ်မပြောဘဲနေတာ တကယ်ဝေးသွားရတာ မဟုတ်ဘူး။

အခုဟာက တစ်ကျောင်းတည်းမကလို့ တစ်ခုံတည်းမှာပဲ ထိုင်နေနေ သူတစ်ပါးရင်ခွင်ထဲကို ရောက်မဲ့အခြေအနေ . . လက်တစ်လုံးပဲလို့တော့တာ၊ နင်တို့နှစ်ယောက်ကို ငါ မဝေးစေချင်ဘူး"

"ခိုင်နဲ့ ငါနဲ့က ချစ်သူတွေမှမဟုတ်ဘဲ ခင်မာလာရယ် . . ငါက ဘာကိုတောင်းဆိုခွင့်ရှိမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်အပေါ်မှာ ခင်ကေခိုင် သံယောဇဉ်ရှိတယ်ဆိုတာ ငါသိလို့ ပြောနေတာ"

"မုန်းတီးဖန်များလို့ မမုန်းရ မနေနိုင်လောက်အောင် မုန်းပြီးရင်း မုန်းချင်နေတဲ့ သံယောဇဉ်ပဲ ဖြစ်မှာပါ"

"အခု သူနဲ့ လက်ထပ်ရမှာ သူချစ်သူ သူ့ရည်းစား မဟုတ်ဘူး။ အိမ်က စီစဉ်တာ၊ဟိုးတစ်ခါ . . ကျောင်းကိုလာကြိုတဲ့လူ၊ အဲဒါကို နင်မသိချင်ယောင်ဆောင်နေတာလား ဝေယံလင်း"

ခိုင်က ကျွန်တော့်ကို ပြောထားပြီးသား။ စကားကုန် သွန်ချပြီးသား။ သူ့အဒေါ်နှင့် ကျွန်တော့် ဖေဖေကိစ္စ။ ပြီးတော့ သူက ကျွန်တော့်ကို ချစ်၍ ကျွန်တော်က သူ့ကို လက်ထပ်ပါပြီတဲ့။ သူ့အသိုင်းအဝိုင်းနှင့် ဖေဖေ၊ သူ့အဒေါ်နှင့် ဖေဖေ။

ဓာတ်ပြားဟောင်းတွေ ပြန်လည်ခေတ်စားသွားကြလိမ့်မည်။ ထိုအခါ ကြားချောင်တရားခံ မြေဇာပင်လေးတွေ ကျွန်တော်နှင့် ခိုင်ဖြစ်လိမ့်မည်။ ချစ်သူတွေအဖြစ် တွေးကြည့်လျှင်တောင် ကောင်းကွက်တင်ကွက်မျှ မရှိ။





ဒါကို သူငယ်ချင်းတွေ နားလည်အောင် ကျွန်တော် ပြောမပြချင်တော့ . . ။ ခိုင်နှင့် နှုတ်ဆက်စကားတွေ တစ်ဝကြီး ပြောချင်သည်။

❦

စတုတ္ထနှစ်စာမေးပွဲကိုတော့ . . ကျွန်တော် မထိခိုက် မပွန်းပဲ့အောင် ကြိုးစား၍ ဖြေဆိုခဲ့သည်။ စာမေးပွဲရက်များအတွင်း ခိုင်နှင့်ကျွန်တော် မျက်နှာချင်းဆိုင် အကြိမ်ကြိမ်ကြုံတွေ့ခဲ့သည်။ "ဖြေနိုင်ရဲ့လား ခိုင်"ဟု၊ ကျွန်တော် မေးသည့်အခါ ခိုင် ကျွန်တော့်ကိုခေါင်းညိတ်ပြသည်။ ထို့ထက်ပိုသော စကားကို မဆိုဖြစ်ကြ။ ဆိုခွင့်မရ။ ပြောခွင့်မရ။

နောက်ဆုံးဘာသာရပ် ဖြေဆိုပြီး ရုက္ခဗေဒဌာန၏ အောက်ဖက်အပေါက်တွင်ရပ်လျက် သူငယ်ချင်းတွေကို မျှော်စောင့်နေစဉ် . . ကျွန်တော့်အနားသို့ ခင်မာလာ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကွန်ဘုတ်ရှေ့မှာ နင့်ကို ခင်ကေခိုင် စောင့်နေတယ် ဝေယံလင်း"

"ခိုင် စောင့်နေတယ် ဟုတ်လား"

"ဟုတ်တယ် မြန်မြန်သွားလိုက်"

"ဘာကိစ္စများရှိလို့ပါလိမ့်"

"မင်္ဂလာဆောင်က တစ်ပတ်ပဲ လိုတော့တာဆိုတော့ . . နင့်ကိုဖိတ်စာပေးမလို့နေမှာပေါ့"

လူကြုံပါး၍ ရနိုင်သောကိစ္စ။

ကိုယ်တိုင်ကိုယ်ကျ ရက်စက်ကလူပြုဖို့ ချိန်းဆိုသည် . . ဟု ကျွန်တော် မျှော်တွေးသည်။ ရင်နင့်ဒဏ်ကို ရင်ဖွင့်လျက် ခံယူရုံမှ တစ်ပါး အခြားသော အင်အား တစ်စိုးတစ်စေ့မျှ ကျွန်တော့်မှာ မရှိတော့။

"ကိစ္စရှိတယ်" ဟု၊ ခင်ကေခိုင် ပြောသည်။ ခိုင့် ဦးဆောင်မှု နောက်မှ ကျွန်တော် လိုက်ပါခဲ့၏။ အင်းလျားကန်ဘောင်ရိုးရှိ ခုံတန်းပေးတွင် အတူထိုင်ဖြစ်သည်အထိ စကားမပြောဖြစ်ကြသေး . . . ။

"ရော့"

ခိုင်ပေးသော စာရွက်ခေါက်ကို ကျွန်တော် ဖြေသည်။





". . . . . . . . သူစိမ်းလက်မှ

စိမ်းလက်စနှင့်

စိမ်းလျက်သာ

စိမ်းလိုက်ပါတော့ . . ခိုင် . . ။

ကဗျာပိုဒ်လေးကို ဖတ်ပြီး ကျွန်တော်စာရွက်ကို ပြန်ခေါက်သည်။ ဘာမှမဖြစ်သူ၏ မျက်နှာထားမျိုးဖြင့် ကျွန်တော်နေ၏။ ခိုင်က,

"အဲဒါ မနေ့က စာတိုက်ကနေ ငါ့ဆီကိုရောက်လာတဲ့ ကဗျာလေးပေါ့ . . ။ ခေါင်းစဉ်က နောက်ဆုံးကဗျာတဲ့"

"အဲဒီကဗျာကို ငါ ဘာလုပ်ပေးရမှာလဲ ခိုင်"

ခိုင် အကြားဟန်ပြုကာ . . .

"နေဦး ရှိသေးတယ် ရော့ . . "

ကဗျာစာရွက်တွေကို ထပ်လျက် ကျွန်တော့်ကို လှမ်းပေးသည်။ အခင့်ရင်ငွေ့တွင် ပျော်မွေ့ခဲ့ကြသည့် ပန်းအလင်္ကာလေးတွေလေ . . ။

"အဲဒါ . . နင့်ကဗျာတွေ အကုန်ပဲလား ဝေယံလင်း ကျန်နေသေးလား"

ကျွန်တော် ခေါင်းကို တွင်တွင်ခါမိသည်။ သူလှမ်းပေးနေသော



www.burmeseclassic.com

www.burmeseclassic.com



စာရွက်စီသို့ လက်မရောက်။ လက်ထဲမှရှိသော နောက်ဆုံးကဗျာစာရွက်လေးက ညှပ်ခတ်လျက် . . .။

"ဒါ . . ဒါ ငါ့ကဗျာ စာရွက်တွေမှ မဟုတ်ဘဲ"

ကျွန်တော့်မျက်နှာကို ခိုင် အသေအချာကြည့်သည်။ မဲ့ပြုံးတစ်ခုကို နီးကပ်စွာမြင်ရသည်။

"သူငယ်ချင်းတွေက အစွမ်းကုန်အောင်သွယ်နေကြပါလျက် နင်ကဘာဖြစ်လို့ ဝန်မခံတာလဲ ဝေယံလင်း"

ခိုင့်စကားကို ကျွန်တော် နားမလည်။

"ခင်မာလာရော . . တင်ထွန်းရော . . တခြားသူငယ်ချင်းတွေရော အကုန်လုံးဖြောင့်ချက်ပေးပြီးပြီ။ ငါ့ဆီကို နည်းအမျိုးမျိုးနဲ့ရောက်နေတဲ့ ကဗျာတွေအားလုံးဟာ ဝေယံလင်းရဲ့ ကဗျာတွေပဲတဲ့ . .

ငါ နင့်ကဗျာတွေကို သိမ်းမထားချင်တော့ဘူး ဝေယံလင်း။ နင်ပြန်ယူတော့ . ."

ကျွန်တော် ခေါင်းငုံ့ပစ်လိုက်သည်။ "ဘာဖြစ်လို့ အခုချိန်အထိ နင့်မှာ ကဗျာစာရွက်တွေရှိနေသေးတာလဲ" ဟု၊ ကျွန်တော် မမေးဖြစ်





"ယူလေဟာ . ."

အင်းလျားလေပြည်ကြောင့် သူ့လက်သွယ်နုထဲမှာ ကဗျာလေးတွေ တဖျတ်ဖျတ်ခါနေ၏။ ကျွန်တော့် လက်ထဲမှာရောက်နေသော ကဗျာစာရွက်လေးကိုပါ ခိုင့်လက်ထဲသို့ ကျွန်တော်ထည့်လိုက်သည်။

"ဒါ . . ဒါ ငါ့ကဗျာတွေ မဟုတ်ဘူး ခိုင်။ သူတို့ ညာကြတာ . ."

"အဲဒါဆို ငါဘာလုပ်ရမလဲ . . ဒီကဗျာစာရွက်တွေကို ရေထဲလွှင့်ပစ်လိုက်ရမှာလား"

"နင်လုပ်ချင်တာ လုပ်ပစ်လိုက်ပေါ့"

စကားသံမတုန်အောင် သတိပြုသည်။

ကဗျာစာရွက်လေးများက လေပြည်တွင်တဖျပ်ဖျပ်။ အသည်းနှလုံးက ရင်ထဲမှာ တလှပ်လှပ်။

"နင့်ကဗျာတွေလို့ နင်ဝန်ခံမှ ငါကျေနပ်မယ် ဝေယံလင်း"

အကြည့်တွေ ကြုံဆုံသည်။

ခိုင် မျက်ရည်ဝဲနေသည်။ နင် မငိုပါနဲ့ ခိုင်ရယ် . .။

"အဲဒါ ငါ့ကဗျာတွေပဲ ခိုင်။ ဒါပေမဲ့ နင်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် စုတ်ဖြဲပစ်လိုက်ပါတော့ . . ငါပြန်မယူချင်ဘူး"

တုန်ယင်သော စကားသံကို ထိန်းချုပ်၍ ပြောရ၏။ ခိုင့်ကို ကျွန်တော် ငဲ့မကြည့်မိသော်လည်း ခိုင်ကြည့်နေသည်ကို ကျွန်တော် သိသည်။

"နင့်ကဗျာတွေကို နင့်ရှေ့မှာ စုတ်ဖြဲပစ်တာကို

နင် ရင်ဆိုင်ရဲတယ်ပေါ့၊ ခံနိုင်စွမ်းရှိတယ်ပေါ့"

တောင့်တင်းနေသော ဦးခေါင်းကို ဖြောင့်မတ်စွာ ညိတ်ပစ်လိုက်သည်။

"ကောင်းပြီလေ . . "

ခိုင့်လက်အတွင်းမှာ လှုပ်ခါစွာရှိသော ကဗျာစာရွက်လေးများသည် သခင်၏အမိန့်တော်ပြန်တမ်းကို ငြိမ်သက်စွာ နာခံလိုက်ကြသကဲ့သို့ လှုပ်ရှားခြင်း အလျဉ်းမရှိတော့။ သခင် စီရင်သမျှ ခံယူကြမည်လေ။

"ဖြဲ"

မျက်လုံးကို စုံမှိတ်ပစ်လိုက်သည်။

"ဖြဲ"

နားနှစ်ဖက်ကို လက်ဝါးဖြင့် ဖိအုပ်လိုက်သည်။

ကျွန်တော့် မျက်ဝန်းတွင် မျက်ရည်တွေ လျှံတက်လာ၏။





"ဖြဲ"

အသည်းနှလုံးသည် တစ်စစီ . . တစ်ဖွဲ့စီ။ မြေပြင်တွင် ပြိုကျသွား၏။ လေပြင်းတွင် လွင့်ပါသွား၏။ ရေနစ်တွင် နစ်ဝင်တော့မည်။

"ဖြဲ"

"ခိုင်"

ရင်အတွင်းမှ လှိုက်ခါစွာ ခေါ်လိုက်မိသည်။

ခိုင့်လက်ထဲမှာ ကဗျာစာရွက် တစ်စနှစ်စသာ ရှိတော့၏။ ခိုင်ငိုနေသည်။ စက္ကူစ တစ်စကို ကျစ်လျစ်စွာ ဆုပ်ကိုင်ထားသော ခိုင့်လက်ကို ကျွန်တော် တုန်ရင်စွာ ကိုင်တွယ်လိုက်သည်။ ကျွန်တော့် ရင်ခွင်အတွင်း ခိုင့်လက်သီးဆုပ်လေးကို ထွေးပွေ့ထားလိုက်သည်။

ခိုင့်တစ်ကိုယ်လုံး ကျွန်တော့် ရင်ခွင်ထဲသို့ ပြိုကျသွား၏။

ကျွန်တော့် ရင်ခွင်တွင် ခိုင်မျက်နှာအပ်သည်။ မျက်နှာအပ်လျက် ငိုရှိုက်သည်။ ကျွန်တော့် မျက်ရည်တစ်စက် ခိုင့်ပါးပြင်ပေါ်သို့ ဆင်းသက်၏။

အင်းလျားရေပြင်ကျယ်ကိုလည်းကောင်း၊ ပြင်းထန်လွန်းသော နေရောင်ခြည်ကို လည်းကောင်း၊ လေပြည်လေညင်းနှင့် လှိုင်းကြက်ခွပ်များကိုလည်းကောင်း၊ သက်ရှိသက်မဲ့ ဝန်းကျင်တစ်ခုလုံးကို ခိုင့်နည်းတူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပါ မေ့လျော့သွားသည်။

နွေးထွေးခြင်း၊ အေးမြခြင်း၊ စွန့်လွှတ်ခြင်း၊ ခွဲခွာခြင်း၊ နှုတ်ဆက်ခြင်း၊ တွယ်တာခြင်း၊ ဖွင့်အံခြင်း၊ နားလည်ခြင်း . . စသော ဝေါဟာရပေါင်းများစွာကို ခိုင်နှင့် ကျွန်တော် တဒင်္ဂအတွင်းမှာ အလုံးစုံကို ပိုင်ဆိုင်လိုက်ကြသည်။

စကားမဆိုပဲ . . အလိုလို ကြားသိပြီးသား ဖြစ်သွားကြသည်။ နှုတ်မဆက်ပဲ အလိုလို ခွဲခွာပြီးသား ဖြစ်သွားကြသည်။ အသည်းနှလုံး၏ ဘာသာစကားတိုင်းသည် တူညီသော ရင်အသံကြောင့် . . အသံမဲ့စွာ ကမ္ဘာ့ည်းတင်လျက်ရှိသည်။

ရင်မှာ လစ်ဟာသွားသကဲ့သို့ သိလိုက်ရသည်။ မျက်လုံးအဖွင့်တွင် လှမ်းထွက်တော့မည့် ချစ်သူခြေလှမ်းကို တွေ့၏။ ရင်မှ ဝေးရာသို့ လှမ်းထွက်တော့မည့် အကြင်နာခြေလှမ်း။

"ခိုင်"

ခြေလှမ်းတန့်သည်။

ကျွန်တော် လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ်ကို ထုတ်ယူ၏။ စာအုပ်ထဲတွင် ညှပ်ထားသော အဝါရောင်လက်ကိုင်ပဝါ အခေါက်လေးကို ညင်သာစွာကိုင်တွယ်လိုက်သည်။ သတင်းစာထဲမှ ဖြတ်ယူထားသော





ခိုင့်ဓာတ်ပုံလေးကို ခိုင်မမြင်ခင် စာအုပ်ကို ပြန်ပိတ်လိုက်သည်။

တုန်ရင်နေသော လက်ချောင်းများဖြင့် အဝါရောင် လက်ကိုင်ပဝါလေးကို ခိုင့်ထံသို့ ကမ်းပေးလိုက်၏။

"နင့်လက်ကိုင်ပဝါလေးကို နင်ပြန်ယူပါဟာ။

လွင့်ပစ်တာတို့ ချေပစ်တာတို့ မလုပ်ပါနဲ့ . .။ ဒါ ငါ့

နောက်ဆုံးတောင်းတဲ့ အခွင့်အရေးပါ"

ညင်သာစွာလှမ်းယူသည်။ ခေါက်ရိုးမပျက်အောင် ကိုင်တွယ်လျက် လွယ်အိတ်ထဲသို့ ထည့်သည်။ နှလုံးသားကို ယူဆောင်သွားသည်ဟု၊ ထင်ချင်၏။ ကျွန်တော် ကျောခိုင်းပစ်လိုက်သည်။

"ဝေယံလင်း"

ငဲ့အကြည့်။

ကျွန်တော် ဘယ်တုန်းကမှ မမြင်မတွေ့ဖူးခဲ့သော မျက်ဝန်းတစ်စုံကို တွေ့သည်။ အစိမ်းရောင်တွေ လျှော့ပါးနေသော ချစ်သူ့မျက်ဝန်း။

ထိုမျက်ဝန်းဖြင့် ကြည့်လျက် . . .

"ငါ့မင်္ဂလာဆောင်ကို နင်မလာနဲ့"

မာကျောတုန်ယင်သည့် စကားသံ။ ကျွန်တော် ခိုင့်ကို ထမ်းတ



www.burmeseclassic.com

www.burmeseclassic.com



စွာ ငေးကြည့်လျက် . . .

"သူငယ်ချင်းတွေ အကုန်လုံးကို နင် ဖိတ်စာ

ပေးထားသားပဲ။ ငါလည်း နင့်သူငယ်ချင်းပဲ ခိုင်ရယ်"

"ငါ့ရဲ့ နောက်ဆုံးဆန္ဒပဲ ဝေယံလင်း"

လှမ်းထွက်သွားသော ခြေလှမ်းတွေကို ငဲ့မကြည့်မိတော့။

ခြေသံကိုလည်း နားမစွန့်။ နားစွန့်မိပြန်လျှင်လည်း ရင်ခုန်ခြင်းကို ရပ်တန့်စေနိုင်သည့် နှုတ်ဆက် စွန့်ခွာသော သောကခြေသံသာ ဖြစ်လိမ့်မည်။

ကမ္ဘာပေါ်တွင် အတူ နင်းခွင့်ရထားသူနှစ်ဦးကို ဝေးကွာစေလိုက်ခြင်းက,တော့ လက်ထပ်စာချုပ်လို စာရွက်စာတမ်းများသာ ဖြစ်သည်။

ဒါပေမဲ့ . . တကယ်တမ်း ခံစားကြည့်မည်ဆိုလျှင်တော့ . . ကျွန်တော်တို့ နှစ်ယောက်စလုံး ကမ္ဘာပေါ်မှာသာ တည်ရှိနေကြပါသေးသည်။

ဘယ်သူမှ မမြင်ရတဲ့

ဆုံဆည်းခြင်းတစ်ခုက,တော့

သတိရခြင်းပေါ့ အချစ်ရယ် . . တဲ့





ကျွန်တော် ရေးထားဖူးတဲ့ ကဗျာလေးလေ . . ဒါပေမဲ့ ခိုင့်ကို ကျွန်တော် သတိရပိုင်ခွင့် မရှိ။ ဘာအခွင့်အရေးမှ မရှိတော့။ ဘာဖြစ်လို့လဲဆိုတော့ . . ။

ခိုင်က . . တစ်စုံတစ်ယောက်၏ ပိုင်ဆိုင်ခြင်းကို တရားဝင် ခံယူရတော့မည်လေ . . . ။



www.burmeseclassic.com

www.burmeseclassic.com



(၂၇)

"ခင်ကေခိုင်က မင်္ဂလာဆောင်ကို နင်မလာတဲ့အတွက် ကျေးဇူးတင်ပါတယ်တဲ့ . . ရော့ . . နင့်တို့သူပေးခိုင်းလိုက်တာ . ."

အဝါရောင် လက်ကိုင်ပဝါလေးကို တအံ့တဩမြင်ရသည်။

"ငါမလိုချင်ဘူး ခင်မာလာ . .။ ဒါ သူ့ကို ငါ ပြန်ပေးပြီးသား"

"မယူလို့ မဖြစ်ဘူး ဝေယံလင်း . . သူသေသေချာချာ ပေးခိုင်းလိုက်တာ မင်္ဂလာပွဲတုန်းက အဲဒီလက်ကိုင်ပဝါလေးကို သူ တစ်ချိန်လုံးကိုင်ထားတယ် . .။ အခမ်းအနားပြီးတော့ ငါ့ကိုလာပေးတာ။ ဪ မိတ္တူကူးထားတဲ့ ကဗျာစာရွက်တွေပါ ပေးလိုက်သေးတယ် ရော့ . ."

တစ်စစီဖြစ်သွားသော ကဗျာစာရွက်လေးတွေကို သတိရသည်။





"ရော့ . . ယူပါဟာ။ သူ့ကို ပြန်ပေးဖို့ မလွယ်ဘူး။ သူ့အမျိုးသားနဲ့ ဟိုကိုလိုက်သွားပြီး အောင်စာရင်းထွက်မှ ပြန်လာမှာ"

ကဗျာစာရွက်လေးများနှင့် လက်ကိုင်ပဝါလေးကို လှမ်းယူလိုက်သည့် ကျွန်တော့်လက်ချောင်းများတွင် မည်သည့်ခံစားမှုမျှ မရှိစေချင်တော့ချေ။ ထုံကျင်နေသည်ဟု ခံစားချင်၏။

ခိုင် . . .

ဒီစာဟာ နင့်ဒေါသတွေကို တူးဆွသလိုဖြစ်ခဲ့ပြန်ရင် ငါ့ကို ခွင့်လွှတ်ပါဦးဟာ။ အမှားတစ်ခုကို ထပ်ပြီးကျူးလွန်မိသလို ဖြစ်နေလိမ့်ဦးမယ်လို့ ငါထင်တယ်။ ဒါပေမဲ့ ပြောချင်တာကိုတော့ ပြောခွင့်ရပါရစေ။

. . . . . . . . . . . . . . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . . . . . . . . . . . . . .။

မိတ္တူကူးထားသော ကဗျာစာရွက်များအကြားမှာ ဒုတိယနှစ်ဘက်ရောက်ခါစက ခိုင့်ကို ကျွန်တော်ပေးခဲ့သော စာတစ်စောင်ကို မိတ္တူခင်ရောင်ဖြင့် တွေ့လိုက်ရသည်။ တအံ့တဩ လှမ်းမောသွားစေ၏။ ဒါသမဲ့ မျက်လုံးကို မှိတ်ပြီး လွမ်းမောစိတ်ကို ခါထုတ်ပစ်လိုက်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခိုင်ရယ် . . ငါ့မှာ လွမ်းမောခွင့်မရှိ။

အဝါရောင်လက်ကိုင်ပဝါလေးကို တယုတယ ကိုင်တွယ်ရင်း အပြာရောင်စာရွက်လေးနှင့်အတူ မိတ္တူစာရွက်လေးများကို တစ်ပွေ့တစ်ပိုက် သယ်ဆောင်ရင်း အင်းလျားကန်ဘက်သို့ တကူးတကသွားခဲ့သည်။

အင်းလျားရေပြင်ထဲမှာ အဝါရောင် လက်ကိုင်ပဝါလေးတစ်ထည်၊ စာလေးတစ်စောင်၊ မိတ္တူကူးထားသော ကဗျာစာရွက်များ၊ ပြီးတော့ . . .

ဆရာကန်ဇ်တော့ပွဲနေ့က ခိုင့် ဓာတ်ပုံပါသဖြင့် ဖြတ်ယူထားသော သတင်းစာ စက္ကူလေးတစ်ရွက်၊ ပြီးတော့ အသည်းနှလုံးတစ်ခု နစ်မြုပ်သွားသည်ကို မည်သူမျှ မသိလိုက်ကြ။

အကယ်၍များ အင်းလျားရေတွေ ခမ်းခြောက်သွားခဲ့လျှင် . . အင်းလျားကန်ဘောင်အတွင်း၌ အသည်းနှလုံးတစ်ခု ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် အထင်အရှားရှိနေသည်ကို တွေ့မြင်ပေလိမ့်မည်။

ရင်တွင်းမှ ဥသြငိုသံကြားရ၏။





အသည်းကွဲခြင်းအထိမ်းအမှတ်

အသည်းကွဲခြင်း အထိမ်းအမှတ်အဖြစ်
မျက်ရည်ကျလိုက်ရုံနဲ့
လုံလောက်ပါ့မလားကွယ်။
မြစ်ခြား . . ချောင်းခြား
အသည်းနှလုံးခြင်း ကွာခြားသွားမှာ
အကြောက်ဆုံးပါပဲ။
ဝေးကွာသွားပြီ ဆိုကတည်းက
သတင်းစကားလေးတစ်ခွန်းတစ်စလောက်
ကြားနာရဖို့
မျှော်လင့်နေချင်မိတယ်။
အငြိုးကြီးလွန်းလှတဲ့
ဝဋ်ကြွေးသံသရာထဲမှာ
မျှောပါ ကူးခတ်နေကြသူချင်းအတူတူ
ကိုယ့်အဖြစ်က
ပိုလို့တောင် ကံဆိုးနေပါသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မဆက်ဘူးကွယ်
ကောင်းကင်ကို အဆုံးသတ်တဲ့အထိ
ပြန်ဆုံမယ့် မျှော်လင့်ချက်တွေ
ရှိနေချင်တယ်။
ဒါပေမဲ့ . . .
ပြန်မဆုံချင်တော့ဘူး။
ဘယ်သူမှ မမြင်ရတဲ့
ဆုံဆည်းခြင်းတစ်ခုက,တော့
သတိရခြင်းပေါ့ အချစ်ရယ်။
ဒါပေမဲ့ . . .
သတိမရချင်တော့ဘူး။
အသည်းကွဲခြင်း
အထိမ်းအမှတ်အဖြစ်
ည ပေါင်းများစွာမှာ . . .
(ကိုယ်တစ်ယောက်တည်း)
အိပ်ဆေးမသောက်ဘဲ အိပ်ပြမယ်။
တကွဲတပြားစီပေါ့ကွယ် . . .။





ကျွန်တော် မဟာသိပ္ပံ-ဆက်မတက်သည့်ကိစ္စကို တင်ထွန်း အပြစ်ဖို့သည်။ ခိုင်နှင့်မျက်နှာချင်းမဆိုင်သင့်တော့သည်ကို ကျွန်တော် အကြောင်းမပြ။ ပညာရေးကို စိတ်မပါတော့သယောင်ပြုပြီး အခြား အကြောင်းများပြ၍သာ မုသားဆိုရ၏။ မလုံခြုံသောမုသားဟု တင်ထွန်း သိပေလိမ့်မည်။

"မင်းသာ မဟာသိပ္ပံဆက်တက်ရင် ခင်ကေခိုင်
နဲ့ တကယ့်သူငယ်ချင်းတွေ ဖြစ်သွားကြမှာပါ"

နှုတ်ခမ်းလှုပ်ရုံပြုံးမိသည်။

"ငါကတော့ ဘယ်အချိန်ဘယ်ကာလပဲရောက်
ရောက် ဟိုတုန်းကလိုပဲ စိမ်းစိမ်းကားကား ရှိနေပါစေ
ဆုတောင်းတယ်။ သူ့ရင်ထဲကို ငါမြင်လိုက်ချိန်မှာ . ."

စကားကို မဆက်ဖြစ်တော့ . . ဆက်၍မရတော့။ ရင်နင့်ခြင်း ကင်းအောင် အသက်ကို တစ်ဝရှူပစ်လိုက်သည်။

ဖြတ်ကနဲဝင်လာသော ခိုင့်ပုံရိပ်ကို ကြိုးစား၍ ဖျောက်သည်။ မုန်းနေသော ခိုင်၊ စိမ်းနေသော ခိုင်၊ မာကျောလွန်းသော ဟို တုန်းက ခိုင့်မျက်နှာထားကိုသာ တမင်ဖန်တီး၍ မြင်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းလက်မှ

စိမ်းလက်စနှင့်

စိမ်းလျက်သာ

စိမ်းလိုက်ပါတော့ ခိုင် . . ။

သဲစပ်တွင် ရေးလိုက်မိသော ထိုစာကြောင်းများကိုပင် အလျှင်အမြန် ဖွဖွရွရွ ဖျက်ပစ်လိုက်ရ၏။

ခိုင် . . နားလည်လိမ့်မည် ထင်ပါသည်။





(၂၄)

နယ်မြို့လေးတစ်မြို့၏ တွဲဖက်အလယ်တန်းကျောင်းတွင် ကျွန်တော် ကျောင်းဆရာလုပ်ခဲ့သည်။ တွဲဖက် အလယ်တန်းကျောင်းကို သီးခြားအလယ်တန်းကျောင်းအဖြစ် ကျွန်တော် ဆောင်ရွက်ခဲ့သည်။

အမှန်အတိုင်း ဝန်ခံရလျှင် စိတ်ပြေလက်ပျောက် ပြုလုပ်ခဲ့သော အလုပ်တစ်ခုသာဖြစ်သည်။ ဒါပေမဲ့ လူအများနှင့် ပတ်သက်သော အလုပ်ကို လုပ်ရင်း၊ လူအများ၏ ဘဝတွေကို စိတ်ဝင်စားဖြစ်သောအခါ ထိုဘဝတွေ၏ အနာဂတ်အတွက် ကျွန်တော် ပူပန်တတ်လာသည်။ စိုးရိမ်တတ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် နေထိုင်ခဲ့ရာ၊ နယ်မြို့လေး၏ သာယာဝပြောစေမည့်ကိစ္စ၊ ဖွံ့ဖြိုးတိုးတက်စေမည့် ကိစ္စတွေကို မည်သူမျှတာဝန်မပေးဘဲ ဆောင်ရွက်တတ်ခဲ့သည်။

ဆရာဖြစ်သင်တန်း တက်ရောက်အပြီး အခြားအလယ်တန်းကျောင်းတစ်ကျောင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ စီစဉ်ကာစတွင် ဖေဖေဆုံးပါးသည်။ ရှေ့ဆင့်နောက်ဆင့် မေမေပါဆုံးပါးသည်။

ကြွင်းကျန်ရစ်သော စည်းစိမ်ဥစ္စာတွေကို ကျွန်တော်မည်သို့ အသုံးပြုရမည်မှန်းမသိ။ ထိုဖြတ်သန်းခဲ့ရသော ကာလအတွင်း သူငယ်ချင်းများနှင့် တကွဲတပြား။

ကျွန်တော့်ဆုံးဖြတ်ချက်ဖြင့် ကျွန်တော် 'ဝေယံလင်းရိပ်' ဟူသော အမည်ဖြင့် ကျူရှင်တစ်ခုဖွင့်လှစ်သည်။ တစ်စတစ်စ ပညာရေးဝန်ဆောင်မှုလုပ်ငန်းဟူ၍ ပိုမိုကျယ်ပြန့်စွာလုပ်ကိုင်နိုင်ခဲ့သည်။

နွမ်းပါးသူ ဆင်းရဲသားများအတွက် သီးသန့်တန်းခွဲတစ်ခုကို စီစဉ်ထားသေးသည်။ အခမဲ့သင်ကြားစေသည်။ ထိုတန်းခွဲကို သင်ကြားသည့် ဆရာ-ဆရာမများအားလုံး စေတနာ သဒ္ဓါတရားဖြင့်သာ သင်ကြားစေသည်။

အသက်အရွယ်၊ အချိန်ကာလ၊ အခြေအနေယန္တရားအတွင်း





၌ ချစ်ခြင်းတရားဟူသည် ခွေးသွားစိပ်လေးတစ်ခုမျှပင် အရာမဝင်တော့။

တစ်ခုတော့ ဝန်ခံချင်သည်။

တစ်ကိုယ်တည်း၊ တစ်ယောက်တည်း၊ အလုပ်ကိစ္စများမှ ကင်းလွတ်လျက် အပမ်းဖြေအနားယူသည့် အချိန်တစ်ခုခုမှတော့ . . .

ချစ်ခြင်းတရား၏ အင်အားထုထည်သည် ရင်၌ လျော့နည်းသွားခြင်း မရှိသေး။ ပုန်းလျှိုးကွယ်လျှိုးဖြင့် တန်ခိုးကြီးမားနေဆဲပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၂၅)

ဆရာဦးကျော်မြင့်ထွန်းက စီးကရက် အသစ်တစ်လိပ်ကို မီးညှိပြီး . . .

"ဆောရီးပဲ ကိုဝေယံလင်းရယ် . ."

"ဘာကိုလဲဆရာ" ဟု၊ ကျွန်တော် မေးသည်။ ဆရာဦးကျော်မြင့်ထွန်းက စီးကရက် မီးခိုးငွေ့တွေကို မှုတ်ထုတ်ပြီး . . .

"ဩော် . . ကျွန်တော့်ကို ပြောပြရတာနဲ့ ဆရာကိုဝေယံလင်းရင်ထဲမှာ ဒဏ်ရာဟောင်းတစ်ခုခု ပြန်ပေါ်လာသလားလို့ပါ။ ခံစားရတဲ့ အကြောင်းကို နားထောင်ရတာ စိတ်မကောင်းလို့ . ."

"ကြာပါပြီဗျာ . . ရင်ထဲမှာ ကင်းကင်းစင်စင် မပျောက်တာတောင် မွှန်းတည့်နေလို မပြင်းထန်တော့ဘူးပေါ့"





ဆရာကျော်မြင့်ထွန်းက . . .

"တကယ်ပြောတာပါ ဆရာ။ ဆရာ့ဇာတ်လမ်းနားထောင်ရတာ ကျွန်တော်တောင် ငိုချင်တယ် . ."

ဖြေသိမ့်စွာ ကျွန်တော် ပြုံးလိုက်သည်။

"ဆရာက ငိုချင်စိတ်ပဲ ဖြစ်တာပါ။ ကျွန်တော်နဲ့ ခိုင်က တကယ်ငိုခဲ့ကြတာ"

သတိမရစေရန် အာရုံလွှဲထားရသည်။

"ပြန်မတွေ့ကြတော့ဘူးလား ဆရာ . . ခိုင့်ကိုရော တခြားသူငယ်ချင်းတွေကိုရော . ."

"သူငယ်ချင်းတွေနဲ့တော့ အဆက်အသွယ်ရှိပါတယ်။ခဏခဏတော့ မဆုံဖြစ်ကြဘူးပေါ့ . .။ တင်ထွန်းနဲ့ ခင်မာလာက မော်လမြိုင်တက္ကသိုလ်မှာ . .။ ထင်ပေါ်က မိန်းထဲမှာ။ မင်းမင်းက,တော့ အလှပြင်ဆိုင် ဖွင့်ထားတယ်လို့ ကြားတာပါပဲ။ ခိုင် အဲ . . ခင်ကေခိုင် သတင်းက,တော့ ကျွန်တော်လည်းမစုံစမ်းဘူး သိတဲ့လူတွေကိုလည်း စကားဟခွင့် ကျွန်တော် မပေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဆရာရယ်။ ဆရာတို့က အမုန်းနဲ့ လမ်းခွဲခဲ့ကြတာမှ မဟုတ်တာ"

ကျွန်တော် ခေါင်းခါသည်။ ပြီးမှ . . .

"အချစ်ဦး ရည်းစားဦးအကြောင်းကို လူတော်တော်များများက လွမ်းလွမ်းဆွေးဆွေး မြိန်မြိန်ယှက်ယှက် ပြောတတ်ကြတယ်။

သူတစ်ပါးရဲ့ အိမ်ရာကို ဝစီကံနဲ့ဖြစ်မှားသလိုဖြစ်မှာစိုးလို့ ကျွန်တော်က,တော့ သတင်းလည်းမကြားအောင် နေတယ်။ စကားထဲထည့်မပြောမိအောင် ဆင်ခြင်ခဲ့တယ် ဆရာ"

ထိုစဉ် . . .

မျိုးအောင်လှိုင်နှင့် အမျိုးသမီးကြီးတစ်ဦး ဝင်လာ၏။ မျိုးအောင်လှိုင်၏ အဘွားဟု၊ ထင်သည်။

"အန်တီက မျိုးအောင်လှိုင်ရဲ့အိမ်နီးချင်းပါ





သူ့ဘွားဘွားက ကိုယ်စားလွှတ်လိုက်တာ ဆိုပါတော့။ အိမ်မှာက လူမမာတစ်ယောက်ကို စောင့်နေတာမို့ လူခွဲမရှိဘူးပေါ့ ဆရာရယ် . ."

မျိုးအောင်လှိုင်ကို တစ်ချက်ကြည့်ပြီး ကျွန်တော်က . . .

"ဒါဆို မျိုးအောင်လှိုင်ပြောတာက အမှန်တွေပေါ့"

မျိုးအောင်လှိုင်ပြောခဲ့သမျှ မိသားစု အခြေအနေတွေကို . . ကျွန်တော် မေးမြန်းကြည့်မိသည်။ အားလုံးဟုတ်မှန်ကြောင်း အဖြေရ၏။

"သူ့ဘွားဘွားက ဖုန်းထဲကနေပဲ ဆရာတို့ကို အစီရင်ခံမလို့ပါပဲ . . ဒါပေမဲ့ မလေးစားရာကျမှာစိုးလို့ အန်တီကိုယ်တိုင် လိုကလာရတာ . ."

"အပြစ်က ကြီးကြီးမားမား မဟုတ်ပါဘူး"

အလုံးစုံကို ကျွန်တော် ပြောပြသည်။

"အုပ်ထိန်းသူတွေကိုယ်တိုင် သိထားသင့်တယ်လို့ ယူဆပြီး ကျွန်တော်အခေါ်လွှတ်လိုက်တာပါ။

ကလေးတစ်ယောက်ရဲ့ ပညာရေးတိုးတက်ဖို့က ဆရာရော မိဘရော တာဝန်ရှိတယ်လေ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ။ လိုအပ်တာရှိရင် အန်တီနဲ့ မှာလိုက်ပါ"

"အင်း . . မှာစရာတော့ ထွေထွေထူးထူး မရှိတော့ပါဘူး။ မျိုးအောင်လှိုင်ကလည်း ဆိုးဆိုးပေပေမှ မဟုတ်ဘဲ . . ။

အိမ်မှာလည်း လူမမာရှိတယ်ဆိုတော့ လူမမာကိုပဲ ဂရုစိုက်ပါ။ ဒီကလေးကို ကျွန်တော် တာဝန်ယူပါတယ်လို့ ပြောပေးပါ"

"ဟုတ်ကဲ့ ဆရာ ပြောပြလိုက်ပါ့မယ်။ ကျေးဇူးတင်ပါတယ်"

ထိုအမျိုးသမီးကြီးက သူ့ကိုယ်ပိုင်ကားဖြင့် လိုက်လာခြင်းဖြစ်သည်။ ထိုအမျိုးသမီးကြီး ပြန်သွားပြီးသည့် နောက်မှာတော့ ကျွန်တော်နှင့် မျိုးအောင်လှိုင်တို့ အပေးအယူတစ်ခု ပြုလုပ်ဖြစ်ကြသည်။





"ဆယ်တန်းမှာ . . ဂုဏ်ထူးတွေ တစ်သီကြီးနဲ့ အောင်မယ်ဆိုရင် မင်းလိုချင်တဲ့ ဖလင်လိပ်ကို အောင်စာရင်းထွက်ထွက်ချင်း ကိုယ့်ဆီမှာလာယူ။ ဘယ့်နှယ့်လဲ"

မျိုးအောင်လှိုင် ဈေးဆစ်သည်။

"တသီကြီး ပါမပါတော့ ကျွန်တော် အာမမခံနိုင်ဘူးဆရာ . . ဒါပေမဲ့ အနည်းဆုံး ဂုဏ်ထူးနှစ်ဘာသာ ပါရမယ်လို့တော့ စိန်ခေါ်ရဲတယ်။

ဖလင်လိပ်ကိုတော့ . . အောင်စာရင်းထွက်တဲ့အထိ စောင့်မယူချင်ဘူးဆရာ။ စာမေးပွဲဖြေပြီးပြီးချင်း နောက်ဆုံးဘာသာ ဖြေပြီးပြီးချင်း လိုချင်တယ်"

"မင်း မဖြေနိုင်ဘဲ ကိုယ်ဘယ်ပေးနိုင်မလဲ"

"စာမေးပွဲခန်းထဲက ထွက်ထွက်ချင်း ဖြေခဲ့သမျှတွေကို ဆရာ ပြန်စစ်ပေးပါ။ ဆရာ ပြန်စစ်ဆေးလို့ အရည်အချင်းမမီဘူးဆိုရင် အဲဒီ ဖလင်လိပ်ကိုရော၊ ကင်မရာကိုရော၊ ကျွန်တော့်ကိုရော ဆရာကြိုက်သလို အရေးယူပါ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သဘောကျစွာ ရယ်မိသည်။ ပြီးမှ . .

"ဖလင်လိပ်ထဲက ကာယကံရှင် မိန်းကလေးကို ထိခိုက်မယ်ဆိုရင်တော့ ကိုယ်ခွင့်ပြုမှာ မဟုတ်ဘူးနော် ဘာကိုမှ ခွင့်ပြုမှာ မဟုတ်ဘူး"

"စိတ်ချပါ ဆရာ . . ဒီဖလင်လိပ် ကျွန်တော့်အတွက် ဘယ်လောက်အရေးကြီးတယ်ဆိုတာ ဆရာကို ပြောပြပြီးမှ ကျွန်တော်လုပ်ချင်ရာကို ဆက်လုပ်မှာပါ"

"ကောင်းပြီလေ . . မင်းဘက်က အပြင်းအထန်ကြိုးစားရလိမ့်မယ်"

ဖလင်လိပ်ကို ယခုမှ ကျွန်တော်ပို၍ စိတ်ဝင်စားခဲ့သည်။





စာမေးပွဲ မစစ်ခင်ကာလ၊ စာမေးပွဲ စစ်နေသည့်ကာလတွင် ကျွန်တော်အပါအဝင် 'ဝေယံလင်းရိပ်' ပညာရေးအကျိုးဆောင်လုပ်ငန်းအတွင်းရှိ ဆရာ-ဆရာမ၊ ဝန်ထမ်းအားလုံး ပင်ပင်ပန်းပန်းရှိကြသည်။ သို့သော် ပင်ပန်းသည်ဟု မထင်ကြ။

စစ်ထွက်တိုက်ကြမည့် သူရဲကောင်းလေးများကို ချပ်ဝတ်တန်ဆာ အပြည့်အစုံ၊ လက်နက်အပြည့်အစုံ၊ ကိုယ်စွမ်းဉာဏ်စွမ်း အပြည့်အစုံရှိစေရန် စီမံပေးကြရသဖြင့် ပီတိစိတ်အဟုန်သည် ပြင်းထန်စွာတည်ရှိ၏။ အောင်ပွဲရစွာပြန်လာမည့် သူရဲကောင်းလေးများ၏ မျက်နှာတို့ ရင်ခုန်စောင့်စားရသည့် ရသသည် တကယ့် မိခင်ဖခင်များနှင့်တူဖြစ်တည်ခဲ့ကြောင်း . . .

ကျွန်တော် အကြိမ်ကြိမ် ကြုံတွေ့ခံစားခဲ့ရသည်။

ပုံမှန်တန်းခွဲများတွင် တက်ရောက်သင်ကြားသွားကြသော . . ကျောင်းသား ကျောင်းသူများအားလုံး ညှက်လုံကောင်းကြလိမ့်မည်ဟု ကျွန်တော် ထင်မြင်မျှော်လင့်သည်။ ပုံမှန်တန်းခွဲများတွင် တာဝန်ယူသင်ကြားပေးခဲ့ရသည်မှာ ဇီဝဗေဒ ဘာသာရပ်တစ်ခုတည်း။

ကျောင်းအိပ်ကျောင်းစား နေထိုင်ဖြေဆိုမည့်သူများအတွက်ကျတော့ ဘာသာစုံကိစ္စကို တာဝန်ယူထားရသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်္ချာဘာသာဖြေဆိုသည့်နေ့အထိ ဤအဆောင်အတွင်းရှိသော ကျောင်းသားကျောင်းသူများအားလုံး ဖြေဆိုနိုင်ကြသည်ဟု ကြားသိရ၏။

"ဆရာ"

ဆရာဦးကျော်မြင့်ထွန်းက ကျွန်တော့်ကို လေသံသဲ့သဲ့ဖြင့် ခေါ်သည်။ ကျောင်းသားကျောင်းသူများအားလုံး မနက်ဖြန်ဖြေဆိုမည့် ဘာသာရပ်အတွက် သင်ကြားလေ့ကျင့်နေကြသည်။ မနက်ဖြန်ဖြေဆိုရမည့် ဘာသာက သိပ္ပံတွဲ။

ဆရာဦးကျော်မြင့်ထွန်းနှင့် မျက်နှာချင်းဆိုင်တွင် ကျွန်တော် ထိုင်လိုက်၏။

"မျိုးအောင်လှိုင်ရဲ့အဒေါ် အန်တီမေဆိုတာ ဆုံးသွားပြီတဲ့ ဆရာ"

"ဟာ . . ဟုတ်လား။ ဘယ်တုန်းက ဆုံးတာလဲ ဆရာ"

"ဒီနေ့ မနက်ပဲ ဆုံးတာတဲ့"

မျိုးအောင်လှိုင်၏မျက်နှာလေးကို ကျွန်တော်မြင်ယောင်သည်။

"မျိုးအောင်လှိုင် သိသွားပြီလား ဆရာ"





"ကျွန်တော် အသိမပေးသေးဘူး . . အသိပေးသင့် မပေးသင့် ဆရာနဲ့တိုင်ပင်ဦးမလို့။ သူ့အဘွားကိုတော့ ပြောလိုက်တယ်။ စာမေးပွဲ နောက်ဆုံးနေ့မှပဲ ကောင်လေးကို အသိပေးချင်တယ်လို့"

"အဲဒီနေ့ သင်္ချိုဟ်မယ့်နေ့ပေါ့နော်"

"ဟုတ်တယ် ဆရာ။ ညနေ သုံးနာရီမှာ သင်္ချိုဟ်မှာ"

ကျွန်တော် သက်ပြင်းချမိသည်။

"အသိမပေးသေးတာဘဲ ကောင်းပါတယ် ဆရာရယ်။ မနက်ဖြန်ကစပြီး သူ့ဘေးနားမှာ ဆရာ နေပေးလိုက်ပါ။ သတင်းစာတွေကို လုံလုံခြုံခြုံ သိမ်းထားလိုက်ပါဆရာ။

သူ့စာမေးပွဲဖြေပြီးမှပဲ ကျွန်တော် အသိပေးပြီး ရှာပနအထိ လိုက်မယ်"

ဦးကျော်မြင့်ထွန်း ခေါင်းညိတ်သည်။

"တခြားဘယ်သူ့ကိုမှ ပြောပြမနေပါနဲ့တော့ဗျာ . . ။ စာမေးပွဲမပြီးခင်ဘယ်ကမှ မကြားစေချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

အံဆွဲအတွင်းရှိ ကင်မရာလေးကို ကျွန်တော် ယုတ်ကြည့်မိသည်။ မင်္ဂလာမဲ့သော စကားတစ်ခွန်းကို ပြောထွက်ဖို့ ကျွန်တော် အားမွေးရပေဦးမည်။





(၂၆)

မောင်မျိုးအောင်လှိုင်မျက်နှာသည် စာမေးပွဲဖြေဆိုနေရသော နေ့တိုင်းတွင် ပင်ပန်းနွမ်းနယ်သည်ဟု မထင်ရ။ ပျော်ရွှင်တက်ကြွနေဟန်ရှိသည်။

ကျွန်တော့်မှာတော့ သူ့ကိုကြည့်၍ စိတ်မကောင်းဖြစ်ရသည်။ အန်တီမေဟုခေါ်သော သူ့အဒေါ်၏ နာရေးသတင်းကို သွားရင်းလာရင်း တစ်နေရာရာကများ ကြားသွားမလား။ ကျွန်တော် စိုးရိမ်သည်။

စိတ်ထိခိုက်စရာနှင့် မကြုံစေချင်သောကြောင့် ထိမ်ချန်ကွယ်ဝှက်ထားရသည့်အတွက် ရင်ထဲစို့နင့်နေ၏။

"တီ"

"ဝေယံလင်းရိပ်ကလားရှင်"

ရွယ်တူအမျိုးသမီးတစ်ယောက် အသံ။

"ဟုတ်ပါတယ်" ဟု ကျွန်တော် ပြောသည်။

"ကျွန်မ မျိုးအောင်လှိုင်ရဲ့ အိမ်ကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဟုတ်ကဲ့အမိန့်ရှိပါ"

"မနက်ဖြန်ညနေ သုံးနာရီမှာ သူ့ အန်တီမေ အသုဘချမယ်။ အဲဒါ သူ့ကို အသိပေးပြီးမပြီး သိချင်လို့ပါ"

"ကျွန်တော် အသိမပေးသေးပါဘူးခင်ဗျာ။ သူ စာမေးပွဲဖြေနေပါတယ်။ မနက်ဖြန်တစ်ဘာသာပဲ ကျန်ပါတော့တယ်။

ကျွန်တော် သူ့ဆရာပါ။ စာဖြေနေရင်း စိတ်ထိခိုက်သွားမှာစိုးလို့ မနက်ဖြန် နောက်ဆုံးဘာသာဖြေပြီးမှပဲ ကျွန်တော် အသိပေးဖို့ စဉ်းစားထားပါတယ်။ မနက်ဖြန် ကျွန်တော် ကိုယ်တိုင်လည်း လိုက်ခဲ့ပါ့မယ်"

"ကျေးဇူးတင်ပါတယ် ကျွန်မကလည်း ကလေးကို အသိပေးလိုက်မှာ စိုးလို့ပါ။ ဆရာစီစဉ်တာ မှန်ပါတယ်။ ကျွန်မက ဆုံးသွားတဲ့အမျိုးသမီးရဲ့ သူငယ်ချင်းပါ။ နယ်ကအခုမှ ရောက်တာမို့ ကလေးအခြေအနေ သိချင်လို့ ဖုန်းဆက်တာပါ"

"သူစာမေးပွဲလည်း ဖြေနိုင်ပါတယ်။ မနက်ဖြန်





သူစာမေးပွဲပြီးပြီးချင်း သူ့အန်တီမေကိစ္စကို အသိပေးဖို့ . . ကျွန်တော်တောင် မနည်းအားမွေးရမှာ။ စိတ်ထဲမကောင်းဘူးဗျာ"

"ကျွန်မတို့ လာကြိုဖို့လိုမလားဆရာ"

"ရပါတယ်ဗျာ။ အဲဒီက ကိစ္စလေးတွေသာ စီစဉ်ပေးလိုက်ပါ။ မောင်မျိုးအောင်လှိုင်ကိစ္စကို စိတ်ချထားလိုက်။ ကျွန်တော် တာဝန်ယူပါတယ်"

"သူက သူ့အန်တီမေကို သိပ်ချစ်ရှာတာ။ ချက်ချင်း အသိမပေးလို့ သူစိတ်ထိခိုက်ပြီး ဆရာ့အပေါ် ပြောမှား ဆိုမှား တစ်ခုခုများဖြစ်မလားလို့ . ."

"ရပါတယ်ဗျာ . . ကလေးပဲ။ ကျွန်တော် နားလည်ပေးနိုင်ပါတယ်။ ကျွန်တော့်ကိုလည်း သူခင်ပုံရပါတယ်"

"ဟုတ်ကဲ့ ဆရာ။ ကျေးဇူးပါပဲ"

"ဩော် ဘယ်မှာသဂြိုလ်မှာလဲ ခင်ဗျာ"

". . . . . . . . . . . . . ."

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



စကားပြောခွက်ကို လွှတ်ချလိုက်မိသည်။

လွှတ်ကျသွားသည် ထင်၏။

"ဘာစဉ်းစားနေတာလဲ" ဟု၊ ဆရာဦးကျော်မြင့်ထွန်း မေး၏။

"ဒီလိုပါပဲဗျာ . . ။ မျိုးအောင်လှိုင်ကိစ္စပေါ့။ ဒါပေမဲ့ ကျွန်တော် စဉ်းစားနေတာက ခုနကဖုန်းဆက်တဲ့ အမျိုးသမီးရဲ့အသံ"

"အသံ ဘာဖြစ်လို့လဲ ဆရာ"

"သူ့လေယူလေသိမ်းကို ကြားဖူးသလိုပဲဗျာ"

"တစ်ယောက်ယောက်နဲ့ တူနေလို့လား"ဟု ဦးကျော်မြင့်ထွန်း မေးသည်။

"မစဉ်းစားတတ်ဘူးဗျာ . . ကြားဖူးသလိုလို့ရှိတာတော့ အမှန်ပဲ"

အပေါ်ထပ်မှ စာကျက်သံသဲ့သဲ့ကို ကြားရ၏။

"မိန်းကလေးဆောင်က ကျောင်းသူတွေရော ဖြေနိုင်ကြရဲ့လား" ဟု၊ ဦးကျော်မြင့်ထွန်းကို ကျွန်တော် မေးသည်။

"တစ်ယောက်စ နှစ်ယောက်စတော့ ဂုဏ်ထူးမှတ်မဝင်ဘူး"





"ဖြစ်တတ်ပါတယ်။ စိတ်ဓာတ်တွေတော့ မကျဘူး မဟုတ်လား"

"မကျဘူး ဆရာ။ တက်တက်ကြွကြွပါပဲ"

"ကျွန်တော် ခဏနားဦးမယ်" ဟု၊ ပြောပြီး ဒရင်းဘက်ပေါ်တွင် လှဲလိုက်သည်။ မနက်ဖြန်ကို ရင်ဆိုင်နိုင်အားနည်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



(၂၇)

အဝတ်အစားတွေ စာအုပ်တွေထည့်ထားသော သားရေအိတ်ကြီးကို စာပွဲပေါ်တွင်ထောင်သည်။ ကျွန်တော့်ရှေ့တွင် ထိုင်သည်။

ကျွန်တော့်ကို ပြုံးပြီးကြည့်သည်။ ပြုံးလျက် . . ကျွန်တော့်ရှေ့တွင် ညာလက်ဝါးကိုဖြန့်သည်။

အပြစ်ကင်းစင်သော သူ့အပြုအမူလေးကို ကြည့်လျက် ပြုံးကာ . . .

"ဘာလိုချင်လို့လဲ မောင်မျိုးအောင်လှိုင်"

ဖြန့်ထားသောလက်ကို ပြန်ရုတ်ပြီး . . .

"ဩော် မေ့သွားလို့ ဆရာ၊ ဆရာ ကျွန်တော့်ကို စာစစ်ရဦးမှာပဲ"

သားရေအိတ် ဘေးဇစ်ဆွဲသည်။ မေးခွန်းစာရွက်ခေါက်ကို ကျွန်တော့်ထံသို့ ပေးရင်း . . .





"ဖြေပြီးခဲ့တဲ့ ဘာသာတွေအကုန်လုံး ဆရာ။ ကျွန်တော့်ကို ပြန်စစ်၊ မြန်မြန်တော့ စစ်ပေးပါ ဆရာ။ ကျွန်တော် အိမ်ကိုအရမ်းပြန်ချင်နေတယ်။ ပြီးတော့ ဖလင်လိပ်လေးကို အမြန်လိုချင်နေတယ်"

မေးခွန်းစာရွက်လေးကို မျိုးအောင်လှိုင်ရှေ့တွင် ကျွန်တော် ချပေးသည်။ အံဆွဲကို ဖွင့်သည်။ ကင်မရာကို ထုတ်သည်။ ကင်မရာအတွင်းမှ ဖလင်လိပ်လေးကို ထုတ်ယူပြီး ကင်မရာနှင့်အတူ ဖလင်လိပ်ကိုပါ မျိုးအောင်လှိုင်အား ကျွန်တော် ပေးသည်။

မျိုးအောင်လှိုင်က ဖလင်လိပ်လေးကို တစ်ဖက်၊ ကင်မရာကို တစ်ဖက်က ကိုင်ထားရင်း . . .

"ကျွန်တော့်ကို စာမစစ်တော့ဘူးလား ဆရာ"

ကျွန်တော် လက်မှနာရီကို ကြည့်လိုက်သည်။ နေ့လည် ဆယ့်နှစ်နာရီခွဲအတိ။

"ကဲ မောင်မျိုးအောင်လှိုင် ထ, မင်းကို ကိုယ်လိုက်ပို့မယ်"

ပြောပြောဆိုဆို ကျွန်တော် အရင်ထသည်။

"ကျွန်တော့်ကို စာစစ်ဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းအများကြီးဖြေနိုင်တယ်ဆိုတာ ကိုယ်သိတယ်။ ကဲ . . ကဲ မင်းကို ကိုယ်လိုက်ပို့မယ်။ အမြန်လာ အချိန်သိပ်မရှိဘူး"

သူ့သားရေအိတ်ကြီးကို ကျွန်တော် မ,ဆွဲတော့မှ သူထိုင်ရာမှ ထသည်။

သနားကရုဏာသက်စွာ လှမ်းကြည့်နေသော ဆရာဦးကျော်မြင့်ထွန်းကို မျိုးအောင်လှိုင်ခမြာ သတိမပြုနိုင်တော့။

ကားအတွင်း ကျွန်တော် အရင် ဝင်ရောက်နေလိုက်သည်။

"ဆရာ"

မျိုးအောင်လှိုင်က ဖလင်လိပ်လေးကို ကိုင်ပြလျက် . . .

"ဆရာ တခြားသွားစရာရှိရင် သွားလေ . . ကျွန်တော့်ကို အနော်ရထာလမ်းမှာပဲ ချထားပေးပါ"

"ကိုယ်သွားစရာ ဘာမှမရှိဘူး။ မင်းက ဘယ်





ဝင်ချင်သေးလို့လဲ"

"ကျွန်တော် ဓာတ်ပုံဝင်ကူးချင်လို့"

"နောက်မှ ကူးပါကွာ။ ဒီမှာ အချိန်မရှိတော့ဘူး"

"ဆရာကလည်း သွားစရာဘာမှမရှိဘူးလည်း ပြောတယ်။ အချိန်မရှိတော့ဘူးလည်း ပြောတယ်"

ရယ်လျက် . . .

"ဆရာ သွားစရာရှိတာ သွားပါ။ ကျွန်တော် ဘာသာ အိမ်ကိုအမြန်ဆုံးပြန်ပို့ပါ့မယ် စိတ်ချပါ"

တစ်ခွန်းချင်း တဖြေးဖြေး နားချပြောပြရမည့်ကိစ္စကို တစ်ခွန်းတည်း ဝုန်းကနဲ ဒိုင်းကနဲ ကျွန်တော် မပြောရက်။

ပြောလည်းမထွက်။

"ဓာတ်ပုံကူးတာ . . နောက်မှကူးလို့ မဖြစ်ဘူးလား"

ခေါင်းရမ်းသည်။

"အချိန်ဘယ်လောက်ကြာမလဲ"

"နာရီဝက်လောက်ပဲ ကြာမယ်ဆရာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံပိုပေးပြီး အလောသုံးဆယ်ကူးခိုင်းမှာ"

အနော်ရထာလမ်းဘက်သို့ ကားကို ချိုးကွေ့လိုက်သည်။ မျိုးအောင်လှိုင်၏ မျက်နှာလေးကို မကြည့်ဖြစ်အောင် ကျွန်တော်နေသည်။

လက်မှနာရီကို ကျွန်တော် ခဏခဏကြည့်သည်။ နေ့လည် တစ်နာရီ ဆယ့်ငါးမိနစ်တွင် ဓာတ်ပုံများကို ကိုင်ဆောင်လျက် မျိုးအောင်လှိုင် ကားထဲသို့ ဝင်ထိုင်သည်။

"မင်း ဟိုကောင်မလေးပုံ၊ ဘယ်နှစ်ပုံရိုက်ယူခဲ့လဲ"

"ရိုက်လို့ရတာ ဆယ်ပုံ၊ ဒါပေမဲ့ ငါးပုံက မှုန်ဝါးဝါးဖြစ်သွားတယ် ဆရာ။ ငါးပုံပဲ ကောင်းတယ်"

ကျွန်တော် ကားစက်နှိုးရင်း . . .

"အဲဒီပုံတွေကို မင်းဘာလုပ်ဖို့လဲ၊ ဆရာ ပြောပြီးပြီနော် မင်း အဲဒီကောင်မလေးကို မနှောင့်ယှက်ရဘူး"





"စိတ်ချပါ ဆရာ"

"မင်း အဲဒီဓာတ်ပုံကို ဘာလုပ်မှာလဲ ကိုယ့်ကို ပြော"

ကားကို လက်ယာဘက်သို့ ချိုးကွေ့လိုက်သည်။

"ပြောလေ . . မင်းဘာလုပ်ဖို့လဲ"

"အန်တီမေ့ကို ပြဖို့"

"မင်း အန်တီမေမှ မရှိတော့ဘဲ" ဟု မပြောမိသေး။

"မင်း အန်တီမေက အဲဒီကောင်မလေးကို သိလို့လား"

"ဟင့်အင်း မသိပါဘူး"

"ကိုယ့်ကို အဲဒီဓာတ်ပုံပြစမ်း"

"မကြည့်ပါနဲ့ ဆရာရယ်၊ ကျွန်တော် အန်တီမေနဲ့ အဲဒီကောင်မလေးမျက်နှာနဲ့ တူတယ်ဆရာ၊ တူလို့ ကျွန်တော်က ဓာတ်ပုံရိုက်လိုက်တာ။ ရိုက်ပါရစေလို့ ခွင့်တောင်းတာ မရိုက်ရဘူးဆိုလို့ ကျွန်တော်က . . အတင်းလုရိုက်တာ"

"ရိုက်ပြီး ဘာလုပ်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကားကို အရှိန်မြင့် မောင်းလိုက်သည်။

"အိပ်ရာထဲမှာလဲနေတဲ့ အန်တီမေ့ကို ပြမလို့၊ အန်တီမေနဲ့တူတဲ့ ကောင်မလေးကို သား ဓာတ်ပုံနိုး ရိုက်လာတယ်လို့ ပြောပြီး အန်တီမေပျော်သွားအောင် ပြချင်တာပါ ဆရာ"

"အဲဒီဓာတ်ပုံ ကိုယ်ကြည့်ချင်တယ်"

"ကြည့်လို့မဖြစ်ဘူးဆရာ"

"ဘာကြောင့်မဖြစ်တာလဲ . . ပြောဦးလေ"

"ပြောလို့မဖြစ်ဘူး ဆရာ"

"ဟာ . . မင်းက လျှို့ဝှက်ချက်တွေ များလှ ချည်လား"

မျိုးအောင်လှိုင် မလုံလဲစွာပြုံးသည်။

"မင်း အန်တီမေကို မင်းသိပ်ချစ်တာပဲလား"

"ချစ်တာပေါ့ ဆရာ၊ အန်တီလိုရော၊ မေမေ လိုရော ချစ်လို့ အန်တီမေလို့ ခေါ်တာ"

"မင်း အန်တီမေနာမည် ဘယ်သူလဲ"

"အန်တီမေက မပြောဖို့မှာထားတယ် ဆရာ"





"ဘယ်လို"

ကားကို အရှိန်အနည်းငယ်လျှော့သည်။

"မင်း . . ကိုယ့်ကို တစ်ခုခုများ ဖုံးကွယ်ထား သလား မျိုးအောင်လှိုင်။ အခုချိန်ဟာ ဖုံးကွယ်ရတော့ မယ့် အချိန်မဟုတ်တော့ဘူး။ မင်း . ."

စကားလုံးတွေက ထွက်မလာ။ ကျွန်တော့်ရင်ထဲ တလှပ်လှပ် ဖြစ်နေ၏။ မျိုးအောင်လှိုင်က ကျွန်တော် သူ့ကိုစိတ်ဆိုးသည်ဟု ထင် သွားပုံရ၏။

"ကျွန်တော့်ကို စိတ်မဆိုးပါနဲ့ဆရာ၊ ကျွန်တော် ပြောနိုင်သလောက် ပြောပြပါ့မယ်။ ဆရာ့ကို ကျွန်တော့် အန်တီမေက သိပါတယ်"

"သိတယ် ဟုတ်လား"

"ဟုတ်တယ် ဆရာ။ ဆရာဝေယံလင်းဆိုတာ သူသူငယ်ချင်းတဲ့၊ ဆရာဝေယံလင်း တချိုရှင်မှာ သွား တက်မှ အန်တီစိတ်ချမယ်တဲ့။

ဆရာဝေယံလင်းက အရမ်းတော်တာတဲ့၊ စိတ် နှလုံးလည်း ဖြူစင်တယ်တဲ့။ အဲဒီလို သူငယ်ချင်းမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



အန်တီမေ အကြိမ်ကြိမ်စော်ကားခဲ့ဖူးတယ်တဲ့။

အဲဒါကြောင့် ဆရာ့ကျောင်းမှာတက်ရင် သူ့နာမည်ကိုလုံးဝမပြောပါနဲ့တဲ့၊ ဆရာက သူ့ကိုစိတ်နာနေပုံရတယ်တဲ့၊ အန်တီ့နာမည်ပြောလိုက်တာနဲ့ သားကို ကျောင်းထုတ်လိမ့်မယ်တဲ့ ဆရာ"

ကားလက်ကိုင်ခွေကို ကျွန်တော် သတိကြီးစွာ ထိန်းသိမ်းရသည်။ ရင်တစ်ခုလုံးသည် ဆောက်တည်ရာမရ။

"ရော့ . . ဆရာ ကျွန်တော်ခိုးရိုက်ခဲ့တဲ့ ကောင်မလေးရဲ့ပုံ"

ဓာတ်ပုံကို ကျွန်တော် လှမ်းယူသည်။

"ဟာ"

ကျွန်တော် ကားကို အရှိန်မြှင့်သည်။ လက်ယာဘက်သို့ ချိုးကွေ့လိုက်သည်။ ဗိုလ်ချုပ်လမ်းမီးပွိုင့်ကိုဖြတ်။ ပြီးနောက် . . .

ကားရှင်းရာ လမ်းကျဉ်းတို့ ရွေး၍ ကားကို တဟုန်ထိုးမောင်းထွက်ခဲ့တော့သည်။

ဓာတ်ပုံထဲက ကောင်မလေးကို ကျွန်တော်မသိ။ သတိမပြုမိခဲ့။ သို့သော် သူ့နှုတ်ခမ်းထောင့်စွန်းလေးတွေမှာ မှဲ့နက်ကလေးတွေ





တစ်ဖက်တစ်ချက် တစ်လုံးစီ။ ပြီးတော့ အပေါ်နှုတ်ခမ်း၏ နှုတ်ခမ်းချိုင့်တွင် နောက်ထပ်မှဲ့တစ်လုံး။

"ခိုင်"

မင်းအန်တီမေ နာမည် ခင်ကေခိုင်လားဟု၊ ကျွန်တော် မမေးရဲတော့။ မမေးဝံ့တော့။ "ဟုတ်တယ် ဆရာ၊ အန်တီမေ့နာမည် ခင်ကေခိုင်" ဟု၊ ဖြေဆိုမည့် မျိုးအောင်လှိုင်၏ အဖြေစကားကို မကြားဝံ့တော့။ မျက်ဝန်းတွင် စပ်ဖျဉ်းဖျဉ်းဖြစ်လာသည်။ (ခိုင်မဟုတ်ပါစေနဲ့)

မျိုးအောင်လှိုင်ထံသို့ ဓာတ်ပုံကိုပြန်ပေးလိုက်သည်။ ကျွန်တော့်လက်တွေ တုန်ယင်နေသည်ကို ကျွန်တော့်ဘာသာသိသည်။

"အန်တီမေ့နှုတ်ခမ်းမှာ အဲဒီလိုမှဲ့လေးတွေ သုံးလုံးရှိတယ်။ ဒီကောင်မလေးရဲ့ ဓာတ်ပုံကို အန်တီမေမြင်ရင် သိပ်သဘောကျသွားမှာ။

အန်တီမေဆို ဆရာသိလားဟင် . . အန်တီမေ့နာမည်က"

"မပြောနဲ့ မပြောနဲ့" ဟု၊ ကျွန်တော် အယောင်ယောင်အမှားမှား အော်ပစ်လိုက်မိသည်။ ရင်သည် တစ်စစ မောဟိုက်လာ၏။

"မျိုးအောင်လှိုင်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ . . ဆရာ"

"ဘယ်နှစ်နာရီ ထိုးပြီလဲ"

လက်မှ နာရီကို ကြည့်သည်။

"နှစ်နာရီထိုးတော့မယ် ဆရာ"

"အခု ကိုယ်မောင်းနေတာ မင်းရဲ့အိမ်ကို ဦးတည်နေတာ မဟုတ်မှန်း မင်းမသိဘူးလား"

"သိတော့ သိတယ် ဆရာ။ ဆရာ တခြားဝင်စရာရှိသေးသလားလို့"

"ကိုယ်တခြားသွားစရာ မရှိဘူး။ မင်း အန်တီမေရှိတဲ့ နေရာကိုသွားမလို့"

ကျွန်တော် ရင်တွင်းစို့နင့်နေသည်။

"အန်တီမေက . ."

မေးကြောတွေကို တင်းလျက် . . .

"မင်း အန်တီမေ ဆုံးသွားပြီ"

"ဗျာ"

"အေး. . အခုညနေသုံးနာရီ ကြံတောသုသာန်မှာ အသုဘချမယ်။ အဲဒီကိုမှီဖို့ ကိုယ်အမြန်ဆုံးမောင်း





နေတာ . . မင်းမသိဘူးလား"

"မသိဘူးဆရာ"

မျိုးအောင်လှိုင် ငိုသည်။

"မင်း . . လမ်းမှာအချိန်ဖြုန်းတယ်"

"ကျွန် . . ကျွန်တော် မသိလို့ပါဆရာ။ ကျွန်တော် မသိဘူး"

မျိုးအောင်လှိုင် အော်ငိုသည်။

ကျွန်တော် မငိုမိအောင်ထိန်းသည်။

"မင်း စာမေးပွဲ အနှောင့်အယှက်ဖြစ်မှာစိုးလို့ ငါ . . ငါမပြောဘဲ နေ့,နေရတာကွ။ မင်း အန်တီမေ ဆုံးဆုံးချင်း အသိမပေးတဲ့အတွက် မင်း ငါ့ကို အပြစ်တင်စမ်း မျိုးအောင်လှိုင် . . အပြစ်တင်စမ်း"

မျိုးအောင်လှိုင် မျက်ရည်များစို့ရွဲလျက် ခေါင်းခါသည်။

"ဆရာ့ကို ကျွန်တော် အပြစ်မတင်ဘူး။ ဆရာ့စေတနာကို ကျွန်တော် သိတယ်"

ဓာတ်ပုံများကို ငုံ့ကြည့်ရင်း . . .

"သားပြချင်တဲ့ ဓာတ်ပုံတွေ အန်တီမေ့ကို မပြ



www.burmeseclassic.com

www.burmeseclassic.com



ရတော့ဘူး . . အန်တီမေ . . အန်တီမေ”

ကျယ်လောင်စွာ အော်ဟစ်ငိုကြွေးသည်။

ခိုင် မဟုတ်ပါစေနဲ့ . . ဟု၊ ကျွန်တော့်မှာ ဆုတောင်းနိုင်စွမ်း

ရှိတော့။



BURMESE CLASSIC .com



(၂၈)

သူသဉ်၏ အဝင်ဝတွင်ကားကို ထိုးရပ်လိုက်သည်။ ကားရပ်ရာသို့ အမျိုးသမီးတစ်ဦး ရောက်လာသည်။

“ဝေယံလင်း”

ကျွန်တော် လှည့်ကြည့်မိသည်။ ထိုအမျိုးသမီးကို တွေ့လိုက်ရသည့်အတွက် ကျွန်တော့်ဆုတောင်းတွေ အရာမထင်တော့ဟု၊ သိလိုက်ရ၏။

“ခင်မာလာ”

မျိုးအောင်လှိုင်ကို အဘွားဖြစ်သူက ခေါ်သွားသည်။

“မျိုးအောင်လှိုင်ရဲ့ ဆရာဆိုတာ နှင်ကိုး ငါမနေ့က ဖုန်းဆက်သေးတယ်”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခေါင်းညိတ်သည်။

"နင်ဘယ်လိုလုပ်သိတာလဲ ခင်မာလာ"

"ငါ သတင်းစာထဲမှာ တွေ့တာ . . တင်ထွန်းလည်း ပါလာတယ်"

"ငါ . . ငါအခုမှသိတာ ခင်မာလာ"

"ဘယ်လို"

"မျိုးအောင်လှိုင်ရဲ့အဒေါ်ဆိုတာ အန်တီမေလို့ပဲ ငါသိတယ်။ ခိုင်လို့ ငါမသိခဲ့ဘူး။ ငါ ခိုင့်ကိုတွေ့ချင်တယ် . . ခိုင့်ဆီသွားရအောင်"

စည်ကားလွန်းသည့် ဈာပနဟု ခပ်လှမ်းလှမ်း အကွာအဝေးမှ ကြည့်ရင်းသိသည်။

"ခိုင် ဘာရောဂါဖြစ်တာလဲ"

"ကင်ဆာ . . အသည်းကင်ဆာ"

ခိုင်နှင့်ပတ်သက်သမျှ ကျွန်တော် မျက်ရည်ထိန်း၍မရ။

"ဘာဖြစ်လို့ နင်သူ့ကို အဆက်အသွယ်ဖြတ်ထားရတာလဲ"

"အဆက်အသွယ်ဖြတ်တာ မဟုတ်ပါဘူးဟာ





မသင့်လျော်ဘူးထင်လို့ ငါမစုံစမ်း မဆက်သွယ်ခဲ့တာပါ"

"သူ ငါ့ကိုစာရေးတယ် ဝေယံလင်းက သူ့ကို စိတ်နာနေမှာပါတဲ့။ သူ့ဘဝ အိမ်ထောင်ရေးရော . . ကျန်းမာရေးရော ထိခိုက်တာတွေဟာ နင့်ကိုစော်ကားမိလို့ ဝဋ်လိုက်နေတာတဲ့"

"မဟုတ်ပါဘူး ခင်မာလာရယ် . . ခိုင် ငါ့ကို စော်ကားခဲ့တယ်လို့ ငါဘယ်တုန်းကမှ မယူဆခဲ့ပါဘူး။ ခိုင့်ကို ငါစကားတွေ ပြောချင်လိုက်တာဟာ"

ကျွန်တော့် မျက်ရည် ပါးပြင်ပေါ် သို့ကျသည်။ ခင်မာလာက ချက်မှန်ချွတ်လျက် မျက်ရည်သုတ်သည်။ ဟိုမှာ ခိုင် အိပ်စက်လဲလျောင်းရာ ဈာပန။

"ငါ သစ္စာတည် မတည် ငါ သေတဲ့အချိန်မှာ နင်လာကြည့်လှည့်ပေါ့ ခိုင်"

"ငါက အရင်သေသွားရင်ကော . . ."

"နင် သေသွားရင်လည်း နင့်အနားကို ငါလာတဲ့အခါ ငါ့ရင်ထဲမှာ သစ္စာတရားပါမလာရင် မဲ့ပြုံလိုက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ခိုင်"

ခိုင်ပြုံးနေသည်။

ကျွန်တော့်ကို နှုတ်ဆက်ခဲ့သော အပြုံး။ ကျွန်တော့်ကို စွန့်ခွာခဲ့သည့် နောက်ဆုံးလက်ဆောင်။

မဲ့နက်လေးသုံးလုံးသည် ယခင်အတိုင်း တောက်ပလျက် ရှိ၏။ မျက်တောင်ကော့များသည် ယခင်အတိုင်း ပျံ့သန်းလျက်။ မှိတ်ထားသော မျက်လုံးကို ပြန်လည်နိုးကြားစေချင်သည်။ ငါ နင့်ကို ဘယ်တုန်းကမှ စိတ်မနာပါဘူး ခိုင်ရယ်ဟု၊ နိုးထစေသော စွမ်းပကားဖြင့် ပြန်လည်လှုပ်နှိုးကာ ပြောပြဖွင့်ဟချင်သည်။

အနီးသို့ တင်ထွန်းနှင့် ထင်ပေါ်တို့ ရောက်လာကြ၏။ ဂူသွင်းသဂြိုဟ်မည်ဟု၊ သိရသည်။ ခင်မာလာက ကျွန်တော့်နံဘေးတွင် လာရပ်ပြီး ခိုင့်ကို ငေးကြည့်နေသည်။

"ခင်မာလာ"

ခင်မာလာ ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော့်မျက်လုံးတွေ နီရဲနေလိမ့်မည် ထင်၏။

"ခိုင့်လက်ထဲက ဘာစာရွက်တွေလဲဟင်"

ခင်မာလာက ကျွန်တော့်ကို အသေအချာကြည့်သည်။





လေသံသဲ့သဲ့ဖြင့် . . .

"ဘာစာရွက်တွေလို့ နင်ထင်သလဲ"

ကျွန်တော် ခေါင်းငုံ့လျက်နေပြီး ခါရမ်းမိသည်။

"နင့်ကဗျာတွေလေ .. မိတ္တူကူးထားတဲ့ ကဗျာတွေ"

နှုတ်ခမ်းကိုဖိကိုက်ထားပါလျက် မျက်ရည်တွေကို ထိန်း၍မရ။

"သူ့ခေါင်းအုံးအောက်မှာတွေ့လို့ သူ့လက်ထဲကို ငါထည့်ပေးလိုက်တာ"

ခင်မာလာ ငိုရှိုက်သံကျယ်လောင်သွားသည်။

ကျွန်တော် မျက်လုံးမှတ်ပစ်လိုက်သည်။ ကျွန်တော့်မျက်ရည်တွေ ခိုင့်လက်ဖမိုးလှလှလေးပေါ်သို့ ပြိုကျသွား၏။

"ခိုင်ရယ် . . . . . . ."

အချစ်၏ မျက်နှာကို ပီသစွာ မမြင်ရတော့ . . ။ ။



www.burmeseclassic.com

www.burmeseclassic.com



အရှင့်မျက်နှာတော်ကို ငါ ဖူးမြော်ဝါ၏။

ထိုအခါတွင် ငါ့မျက်လုံး၌

မျက်ရည်တို့ ရစ်ဝဲကုန်၏။ ။

(ရာဘင်ဒြာနသ်တဂိုး)

လေးစားခင်မင်လျက်,

မောင်လှမျိုး (ချင်းချောင်းမြ)



BURMESE CLASSIC .com

www.burmeseclassic.com